# ရှမွေလ ဓမ္မရာဇဝင်

သင်ခန်းစာ တစ်

ရှမွေလ ဓမ္မရာဇဝင် မိတ်ဆက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံသမိုင်း ........ 2

**ကျမ်းရေးသူ** ........ 2

အစဉ်အလာ ရှုမြင်ချက်များ ........ 3

ဝေဖန်ဆန်းစစ်သော အမြင်ရှုထောင့်များ ........ 4

ဧဝံဂေလိ ယုံကြည်သူတို့၏ ရှုမြင်ချက်များ ........ 7

**ရက်စွဲ** ........ 10

**အခြေအနေများ** ........ 13

ပုံစံ ဒီဇိုင်း ........ 14

**ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ** ........ 16

ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ( ၁ဓမ္မ ၁-၇) ........ 17

ရှောလုဘုရင်၏ ကျရှုံးသော အုပ်စိုးမှု (၁ ဓမ္မ ၈- ၂ ဓမ္မ ၁) ........ 20

ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု (၂ ဓမ္မ ၂-၂၄) ........ 23

**လွှမ်းမိုး ခြုံငုံနေသော ရည်ရွယ်ချက်** ........ 27

ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ........ 35

**ဘုရားသခင့် ပဋိညာဉ်များ** ........ 36

ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ( ၁ဓမ္မ ၁-၇) ........ 37

ရှောလုဘုရင်၏ ကျရှုံးသော အုပ်စိုးမှု (၁ ဓမ္မ ၈- ၂ ဓမ္မ ၁) ........ 37

ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု (၂ ဓမ္မ ၂-၂၄) ........ 38

**ဘုရားသခင်၏ နိုင်ငံတော်** ........ 40

နိုင်ငံတော်စတင်ခြင်း ........ 45

ဆက်လက်လုပ်ဆောင်ခြင်း ........ 45

ပြီးပြည့်စုံခြင်း ........ 46

နိဂုံး ........ 47





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကြီးကျယ်မြင့်မြတ်သော အရာများကို အစပြုလုပ်ဆောင်ပြီး မအောင်မြင်မှုနှင့်သာ အဆုံးသတ်ရသည့် ခေါင်းဆောင်များအကြောင်း တစ်ကြိမ် တစ်ခါတော့ ကျွန်ုပ်တို့ အများစု ကြားဖူးပြီး ဖြစ်ကြသည်။ ဤသို့ ဖြစ်သည့်အခါ ရှေ့ဘာဆက်ဖြစ်မည် ဆိုသည့်အပေါ် ကျွန်ုပ်တို့ မကြာခဏ သိလိုစိတ် တဖွားဖွားဖြစ် ကျန်ရစ်တတ်သည်။ ယနေ့ ကျွန်ုပ်တို့က ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်ဟု ခေါ်ဆိုကြသည့် ဓမ္မဟောင်းစာစောင်ကို မူလပထမ လက်ခံရရှိခဲ့သည့် ရှေး ဣသရေလတို့လည်း များစွာ အလားတူ ဖြစ်ခဲ့သည်။ ဒါဝိဒ်မင်း၏ တော်ဝင် သားမြေးများသည် သူတို့၏ နိုင်ငံကို တည်မြဲစေပြီး ဘုရားသခင့် အုပ်စိုးမှုကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်ကြလိမ့်မည် ဆိုသည့်အကြောင်းကို သူတို့သိထားခဲ့ပြီး ဖြစ်ကြသည်။ သို့သော် အချိန်ကြာခဲ့သည်နှင့်အမျှ ဒါဝိဒ်နှင့် သူ့အိမ်သားတို့ ကျရှုံးသွားခဲ့ကြပြီး ဣသရေလလူအများတို့လည်း ရှေ့ဆက် ဘာဖြစ်မည်ဆိုသည်ကို သိလိုစိတ် တဖွားဖွား ဖြစ်ကျန်ခဲ့ကြသည်။ ဒါဝိဒ်နှင့် သူ့သားမြေးတို့သည် ဣသရေလတို့အား စုံစမ်းနှောက်ယှက်ခြင်းများစွာ ကြုံစေခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင်ရေးသူက ဝိညာဉ်တော် အားဖြင့် သိမှတ်ဝန်ခံထားခဲ့သည်။ သို့သော် ဒါဝိ၏ အိမ်ထောင်မိသားစုသည် ဣသရေလထံ ကြီးကျယ်သော ကောင်းချီးမင်္ဂလာများကို ဆက်လက် ယူဆောင်လာပြီး ဘုရားသခင့် နိုင်ငံတော်ကိုလည်း ကမ္ဘာတလွှား ဖြန့်ကျက်ဦးမည် ဆိုသည်ကို ပြန်လည်ခိုင်မာစေရန် စာရေးသူသည် တိကျသေချာသော ဝေါဟာရများကို သုံးကာ သူ့စာစောင်ကို ရေးခဲ့သည်။

ဤသင်ခန်းစာသည် ကျွန်ုပ်တို့၏ *ရှမွေလ ဓမ္မရာဇဝင်* သင်ခန်းစာ စာစဉ်ထဲမှ ပထမ သင်ခန်းစာဖြစ်ပြီး "ရှမွေလ ဓမ္မရာဇဝင် မိတ်ဆက်" ဟု ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာထဲတွင် ဒါဝိဒ် အိမ်ထောင်စုသို့ ဘုရားသခင် ထားသော ကတိတော်များအပေါ် ရှေး ဣသရေလတို့ ဆက်လက် မျှော်လင့်ချက်ထားကြဖို့ ဤစာစောင်က မည်သို့ တောင်းဆိုခဲ့သည်ကို ပထမဦးစွာ ကျွန်ုပ်တို့ လေ့လာကြပါမည်။ ထို့ပြင် ဘုရားသခင့် နိုင်ငံတော်၏ အနာဂတ်အတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက် ရှိသမျှအား ဒါဝိဒ်၏ ကြီးမြတ်ပြီး စုံလင်ဖြောင့်မတ်သော သားတော် ယေရှု၌ ချထားရန် ကျွန်ုပ်တို့အား ၎င်းက မည်သို့ အားပေးတိုက်တွန်းထားသည်ကိုလည်း ကျွန်ုပ်တို့ လေ့လာကြပါမည်။

ကျွန်ုပ်တို့ ရှေ့မဆက်မီ ယနေ့ ခရစ်ယာန် အားလုံးလိုလိုက ကျမ်းစာ၏ ဤအပိုင်းကို တစ်စောင် မဟုတ်၊ *နှစ်စောင်* အဖြစ် ရည်ညွှန်းကြကြောင်း ကျွန်ုပ်တို့ သိထားသင့်ပါသည်။ ထို့ကြောင့် *စာစောင် အား* ရှမွေလ ဓမ္မရာဇဝင်ဟု ခေါ်ခြင်းသည် အစပထမတွင် ထူးဆန်းသယောင် ထင်ရသည်။ သို့သော် တတိယ ရာစုခန့်က အိုရီဂျင်နှင့် စတုတ္ထ ရာစုခန့်က ဂျေရုမ်း တို့၏ အရေးအသားများအရ ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင် တို့သည် မူလပထမက မခွဲခြားသော စာစောင်တစ်ခု ဖြစ်ခဲ့သည်။ ဖြစ်နိုင်သည်မှာ ဓမ္မဟောင်းကျမ်းကို ရှေးဟေလသလို ဘာသာပြန်ဆိုထားသည့် ဆက်ပ်ကျူအေးဂျင့်ဟု



*ဗီဒီယိုများ၊ လေ့လာမှု လမ်းညွှန်များနှင့် အခြားသော အရင်းအမြစ်များစွာတို့အတွက် http://thirdmill.org/scribd သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။*

ခေါ်သည့် ကျမ်းအတွင်း ရှေး ပေစာလိပ်များ၏ အကန့်အသတ်အတိုင်း ဝင်ဆန့်စေရန်အတွက် နှစ်အုပ်အဖြစ် ပထမဆုံး ခွဲလိုက်ခဲ့ပုံ ရသည်။ ကျွန်ုပ်တို့ သိသလောက် ရှမွေလ ဓမ္မရာဇဝင်ကို နှစ်အုပ်ဖြစ်အောင် ခွဲထားသည့် ပထမဆုံးဟေဗြဲ ကျမ်းစာကို အေဒီ ၁၆ ရာစုအစောပိုင်းကာလ တစ်ချိန်ချိန်၌ အလွန် နောက်ကျစွာ ပုံနှိပ်ခဲ့သည်။ အဆိုပါအကြောင်းများကြောင့် ဓမ္မရာဇဝင် စာစောင်များအဖြစ် မယူဆဘဲ ရှေးဟေဗြဲလူတို့၏ ဓလေ့ကို လိုက်၍ ရှမွေလ ဓမ္မရာဇဝင် စာစောင် အဖြစ်သာ ပြောဆိုကြပါမည်။ သီးသန့် အခန်းကြီးများနှင့် အခန်းငယ်များကို ကျွန်ုပ်တို့ ရည်ညွှန်းဖော်ပြသည့်အခါမှသာ ကျွန်ုပ်တို့၏ စာစောင်အား ၁ ဓမ္မနှင့် ၂ ဓမ္မ တို့အဖြစ် ကျွန်ုပ်တို့ ရည်ညွှန်းဖော်ပြကြပါမည်။

ကျွန်ုပ်တို့၏ ရှမွေလ ဓမ္မရာဇဝင် စာစောင် မိတ်ဆက်ကို အပိုင်းသုံးပိုင်း ခွဲခြားပါမည်။ ပထမ ဦးစွာ ကျွန်ုပ်တို့၏ စာစောင် နောက်ခံသမိုင်းကြောင်းကို လေ့လာဖော်ထုတ်ကြပါမည်။ မည်သူက ရေးခဲ့ပါသနည်း။ မည်သည့်အချိန်တွင်နည်း။ ဒုတိယအားဖြင့် စာစောင်ကို လွှမ်းမိုးခြုံငုံနေသော ပုံစံ ဒီဇိုင်းကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ရှမွေလ ဓမ္မရာဇဝင်ကို မည်သို့ရေးခဲ့သနည်း။ အဘယ်ကြောင့် ရေးခဲ့သနည်း။ တတိယအားဖြင့် စာစောင်အား ခရစ်ယာန် ရှုထောင့်မှ မည်သို့ လက်တွေ့ အသုံးချမည်ကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ယနေ့ ကျွန်ုပ်တို့အတွက် ဤစာစောင်သည် မည်သည့်အဓိပ္ပာယ် ဆောင်ပါသနည်း။ ရှမွေလ ဓမ္မရာဇဝင် စာစောင်ကို နားလည်ရန် မသိမဖြစ်အခြေခံကျသော နောက်ခံသမိုင်း ဆိုင်ရာ အရေးအရာအချို့ဖြင့် အစပြုကြပါစို့။

# နောက်ခံသမိုင်း

---

ကျွန်ုပ်တို့ စာစောင်၏ နောက်ခံသမိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာ သုံးရပ်အပေါ် ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။ ၎င်းတို့မှာ စာရေးသူ၊ ရေးချိန်၊ ထိုအချိန်က ဘုရားလူတို့၏ အခြေအနေများ စသည်တို့ ဖြစ်ကြသည်။ ပထမဦးစွာ ရှမွေလ ဓမ္မရာဇဝင် စာရေးသူကို ဦးစွာကြည့်ကြပါစို့။

## ကျမ်းရေးသူ

ခရစ်တော်နှင့် ကိုယ်တော်၏ ပထမရာစု တမန်တော်များ၊ ပရောဖက်များ၏ သက်သေခံချက်များအရ ရှမွေလ ဓမ္မရာဇဝင် စာစောင်ကို သန့်ရှင်းသော ဝိညာဉ်တော် မှုတ်သွင်းခဲ့ကြောင်း ခရစ်ယာန်များက မှန်ကန်စွာ ယုံကြည်ကြသည်။ ထို့ကြောင့် ၎င်းကို မည်သူရေးခဲ့သည် ဖြစ်စေ၊ ဤစာစောင်၏ ဘုရားပေးအခွင့်အာဏာသည် ခေတ်အဆက်ဆက် လူတို့အပေါ်၌ သက်ရောက်လျက် ရှိနေသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဤစာစောင်ကို ရေးသားရန် သန့်ရှင်းသော ဝိညာဉ်တော်က လူသားပုဂ္ဂိုလ် တစ်ဦးကို တိုက်တွန်းနှိုးဆော်တော်မူခဲ့သဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုသူကိုယ်တိုင်အပါအဝင် အခြားသော ဣသရေလတို့ သူတို့ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အခြေအနေများကို ၎င်းစာစောင်က ကိုင်တွယ်ဖြေရှင်းထားခဲ့သည်။ လူသားကျမ်းရေးသူအကြောင်း ကျွန်ုပ်တို့ သိနားလည်လေလေ၊ ဘုရားက သူ့လူများအား အဘယ်ကြောင့် ရှမွေလ ဓမ္မရာဇဝင် စာစောင် ပေးရသည်ကိုသာမက ဤစာစောင်အား ဘုရားက ကျွန်ုပ်တို့အသက်တာအတွက် မည်သို့ လက်တွေ့ အသုံးချစေလိုသည်တို့ကိုပါ ကျွန်ုပ်တို့ ဆုပ်ကိုင်မိလေလေ ဖြစ်သည်။

ရှမွေလ ဓမ္မရာဇဝင်ရေးသူကို လေ့လာဖော်ထုတ်ရန် ရှေး အစဉ်အလာ အမြင်တို့ဖြင့် ကျွန်ုပ်တို့ စကြပါစို့။ ထို့နောက် ယနေ့ လက်ခံထားကြသည့် ဝေဖန်ဆန်းစစ်သော အမြင်များကို ကျွန်ုပ်တို့ အကျဉ်းဖော်ပြကြပါမည်။ အဆုံးတွင် ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ကို ဦးဆောင်သွားမည့် လတ်တလော ဧဝံဂေလိ အမြင်များစွာဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ပထမဦးစွာ ကျွန်ုပ်တို့ စာစောင်၏ ကျမ်းရေးသူနှင့် စပ်လျဉ်း၍ အစဉ်အလာ အမြင်တို့ကို စဉ်းစားကြည့်ကြပါစို့။

## အစဉ်အလာ ရှုမြင်ချက်များ

ရှမွေလ ဓမ္မရာဇဝင် ကျမ်းရေးသူနှင့် စပ်လျဉ်းသော ရှေး ဂျူးနှင့် ခရစ်ယာန်တို့၏ အစဉ်အလာ ယုံကြည်မှုတို့အား *ဘေဘီလိုနီးယန်း တဲလ်မွတ်ဒ်* ဟုခေါ်သည့် အစဉ်အလာ ရဗ္ဗိုင် ဘာသာရေး ဆရာကြီးများ၏ ဝေဖန်သုံးသပ်ချက် ဋီကာများနှင့် သြဝါဒများတွင် တွေ့ရသည်။ ဓမ္မဟောင်း ကျမ်းစာစောင်များ အကြောင်း အမေး အဖြေ စာစဉ်ပါရှိသော *ဘာဘာ ဘာသရာ စာတမ်း အခန်း ၁၄ (ခ)* တွင် ဤ စကားရပ်များကို ကျွန်ုပ်တို့ ဖတ်ရသည်။

> ရှမွေလသည် သူ့အမည်ခံသော စာစောင်ကို ရေးသားခဲ့ပြီး
> တရားသူကြီးမှတ်စာနှင့် ရုသဝတ္ထုတို့ကိုလည်း ရေးသားခဲ့သည်။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသည့်အတိုင်း ရှေး ရဗ္ဗိုင် ဘာသာရေးဆရာကြီးများသည် ကျွန်ုပ်တို့၏ စာစောင်နှင့်တကွ တရားသူကြီး မှတ်စာနှင့် ရုသဝတ္ထုတို့၏ စာရေးသူအဖြစ် ရှမွေလကို သတ်မှတ်ထားခဲ့ကြသည်။ ဓမ္မဟောင်းကျမ်းစာစောင်တို့နှင့် ထင်ရှားပေါ်လွင်သော ပရောဖက် ပုဂ္ဂိုလ်တို့ကို ဆက်စပ်တွဲဖက်ပေးလေ့ရှိသည့် ရှေး ဂျူးနှင့် ခရစ်ယာန်တို့၏ အလေ့အထကို ဤရှုထောင့် အမြင်က ထင်ဟပ်နေသည်။

တဲလ်မွတ်ဒ် ၏ အဆိုပြုချက်အား ရှေးယခင်က ကျယ်ကျယ်ပြန့်ပြန့် လက်ခံခဲ့ကြသော်လည်း ဤ ရှုထောင့်အမြင်ကို ထောက်ခံသည့် အပြုသဘော အထောက်အထားမှာမူ မရှိသလောက်ပင် ဖြစ်နေသည်။ ယခုတွင် ၁ ရာချုပ် ၂၉:၂၉ အရ *ပရောဖက် ရှမွေလ၏ ကျမ်းစာ* ဟု ရည်ညွှန်းဖော်ပြထားသည့် ကျမ်းစာများ ရှိနေခဲ့ကြောင်းကို ကျွန်ုပ်တို့ ဖော်ပြရပါလိမ့်မည်။ သို့သော် အဆိုပါ ကျမ်းချက်သည် ရာဇဝင်ချုပ်များထဲတွင် ဖော်ပြပါရှိသည့် "ပရောဖက် နာသန်၏ ကျမ်းများ"၊ "ပရောဖက် ဂဒ်၏ ကျမ်းများ" ကဲ့သို့ ဓမ္မဟောင်း ကျမ်းရင်းထဲ အပါအဝင် မဟုတ်သည့် ကျမ်းများနှင့် များစွာ အလားတူသည့် ပရောဖက် ရှမွေလ၏ ပရောဖက်ပြုချက်ပေါင်းချုပ် တစ်ခုကို အဓိက



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရည်ညွှန်းနိုင်ချေ ရှိသည်။ သို့သော် ကျွန်ုပ်တို့ စိတ်ထဲ အမြဲရှိနေရမည့်အချက်မှာ ၂ ဓမ္မ ထဲ နောက်ပိုင်း ဖော်ပြထားသည့် အဖြစ်အပျက်များစွာ မတိုင်မီ ၁ဓမ္မ ၂၅း၁ က ရှမွေလအနိစ္စရောက်ချိန်ကို ပြနေသည်။ သို့ဖြစ်၍ "ရှမွေလကျမ်းစာ" ထဲက အကြောင်းအရာအချို့ သို့မဟုတ် အလားတူသည့် အကြောင်းအရာ အချို့အား ကျွန်ုပ်တို့၏ စာစောင်ထဲသို့ ပေါင်းစည်းထည့်သွင်းခဲ့ခြင်း ဖြစ်နိုင်သလို ရှမွေလ မဟုတ်သူ အခြား တစ်ဦးဦးက ကျွန်ုပ်တို့၏ စာစောင်ကို ရေးခဲ့သည်ဟုလည်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။

> ဓမ္မဟောင်းကျမ်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်တစ်ခုမှာ စာအုပ်အများစု၏ စာရေးသူ မည်သူမည်ဝါ ဖြစ်သည်ကို မသိရခြင်း ဖြစ်သည်။ ရှမွေလ ဓမ္မရာဇဝင်သည်လည်း အလားတူ ဖြစ်သည်။ ကျမ်းရေးသူ မည်သူဆိုသည်ကို ကျွန်ုပ်တို့ အမှန်တကယ် မသိကြပါ။ ၁ရာချုပ် ၂၉း၂၉ တွင် ကျွန်ုပ်တို့အားပေးထားသော သဲလွန်စမှာ ရှမွေလ၊ နာသန်နှင့် ဂဒ်တို့က သူတို့၏ ပရောဖက် အမှုတော်အကြောင်း မှတ်တမ်းများကို ချန်ရစ်ထားခဲ့သည့် အကြောင်း ဖြစ်သည်။ သို့ဖြစ်၍ စာစောင်များကို နောက်ဆုံးအပြီးသတ် ပြင်ဆင်ပေးခဲ့သူ မည်သူမဆို မူလပထမ သမိုင်း အရင်းအမြစ်များကို လေ့လာသိရှိခွင့်၊ ရှမွေလ ကိုယ်တိုင်ထံမှပင်လျှင် ရယူခွင့် ရှိနိုင်ခဲ့ပါလိမ့်မည်။ သို့သော် ၁ ဓမ္မ ၂၅ တွင် သူ အနိစ္စရောက်ပြီဖြစ်၍ သူ့အမည် ခံထားသည့် စာအုပ် နှစ်အုပ်လုံးကို သူပြီးအောင် မလုပ်ခဲ့သည်မှာ ရှင်းနေသည်။
>
> **ဒေါက်တာ Herbert D. Ward**

ကျွန်ုပ်တို့ခေတ်တွင် ရှမွေလ ဓမ္မရာဇဝင် ရေးသားသူ မည်သူ ဖြစ်သည် ဆိုသည့်အပေါ် ရှေးအစဉ်အလာ အမြင်များကို လက်ခံသူ တွေ့ခဲ့သည်။ ထိုအစား ဤကိစ္စအပေါ် ဝေဖန်ဆန်းစစ်သော အမြင်များ၊ တနည်းအားဖြင့် သမ္မာကျမ်း အခွင့်အာဏာကို အပြည့်အဝ ဝန်ခံခြင်းမရှိသည့် ခေတ်သစ် ပညာရှင်များကြား ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့် အယူအဆများအား ခေတ်သစ် အနက်ဖွင့်သူများစွာက မြှင့်တင်ထားခဲ့ကြပြီး ဖြစ်သည်။

## ဝေဖန်ဆန်းစစ်သော အမြင်ရှုထောင့်များ

အခြားသော စာစဉ်များအတွင်း ကျွန်ုပ်တို့ ဆွေးနွေးထားသည့်အတိုင်း လတ်တလော ကာလ ဝေဖန်ဆန်းစစ်ရေး ပညာရှင်အများစုအပေါ် မာတင်နော့သ် ၏ အမြင်တို့က နက်နက်ရှိုင်းရှိုင်း လွှမ်းမိုးထားသည်။ နော့သ်၏ "တရားဟောရာကျမ်း သမိုင်းကြောင်း" စာအုပ်ကို ၁၉၄၃တွင် ဂျာမန်လို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ထဲတွင် တရားဟောရာကျမ်း၊ ယောရှုမှတ်စာ၊ တရားသူကြီး မှတ်စာ၊ ရှမွေလ ဓမ္မရာဇဝင်၊ ရှင်ဘုရင်များ ဓမ္မရာဇဝင် နှင့် ရုသ ဝတ္ထုတို့သည် ကျမ်းပြု ဆရာ တစ်ဦး သို့မဟုတ် အုပ်စု တစ်စု၏ ပြီးပြည့်စုံသော လက်ရာတစ်ခု ဖြစ်ကြောင်း တင်ပြထားခဲ့သည်။ နော့သ်က အဆိုပါ ကျမ်းပြုဆရာ သို့မဟုတ် ဆရာများအုပ်စုကို "တရားဟောသူ" ဟု ခေါ်ဆိုထားသည်။ သူ့အမြင်အရ

အဆိုပါ စာစောင်များကို ဘာဗုလုန် ကျွန်ခံရာကာလအတွင်း တရားဟောသူက ရေးသားပြုစုခဲ့သည်။ အဆိုပါ တရားဟောရာကျမ်းသမိုင်းကြောင်း၌လည်း ပဓာန ရည်ရွယ်ချက် တစ်ခု ရှိခဲ့သည်။ မြောက်ပိုင်းနှင့် တောင်ပိုင်း ဣသရေလ နိုင်ငံတော်များ အပေါ် ကျရောက်လာသည့် ကျွန်ခံရန်ပြစ်ဒဏ်သည် ကောင်းစွာ ထိုက်သင့်၍ ဖြစ်ကြောင်း ထင်ရှားဖော်ပြရန် ရေးသားရခြင်း ဖြစ်သည်။

အဆိုပါ ဓမ္မဟောင်းစာစောင်များအကြား ဝေါဟာရ၊ စကားလုံး အသုံးအနှုန်း၊ ဓမ္မပညာပိုင်းဆိုင်ရာ ရှုမြင်ချက်များ ဆင်တူမှု ရှိနေသည်ကို ငြင်းပယ်ရန် ခက်လှသည်။ ထို့ကြောင့် ဝေဖန်ဆန်းစစ်ရေး ပညာရှင်များသည် နော့သ်၏ အဓိက အမြင်တို့ကို ယေဘူယျအားဖြင့် လက်ခံခဲ့ကြသည်။ သို့သော်လည်း မကြာသေးသောကာလမှာပင် ဝေဖန်ဆန်းစစ်ရေး ပညာရှင် အများအပြားတို့က နော့သ်၏ အမြင်များကို ပုံစံအမျိုးမျိုးဖြင့် ပြုပြင်မွမ်းမံခဲ့ကြပြီး ဖြစ်သည်။ အရေးအပါဆုံး ဆိုရလျှင် နော့သ် အနေဖြင့် တရားဟောရာ သမိုင်းကြောင်း အတွင်း အဆိုပါ စာအုပ် တစ်အုပ်ချင်းစီ၏ ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာများကို ထည့်သွင်းစဉ်းစားဖို့ ပျက်ကွက်ခဲ့ကြောင်း သူတို့ ထောက်ပြခဲ့ကြသည်။

ရှမွေလ ဓမ္မရာဇဝင် အတွင်း ခွဲခြားသိနိုင်သည့် ရှိနှင့်ပြီးသား စာပေ အရင်းအမြစ်များ ပါရှိနေကြောင်း နော့သ်နှင့် အခြားသော ဝေဖန် ဆန်းစစ်ရေး ဋီကာဆရာတို့၏ တင်ပြချက်ကိုလည်း ကျွန်ုပ်တို့ ဖော်ပြကြရပါလိမ့်မည်။ ဥပမာအားဖြင့် ၁ ဓမ္မ ၁-၃ အထဲက ဧလိနှင့် ရှမွေလ အကြောင်း အဖြစ်အပျက်များ ပါသည့် သီးခြား အရင်းအမြစ်တစ်ခု ရှိနေခဲ့ကြောင်း အချို့သူတို့က တင်ပြထားကြသည်။ တခြားသူများကလည်း ၁ ဓမ္မ ၄-၆ အထဲက ပဋိညာဉ်သေတ္တာ အကြောင်း အဖြစ်အပျက်များအထဲမှ ပဋိညာဉ် သေတ္တာဆိုင်ရာ သီးခြား ခြုံငုံဇာတ်ကြောင်းတစ်ခုကို ကျွန်ုပ်တို့ ပြန်တည်ဆောက်ယူလို့ ရနိုင်ကြောင်း စောဒက တက်ထားကြသည်။ အချို့ကမူ ၂ ဓမ္မ ၆ သည် ဤ တူညီသော အရင်းအမြစ်ထဲက ဖြစ်ကြောင်း မှတ်ယူထားကြပြန်သည်။ အနက်ဖွင့်သူ အများကလည်း ရှမွေလ ဓမ္မရာဇဝင်ကို အပြီးသတ် ပြုစုသူသည် ရှိနှင့်ပြီးသား ရှင်ဘုရင် အုပ်စိုးကာလကို အသားပေး သော အဖြစ်အပျက်များနှင့် ရှင်ဘုရင် အုပ်စိုးကာလကို ဆန့်ကျင်သည့် အဖြစ်အပျက်များအား ၁ ဓမ္မ ၇-၁၅ ထဲမှာ စုပေါင်း ဇာတ်အိမ်ဖွဲ့ထားခြင်း ဖြစ်ကြောင်း တင်ပြထားကြသည်။ ထို့ပြင် အခြားသော ဝေဖန်ဆန်းစစ်ရေး ပညာရှင်များသည်လည်း ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၂ ဓမ္မ ၉-၂၀ နှင့် ၃ ဓမ္မ ၁ နှင့် ၂ တို့ အတွင်း ထီးနန်းဆက်ခံမှု ဇာတ်ကြောင်း အတော်များများ ပေါ်ပေါက်ကြောင်း အခိုင်အမာ ဆိုထားကြသည်။ ဤအမြင်အရ ဒါဝိဒ်၏ အခြားသော သား တစ်ဦးဦး အစား အဘယ်ကြောင့် ရှောလမုန်ကသာ ရှင်ဘုရင်ဖြစ်လာခဲ့ကြောင်း အဆိုပါ အရင်းအမြစ်က မူလပထမ ရှင်းပြထားခဲ့သည်။

အဆိုပါ သို့မဟုတ် အလားတူ စိတ်ကူးဖြင့် ပုံဖော်သည့် အရင်းအမြစ်များ ရှိခဲ့မည်မှာ ဖြစ်နိုင်သော်လည်း အမှန်ရှိခဲ့သည်ဟု ကျွန်ုပ်တို့ တတ်အပ် မဆိုနိုင်ပါ။ အဆိုပါ ကိစ္စများအား အစွဲဖြင့် ကြိုတင် ဆုံးဖြတ်ထားမှုများသည် ကျွန်ုပ်တို့စာစောင်ကို မကြာခဏ ဆိုးဆိုးရွားရွား လွဲမှားစွာ အနက်ပြန်မိစေသည်။ အဆိုပါ အမြင်များကလည်း ဣသရေလတို့၏ ယုံကြည်ခြင်း ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကျမ်းစာနှင့် ဆန့်ကျင်ယုံကြည်ထားသည့် ယုံကြည်ချက်များ အကြောင်းကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထင်ဟပ်နေသည်။ ပို အရေးကြီးသည်မှာ ၎င်းတို့သည် ဓမ္မဟောင်း ကျမ်းရင်းထဲ ယနေ့ရှိနေသည့်အတိုင်း ရှမွေလ ဓမ္မရာဇဝင်ကို အနက်ဖွင့်ခြင်းမှ၊ ခြုံငုံပြောရလျှင် ဓမ္မဟောင်းကျမ်းရင်း အနက်ဖွင့်ခြင်း တစ်ခုလုံးမှပင် လမ်းလွဲသွားခဲ့ကြပြီး ဖြစ်သည်။

> သို့ဖြစ်၍ တရားဟောရာကျမ်းမှသည် ရှင်ဘုရင်များ ဓမ္မရာဇဝင် စာစောင်များအထိ ပညာရှင်တို့ လေ့လာခဲ့ကြပြီး ထိုအထဲတွင် အမှန်တကယ် ရှိနေသည့် အရာ တစ်ခုကို သူတို့ တွေ့ခဲ့ကြသည်။ တရားဟောရာကျမ်းထဲ အစအဦး ပါဝင်ခဲ့သည့် စကားစု များစွာကို ယောရှုမှတ်စာမှ စ၍ တရားသူကြီး မှတ်စာ၊ ရှမွေလ ဓမ္မရာဇဝင်၊ ရှင်ဘုရင်များ ဓမ္မရာဇဝင်တို့ အထိတိုင်အောင် ပြန်အသုံးပြုထားကြောင်း သူတို့ တွေ့ခဲ့ကြသည်။ ဘာသာစကား၊ ဝေါဟာရ အသုံးအနှုန်းနှင့် အယူအဆ တပုံတခေါင်း၊ ပုံသေကားကျ ပုံရိပ် ဖော်ပြချက်များနှင့် ပုံသေကားကျ စကားစုများ တပုံတပင်ကို အဆိုပါ စာစောင်များ တလျှောက် စတင်အသုံးပြုခြင်း၊ ပြန်လည် အသုံးပြုထားခြင်း များကို တွေ့ရသည်။ ထိုအရာသည် အမှန်တကယ်ပင် ထိုနေရာ၌ ရှိနေသည်။ မေးခွန်းကတော့ ကျွန်ုပ်တို့ ၎င်းကို မည်သို့ ရှင်းပြကြမည်နည်း ဆိုသည်ပင်။ ကျမ်းပိုင်းများကိုယ်တိုင်က သူတို့ကိုယ်တိုင်အတွက် သူတို့ ဖော်ပြနေသည့်အရာအား အမှန်တကယ် စောင့်ထိန်း ဆုပ်ကိုင်ထားသည့် အကြောင်းအရာကို လေ့လာနည်းတစ်ခုမှာ အဆိုပါ အကြောင်းအရာကို ကြည့်ပြီး ဤ အကြောင်းအရာအတွက် တာဝန်ရှိသူသည် မောရှေ ဖြစ်ကြောင်း တရားဟောရာကျမ်းက နေရာများစွာ၌ ဆိုထားသည်မှာ ဟုတ်ပါသည်။ အခြားသော ကျမ်းပိုင်းများကလည်း မောရှေ၏ ထူးခြား အရေးပါမှုကို အခိုင်အမာ ထောက်ခံနေကြသည်။ ထို့ကြောင့် ဤ စကား အသုံးအနှုန်း အားလုံးကို တရားဟောရာကျမ်းထဲ မောရှေ အသုံးပြုသည်ကို တွေ့ရသော မောရှေ အလွန်၊ နောက်ပိုင်းကာလ ကျမ်းရေးသူတို့က တရားဟောရာကျမ်းထဲမှ သူတို့သင်ယူလေ့လာခဲ့ရသည့် စကားလုံး အသုံးအနှုန်းနှင့် အယူအဆများကို ကောက်ယူကာ တရားဟောရာကျမ်းထဲ သွေးထားသည့် ကျွန်ုပ်တို့ အခေါ် "မှန်ဘီလူးများ" အားဖြင့် လောကကို ကြည့်ရှုပြီး အခြေခံကျကျ ဖော်ပြသည်ကို တွေ့ရသည့်အပေါ် ကျွန်ုပ်တို့ မအံ့သြသင့်ပါ။ သို့ဖြစ်၍ ထိုနည်းလမ်းသည် ဤအကြောင်းအရာကို ကျွန်ုပ် ရှင်းပြမည့် နည်းလမ်းပင် ဖြစ်သည်။ တရားဟောရာကျမ်း သမိုင်းကြောင်း အနုမာန အယူအဆ နည်းလမ်းထက် တရားဟောရာကျမ်းထဲမှ ဆင်းသက်လာသော အဆိုပါ ဝေါဟာရ စကားလုံး အသုံးအနှုန်းနှင့် ပုံရိပ် ရှိသမျှကို သမ္မာကျမ်းနှင့် အညီ ပိုကောင်းအောင် ရှင်း ပြနိုင်သည့် နည်းလမ်း ရှိနေသည်ဟု ကျွန်ုပ် ထင်ပါသည်။ ပို၍ ဖြစ်နိုင်သည်မှာ သူ၌ ရှိခဲ့သည်ဟု ကျမ်းပိုင်းတို့က ညွှန်ပြသည်နှင့်အညီ မောရှေတွင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထူးခြားလေးနက်ပြီး စွဲငြိစေသည့် သက်ရောက်အားရှိခဲ့သောကြောင့် အရာရာကို သူဖော်ပြခဲ့သည့် နည်းဟန်သည် နှောင်းပိုင်း သမ္မာကျမ်း ရေးသူတို့ အပေါ် အကြီးအကျယ် လွှမ်းမိုးသွားခဲ့ခြင်း ဖြစ်သည်။

**ဒေါက်တာ James M. Hamilton**

ရှမွေလ ဓမ္မရာဇဝင်ကို မည်သူရေးကြောင်း အဆိုပါ အစဉ်အလာ ရှုမြင်ချက်နှင့် ဝေဖန်ဆန်းစစ်သော ရှုမြင်ချက်တို့ကို ထည့်သွင်းစဉ်းစားရင်း ယခု သင်ခန်းစာ စာစဉ်များအတွင်း ပါလာမည့် ယနေ့ခေတ် ဧဝံဂေလိ ယုံကြည်သူတို့၏ ရှုမြင်ချက် ပုံစံများဆီသို့ လှည့်ကြပါစို့။ ယင်းတို့သည် ကျမ်းစာအခွင့်အာဏာကို အပြည့်အဝ အတည်ပြုသည့် ခေတ်သစ် ပညာရှင်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွဲကိုင်ထားသည့် အမြင် ရှုထောင့်များ ဖြစ်ကြသည်။

## ဧဝံဂေလိ ယုံကြည်သူတို့၏ ရှုမြင်ချက်များ

ဧဝံဂေလိ ယုံကြည်သူ ရှုမြင်ချက်များ၏ ဝိသေသ လက္ခဏာသည် သမ္မာကျမ်းစာ ကိုယ်တိုင်၏ သက်သေခံမှုအရ မည်သူရေးကြောင်းကို အဖြစ်နိုင်ဆုံး ပုံဖော်ခြင်းပင် ဖြစ်သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင်အတွင်း မည်သည့်နေရာမှာမျှ၊ ဓမ္မဟောင်း၊ ဓမ္မသစ် မည်သည့် အပိုင်းကဏ္ဍမှာမျှ ကျွန်ုပ်တို့၏ စာရေးသူအကြောင်း ဖော်ထုတ်ပြထားခြင်း မရှိပါ။ ကျွန်ုပ်တို့ စာစောင်ကို ရေးသူသည် အမည်မသိ စာရေးသူသာ ဖြစ်သည်။ သို့ဖြစ်၍ ရှမွေလ ဓမ္မရာဇဝင်ကို မည်သူရေးခဲ့ကြောင်း ကျွန်ုပ်တို့ အလွယ်တကူ အတိအကျ မပြောနိုင်ပါ။ သို့သော် ကျွန်ုပ်တို့ စာစောင်၏ ပါဝင်အကြောင်းအရာကို ကျွန်ုပ်တို့လေ့လာခြင်းဖြင့် စာရေးဆရာ အကြောင်း ထိုးထွင်း အသိအမြင် အနည်းဆုံး နှစ်ချက်ကို ကျွန်ုပ်တို့ ခွဲခြားသိမြင်နိုင်ပါသည်။

ပထမအားဖြင့် ရှမွေလ ဓမ္မရာဇဝင်ကို ရေးသူသည် အရင်းအမြစ်များစွာကို စုစည်းပြုစုသူ တစ်ဦး ဖြစ်ကြောင်း ကျွန်ုပ်တို့ မှတ်ထားသင့်ပါသည်။ ဆိုလိုသည်မှာ သူသည် သူ့စာစောင်ကို ထိုင်ပြီး အကြမ်း ရေးခြစ်ထားချက်မှ အသစ်တဖန် ပြန်ရေးခဲ့ခြင်း မဟုတ်ကြောင်း ပြောလိုရင်း ဖြစ်ပါသည်။ ထိုအစား သူ့ကိုယ်ပိုင် အကြောင်းအရာများနှင့်တကွ ရှိနှင့်ပြီးသား အရင်းအမြစ်များကို ကျွမ်းကျင်စွာ ယှက်သွယ် ယက်လုပ်ကာ သူ့စာစောင်ကို သူပြုစုခဲ့သည်။ ယခု အဆိုပါ ကိစ္စများအပေါ် အမြဲလို အလွန်အကျူး စိတ်ကူးယဉ် ပုံဖော်ထားကြသည့် ဝေဖန် ဆန်းစစ်ရေး ပညာရှင်တို့၏ ရှုထောင့်အမြင်များကို ရှောင်ရှားရန် ကျွန်ုပ်တို့ သတိပြုကြရပါမည်။ သို့သော် ရှင်ဘုရင်များ ဓမ္မရာဇဝင် နှင့် ရာဇဝင်ချုပ် စာစောင်များတို့လို အခြားသော သမ္မာကျမ်း သမိုင်းကြောင်းပြ စာအုပ်များကမူ သူတို့၏ စာရေးဆရာများ တိုက်ဆိုင်ညှိနှိုင်းခဲ့ကြသည့် မှတ်တမ်းများအကြောင်း မကြာခဏ ဖော်ပြပေးသည်။ ယနေ့ ကျွန်ုပ်တို့ စာရေးသူအတွက်လည်း အလားတူ မှန်ကန်ခဲ့သည်။

အနည်းဆုံး ဆိုရလျှင်၂ ဓမ္မ ၁း၁၈သည် "ယာရှာ" ၏ "စာ" အား ရှိနှင့်ပြီး အရင်းအမြစ် အဖြစ် ရှင်းရှင်း ရည်ညွှန်းထားသည်။ ယောရှု ၁၀း၁၃ သည်လည်း အလားတူ အရင်းအမြစ်ကို ဖော်ပြထားသည်။

ထပ်၍ ဆိုရလျှင် ၂ ဓမ္မ ၂၂ နှင့် ဆာလံ ၁၈ တို့အကြား တူညီမှုများက ကျွန်ုပ်တို့ စာရေးသူသည် ထင်ရှားသော "ဒါဝိဒ်မင်း၏ နန်းတော်" ဆာလံ သီချင်းကို သူ့စာစောင်ထဲ ထည့်သွင်းပေါင်းစပ်ခဲ့ကြောင်း အခိုင်အမာ ပြဆိုနေကြသည်။ ထို့ထက်မက ဓမ္မရာဇဝင် ဒုတိယစောင် ၂၃း၁-၇ အား နိဒါန်းချီပေးသော "ဒါဝိဒ် မြွက်ဆိုသော နောက်ဆုံးစကား" ဟူသည့် ခေါင်းစဉ်ကလည်း ကျွန်ုပ်တို့၏ စာရေးသူသည် ရှိနှင့်ပြီးသည့် ဒါဝိဒ် နန်းတော် မှတ်တမ်းကို အခြေခံခဲ့ကြောင်း ညွှန်ပြနေသည်။ အခြားသော သမ္မာကျမ်းရေးသူ များစွာ နည်းတူ ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် သူ့စာစောင်ကို ပြုစုရာတွင် ရှိနှင့်ပြီးသော မှတ်တမ်း အရင်းအမြစ်တို့ကို အသုံးပြုခဲ့ကြောင်း အဆိုပါ ဥပမာများကလည်း ပြညွှန်နေကြသည်။

အထူးထူး အပြားပြားသော အရင်းအမြစ်တို့ကို ကျွန်ုပ်တို့၏ စာရေးသူ ပေါင်းစပ် ပြုစုခဲ့ကြောင်း သိရခြင်းသည် ရှမွေလ ဓမ္မရာဇဝင်ကို အနက်ဖွင့်မှုအပေါ် အလွန်ပင် သက်ရောက်မှု ရှိသောကြောင့် အရေးကြီးသည်။ ဥပမာအားဖြင့် ၎င်းသည် ရှမွေလ ဓမ္မရာဇဝင်စာစောင်၏ စာပေလက်ရာ အရည်အသွေး အတော်များများကို ကျွန်ုပ်တို့အား နားလည်လွယ်စေသည်။ စာစောင်ကို ကျွန်ုပ်တို့ ဖတ်ရှုသည့်အခါ မတူကွဲပြားသည့် ကျမ်းပိုဒ်များသည် ထူးထူးခြားခြား ကွဲလွဲသည့် စာပေရေးဟန်တို့ကို ကိုယ်စားပြုနေကြောင်း ကျွန်ုပ်တို့ မငြင်းနိုင်ပါ။ အနည်းဆုံး အထူးထူးသော ရေးဟန်အချို့သည် မတူခြားနားသော အရင်းအမြစ်များကို ကျွန်ုပ်တို့၏ စာရေးသူ အခြေခံမှုကြောင့် ဖြစ်ပေါ်လာဖွယ် ရှိသည်။ ထို့ထက်မက အရင်းအမြစ်များကို သူအသုံးပြုထားသည့်အတွက် စာစောင်ပါ ဇာတ်လမ်း ဇာတ်ကွက်တို့၏ ဇာတ်လျှဉ်သည် ကျွန်ုပ်တို့ ဖြစ်စေချင်သလို အမြဲတမ်း ချောချောမွေ့မွေ့ ဖြစ်မနေကြောင်း တွေ့နိုင်သည်။ မကြာခဏ ဆိုသလို ကျွန်ုပ်တို့၏ စာစောင်သည် အချိတ်အဆက် မမိသည့်ပုံ ပေါ်နေရသည်။ စာစောင်ထဲ တူညီ အကြောင်းအရာများ အခါအားလျော်စွာ ထပ်ကာ ထပ်ကာ ပြန်ပါနေရခြင်းသည်လည်း အရင်းအမြစ်များ ကို အသုံးပြုထား၍ ဖြစ်သည်။

ထို့ထက်မက ရှိနှင့်ပြီးသား မှတ်တမ်းများကို ကျွန်ုပ်တို့ စာရေးသူ အားကိုးအားထားပြုခဲ့သဖြင့် စာစောင်အတွင်း အချိန်ပြ ကိုးကားချက်များ ပါရှိနေရသည်။ အနည်းဆုံး နေရာ ခုနစ်နေရာတွင် "ယနေ့တိုင်အောင်" ဆက်လက် မှန်ကန်နေသည့် သီးသန့် အခြေအနေများကို ရှမွေလ ဓမ္မရာဇဝင်က ရည်ညွှန်းထားသည်။ အခြားသော စာစဉ်များအတွင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သလို ဤ အလားတူ ဖော်ပြချက်အား တရားဟောရာကျမ်း၊ ယောရှုမှတ်စာ၊ တရားသူကြီး မှတ်စာနှင့် ရှင်ဘုရင်များ ဓမ္မရာဇဝင်တို့၌လည်း တွေ့ရသည်။ ၃ ဓမ္မ ၈း၈ ကဲ့သို့ သော အဆိုပါ သာဓက အချို့တွင် "ယနေ့တိုင်အောင်" ဟူသော ဖော်ပြချက်သည် စာစောင်ကို အပြီးသတ်ပြုစုပြီးချိန်ထက် ရှိနှင့်ပြီး ကိုးကား အရင်းအမြစ်၏ အချိန်ကာလကိုသာ ရှင်းလင်းစွာ ညွှန်းဆိုနေသည်။ အဆိုပါ နှင့် အလားတူ အကြောင်းများကြောင့် ရှမွေလ ဓမ္မရာဇဝင်ကို ကျွန်ုပ်တို့ လေ့လာသည့်အခါ ကျွန်ုပ်တို့၏ စာရေးသူသည် သူ့စာစောင်ထဲသို့ ယခင် မှတ်တမ်းတင်ခဲ့ပြီးသား အကြောင်းအရာတို့ကို တည်းဖြတ် ထည့်သွင်းခဲ့ကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားရန် လိုပါသည်။

ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် အရင်းအမြစ်တို့ကို ပေါင်းစပ်ပြုစုသူဖြစ်ကြောင်း သိမှတ်ရန် အပြင် ထိုသူသည် ရှေး ဣသရေလတို့၏ ကာလ၌ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ကြောင်း ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သေချာနိုင်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူသည် သမ္မာကျမ်းစာ၊ ယာရှာ၏ စာနှင့် တော်ဝင် နန်းတော် မှတ်တမ်းများကို လေ့လာချဉ်းကပ်ခွင့် ရခဲ့သည် ဆိုသည့် အချက်ဖြင့်ပင် သူသည် အညတရ ပုဂ္ဂိုလ်တစ်ဦး မဟုတ်ကြောင်း ကျွန်ုပ်တို့ အလွယ် သိရသည်။ ရှေးယခင်က အဆိုပါ စာပေမျိုးအား ရာထူးမြင့်သည့် မှူးမျိုးမတ်နွယ်များ၊ လေဝိလူများသာလျှင် ချဉ်းကပ်ခွင့် ရှိခဲ့ကြသည်။ သို့ဖြစ်၍ ဧကန် အမှန် ဆိုရလျှင် ကျွန်ုတို့၏ စာရေးသူသည် သူ့ကာလ၌ ဣသရေလ ခေါင်းဆောင် တစ်ဦး ဖြစ်ခဲ့သည်။ သို့တည်းမဟုတ် ထိုခေါင်းဆောင်များကို တိုက်ရိုက် အစေခံသူ တစ်ဦး ဖြစ်ခဲ့သည်။

ရှမွေလ ဓမ္မရာဇဝင်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်သည်နှင့် အမျှ ကျွန်ုပ်တို့ စာရေးသူ၏ လူမှု ဂုဏ်ရည်ကလည်း အရေးပါသည့် မျှော်လင့်ချက် အချို့ကို ကျွန်ုပ်တို့အား ပေးနေသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ စာရေးသူသည် အခြားသော ဣသရေလ ခေါင်းဆောင်များအတွက် ရေးသားပေးသော ဣသရေလ ခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း မကြာမီပင် ပေါ်လွင်လာခဲ့သည်။ သာမန် ဣသရေလ တစ်ဦး တိုက်ရိုက်လက်ခံ ဖတ်ရှုဖို့ သူ့စာစောင်ကို မရေးခဲ့ပါ။ ရှေးရှေး ဣသရေလ ကာလ၌ စာပေဆိုသည်မှာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေ ဖြန့်ချိသည့် အရာမျိုး မဟုတ်ခဲ့ပါ။ ရှမွေလ ဓမ္မရာဇဝင် ကျမ်းစာလိပ်တို့ကို များများစားစား ရနိုင်ခဲ့သည် ဆိုလျှင်တောင်မှ ဣသရေလ အများစုက ထိုစာတို့ကို ဖတ်နိုင်ခဲ့လိမ့်မည် မဟုတ်ပါ။ သူ့စာစောင်နှင့် အကျွမ်းတဝင်ရှိလာရေး၊ ပါဝင်သည့် အကြောင်းအရာတို့ကို သာမန် ဣသရေလ ပြည်သူတို့ ဘဝ၌ လက်တွေ့ အသုံးပြုနိုင်ရန် ဖြန့်ချီပေးရေးသည် မြင့်မြတ်သော မှူးမျိုးမတ်နွယ်များ၊ လေဝိလူများ၊ အကြီးအကဲများနှင့် အခြားသော ခေါင်းဆောင်များ၏ လုပ်ငန်းတာဝန်သာ ဖြစ်ကြသည်။

ထို့ထက်မက ကျွန်ုပ်တို့၏ စာရေးသူသည် အခြားသော ခေါင်းဆောင်များအတွက် ရေးပေးသော ခေါင်းဆောင်တစ်ဦး ဖြစ်သည် ဆိုသည့်အချက်က ဤစာစောင်က ရည်ရွယ်သော အမျိုးသားရေး အကျိုးစီးပွားကို သိမှတ် ကြိုဆိုဖွယ် ဖြစ်စေသည်။ ယခုတွင် ရှမွေလ ဓမ္မရာဇဝင်သည် သာမန် ဣသရေလ ယောကျ်ား၊ မိန်းမ၊ ကလေးများ နေ့တဓူဝ ရင်ဆိုင်ကြုံတွေ့နေခဲ့ရသည့် အခက်အခဲအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းခဲ့သည်မှာ ဧကန် အမှန်ပင် ဖြစ်သည်။ သို့သော် ဣသရေလ ခေါင်းဆောင်တစ်ဦး ဖြစ်သော ကျွန်ုပ်တို့၏ စာရေးသူသည် အခြေခံအားဖြင့် ဣသရေလ လူမျိုး တစ်ခုလုံး ခြုံပြီး ကြုံတွေ့နေရသော နိုင်ငံရေးနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အရေးအရာများအပေါ် အလေးဂရုပြုခဲ့သဖြင့် သူ့စာစောင်ကို ကျွန်ုပ်တို့ အနက်ဖွင့်ရာတွင် အဆိုပါ အရေးအရာမျိုးတို့အပေါ် ဦးတည်အသားပေးကြရမည် ဖြစ်သည်။

ရှမွေလ ဓမ္မရာဇဝင်ကို ရေးသားသူ မည်သူ ဖြစ်သည် ဆိုသည်ကို လေ့လာပြီးသည့်နောက် နောက်ခံသမိုင်း၏ ဒုတိယ နယ်ပယ်ဖြစ်သည့် စာစောင် အပြီးသတ် ပြုစုပြီးစီးချိန်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ရှမွေလ ဓမ္မရာဇဝင်ကို မည်သည့် အချိန်က ရေးခဲ့ပါသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ရက်စွဲ

ရှမွေလ ဓမ္မရာဇဝင်ကို ရေးသူသည် မည်သူနည်း ဆိုသည်အတွက် အနက်ဖွင့်သူများက မတူကွဲပြားသော သမိုင်းကြောင်း အချိန်ကာလများကို ဖော်ထုတ် သတ်မှတ်ခဲ့ကြပြီးကြောင်း ကျွန်ုပ်တို့ မှတ်သားခဲ့ကြပြီး ဖြစ်ပါသည်။ ရှေး ဂျူးနှင့် ခရစ်ယာန်များက ကျွန်ုပ်တို့ စာစောင် ရေးချိန်ကို ၎င်း အစီရင်ခံထားသည့် အဖြစ်အပျက်တို့နှင့် အနီးဆုံး အချိန်ကို ယူ၍ ဘီစီ ၁၀ ရာစုနှစ် ဝန်းကျင်ကို သတ်မှတ်ခဲ့ကြသည်။ မတူခြားနားစွာပင် ယနေ့ခေတ် ဝေဖန်ဆန်းစစ်ရေး ပညာရှင် အများစုက ကျွန်ုပ်တို့၏ စာစောင်သည် ဘာဗုလုန် ကျွန်ခံကာလ အတွင်း အဆုံးသတ်ပုံစံသို့ ရောက်ရှိခဲ့ကြောင်း တင်ပြကြသည်။ ယခုတွင် ရှမွေလ ဓမ္မရာဇဝင် မည်သည့်အချိန် ပြီးစီးခဲ့ကြောင်း အတိအကျ ဖော်ထုတ်ရန် မဖြစ်နိုင်ပါ။ သို့သော် ဓမ္မဟောင်းကျမ်း များစွာမှာကဲ့သို့ပင် ကျွန်ုပ်တို့ စာရေးသူ စာစောင် အပြီးသတ်ချိန်နှင့် စပ်လျဉ်း၍ အစောဆုံးနှင့် နောက်အကျဆုံး အချိန်တို့ကိုမူ ချမှတ်နိုင်ပါသည်။

ရှမွေလ ဓမ္မရာဇဝင် ရေးသားပြီးစီးနိုင်ခဲ့မည့် အဖြစ်နိုင်ဆုံး နောက်အကျဆုံး အချိန်ရက်စွဲဖြင့် အစပြုကြပါစို့။ ဤအချိန်ကို ဆုံးဖြတ်ရန် အကောင်းဆုံးနည်းမှာ ဣသရေလ အခြေခံ သမိုင်းဟုခေါ်ကြသည့် သမိုင်းထဲ မည်သည့်နေရာတွင် ၎င်း ရှိနေသည်ကို မှတ်သားခြင်း ပင် ဖြစ်သည်။ ဤသမိုင်းသည် ကမ္ဘာဦးကျမ်းမှ စ၍ ရှင်ဘုရင်များ ဓမ္မရာဇဝင် အထိ ရှသ ဝတ္ထု မပါ၊ မှတ်တမ်းတင်ထားသော သမိုင်းကြောင်း ဖြစ်သည်။ အဆိုပါ စာစောင်တို့သည် ရှေ့စာအုပ်ဆုံးရာ၌ နောက်စာအုပ် ပြန်ကောက်သဖြင့် အတူတကွ ဖြတ်မရအောင် ချိတ်ဆက်နေသော သံကွင်းဆက် ပုံစံ ရှိနေကြသည်။

ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောရာကျမ်း ဟူသော ပထမ ကျမ်းငါးကျမ်းသည် မောရှေကာလမှာ ပေါ်ပေါက်ပြီး ဣသရေလ အခြေခံသမိုင်း၏ သံကွင်းဆက်ကြိုးအတွင်း ကနဦးကွင်းဆက်များကို ဖွဲ့ပေးထားသည်။ ယောရှု မှတ်စာ၊ တရားသူကြီး မှတ်စာ၊ ဓမ္မရာဇဝင် ပထမစောင်မှ စတုတ္ထစောင် အထိ ကျန်စာစောင်များသည် ဤသမိုင်းကြောင်း၏ နောက်ဆက်တွဲ တရားဟောရာကျမ်း သမိုင်းကြောင်း အပိုင်းကဏ္ဍကို ဖွဲ့စည်းပေးသည်။ အဆိုပါ စာစောင်တို့သည် တရားဟောရာကျမ်း၏ ဓမ္မပညာ ရှုမြင်ချက်တို့အပေါ် အကြီးအကျယ် မှီခိုနေကြသည်။ ယောရှုမှတ်စာသည် မောရှေ အနိစ္စရောက်ခြင်းနှင့် အစပြုပြီး ယောရှု အနိစ္စရောက်သည်အထိ ဆက်သွားသည်။ တရားသူကြီး မှတ်စာသည် ယောရှု အနိစ္စရောက်ပြီးနောက်ပိုင်း ကျွန်ုပ်တို့ကို ရှေ့ဆက်ခေါ်သွားသည်။ ရှမွေလ ဓမ္မရာဇဝင်သည် ဣသရေလ၏ နောက်ဆုံး တရားသူကြီးအဖြစ် ရှမွေလ ဆိုသည့် ပုဂ္ဂိုလ် ပေါ်ထွန်းခြင်းနှင့် အစပြုပြီး ဒါဝိဒ် အုပ်စိုးခြင်းနှင့် အဆုံးသတ်သည်။ ရှင်ဘုရင်များ ဓမ္မရာဇဝင်က ရှမွေလ ဓမ္မရာဇဝင်၏ အဆုံးသတ်ကို ကောက်ယူသည်ဖြစ်၍ ဒါဝိဒ် အနိစ္စရောက်ခြင်းနှင့် စပြီး ဘာဗုလုန် ကျွန်ဘဝရောက်ခြင်းနှင့် ဆုံးသည်။ ယခုတွင် ရှမွေလ ဓမ္မရာဇဝင်ကို ရှင်ဘုရင်များ ဓမ္မရာဇဝင် အဖွင့် အခန်းကြီးတို့နှင့် နှိုင်းယှဉ်ကြည့်သည့်အခါ အရာတစ်ခု သိသာထင်ရှားလာသည်။ ရှင်ဘုရင်များ ဓမ္မရာဇဝင်ကို ရေးသူသည် ဒါဝိဒ်၏ ဘဝဇာတ်ကြောင်းကို ရှမွေလ ဓမ္မရာဇဝင်ထဲ ရေးထားသည့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အတိုင်း သိနေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဤအချက်က ရှင်ဘုရင်များ ဓမ္မရာဇဝင်ကို မရေးမီကပင် ရှမွေလ ဓမ္မရာဇဝင်အား ရေးပြီးသား ဖြစ်နေခဲ့ကြောင်း အခိုင်အမာ အကြံပြုနေသည်။

ဤစောင့်ကြည့် အကဲဖြတ်ချက်သည် အရေးကြီးသည်။ အကြောင်းမှာ ရှင်ဘုရင်များ ဓမ္မရာဇဝင် ရေးသားချိန်အပေါ် ကျွန်ုပ်တို့ အတော် သေချာနိုင်၍ ဖြစ်သည်။ ၄ ဓမ္မ ၂၅း၂၇-၃၀ အရ ၎င်းသည် ဘီစီ ၅၆၁ တွင် ဒါဝိဒ်၏ တော်ဝင်သားမြေးဖြစ်သည့် ယေခေါနိမင်း ဘာဗုလုန် အကျဉ်းစံဘဝမှ လွတ်မြောက်ခန်းနှင့် ပိတ်ထားသည်။ ထပ်ဖြည့်ရလျှင် ဘာဗုလုန် ကျွန်ခံဘဝထဲမှ ဣသရေလတို့ ဘီစီ ၅၃၈ တွင် ပြည်တော်ပြန် လာခဲ့သည်ကို ရှင်ဘုရင်များ ဓမ္မရာဇဝင်က မသိမှတ်ထားပေ။ အဆိုပါ အကြောင်းတို့ကြောင့် ရှင်ဘုရင်များ ဓမ္မရာဇဝင်စာစောင်ကို ဘီစီ ၅၆၁ နှင့် ၅၃၈ အကြား ရေးခဲ့ကြောင်း ကျွန်ုပ်တို့ ကျိုးကြောင်းသင့်စွာ စိတ်ချနိုင်ကြသည်။ ထို့ပြင် ရှင်ဘုရင်များ ဓမ္မရာဇဝင် မတိုင်မီ ရှမွေလ ဓမ္မရာဇဝင်ကို ပြီးစီးခဲ့သည် ဖြစ်၍ ရှင်ဘုရင်များ ဓမ္မရာဇဝင်ကို ရေးချိန်သည် ဘာဗုလုန် ကျွန်ခံကာလ မပြီးဆုံးမီ နောက်အကျဆုံး ဘီစီ ၅၃၈ ဖြစ်နိုင်ကြောင်း စိတ်ချ ဆုံးဖြတ်နိုင်ပါသည်။

> ရှမွေလ ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်တို့ကို မည်သည့်အချိန် ရေးခဲ့ပြီး မည်သည့်အချိန် အဆုံးသတ်ပုံစံ ရောက်ရှိခဲ့သည်ကို အတိအကျ သိရန် ခက်ပါသည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်တို့ကို ဓမ္မဟောင်းအရ ကြည့်ပါက အနည်းဆုံး ၎င်း၏ နောက်ဆုံး ပုံစံသို့ ရောက်ခဲ့သည့် အဖြစ်နိုင်ဆုံး အချိန်အတွက် ညွှန်ပြချက် အချို့ရှိနေပါသည်။ ရာဇဝင်ချုပ် ပထမစောင်ကို ကျွန်ုပ်တို့ ကြည့်ပါက ရှမွေလ ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်တို့ အပေါ် အမှန်ပင် အနည်းငယ် အခြေခံထားပြီး ထိုစာစောင်တို့ကို သိကျွမ်းသည့် သဘော ရှိသည်။ ထို့ပြင် ရာဇဝင်ချုပ် ပထမစောင်နှင့် ဒုတိယစောင်တို့ကို ကျွန်ခံရာကာလပြီးသည့်နောက်ပိုင်း အချိန်တွင် ရေးခဲ့သဖြင့် ပြည်တော်ပြန်တို့ ယေရုရှလင်သို့ ပြန်ရောက်လာချိန် ကျွန်ုပ်တို့ အလွန်ဆုံး ပြောနိုင်သည်မှာ ထိုအချိန်မတိုင်မီ ၎င်း၏ နောက်ဆုံး အနေအထားသို့ သေချာပေါက် ရောက်ခဲ့ကြောင်းပင် ဖြစ်သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်တို့ထဲ ကျွန်ုပ်တို့တွေ့ရသည့် မတူခြားနားသော အကြောင်းအရာတို့သည် ကျမ်းစာတခုလုံး၌လည်း ရှိနေကြောင်း အခြား ညွှန်ပြချက်များလည်း ရှိသည်။ ဥပမာ ပြောရမည်ဆိုလျှင် ဒါဝိဒ်နှင့် ပြုသော ပဋိညာဉ်အကြောင်း သိရှိထားမှုသည် ဆာလံ ၈၉ ထဲ ထင်ဟပ်နေသည်။ ရှမွေလ ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင်တို့အတွင်း ကျွန်ုပ်တို့တွေ့ရသည့် အစဉ်အလာတို့ကို သိကျွမ်းထားမှုသည် ဧကန်အမှန် ရှိနေသဖြင့် ကျွန်ခံကာလ မတိုင်မီ၊ ကျွန်ခံကာလနှင့် ကျွန်ခံကာလပြီးဆုံးသည့်နောက် အချိန်များကို သိကျွမ်းထားမှုသည်လည်း သေချာပေါက် ရှိမည့်ပုံ ပေါ်သည်။ သို့သော် စာစောင်အဖြစ် အဆုံးသတ် ပေါင်းစည်း ဖြစ်ပေါ်လာသည့် အနေအထားအရ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆိုပါက အဖြစ်နိုင်ဆုံး ကျွန်ုပ်တို့ ပြောနိုင်သည့် အချိန်မှာ ကျွန်ခံရာကာလပြီးဆုံးမှု မတိုင်မီဟုသာ ဆိုနိုင်ပါသည်။

**Andrew Abernethy, Ph.D.**

နောက်အကျဆုံး ဤ ဘာဗုလုန် ကျွန်ခံကာလတွင် ရေးသားခဲ့ကြောင်း စဉ်းစားလျက် ရှမွေလ ဓမ္မရာဇဝင် အစောဆုံး ပြီးစီးပြည့်စုံနိုင်ခဲ့မည့် အဖြစ်နိုင်ဆုံး အချိန်ဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ကျွန်ုပ်တို့ တွေ့ကြမည် ဖြစ်သည့်အတိုင်း ရှမွေလ ဓမ္မရာဇဝင်၏ ပါဝင် အကြောင်းအရာသည် ရှင်ဘုရင်အုပ်စိုးစနစ် နှစ်ခြမ်းမကွဲမီ အချိန်ထက် မစောနိုင်ကြောင်း အခိုင်အမာ အကြံပြုနေကြသည်။

သမ္မာကျမ်းစာက ပြောပြသည့်အတိုင်း ဘီစီ ၉၃၀ ၌ ယေရောဗောင် (၁) ရှင်ဘုရင်သည် ဒါဝိဒ်မင်းနန်းဆက်ကို ဆန့်ကျင်ပုန်ကန်ပြီး ဣသရေလ မြောက်ပိုင်းလူမျိုးနွယ်တို့ကို ခေါင်းဆောင်ခဲ့သည်။ သူ၏ ဆန့်ကျင် ပုန်ကန်မှုသည် ဖေရိမ်ဟု မကြာခဏ ခေါ်လေ့ရှိသည့် မြောက်ပိုင်းဣသရေလ နိုင်ငံတော် ဖွဲ့စည်းတည်ထောင်မှုအား တောင်ပိုင်း ယုဒ နိုင်ငံတော်ဘေး၌ ယှဉ်တွဲ ပေါ်ပေါက်စေခဲ့သည်။ ထို့ပြင် ဘုရားသခင့် လူတို့ နိုင်ငံနှစ်ခုအဖြစ် ကွဲသွားခဲ့မှုကို သတိပြုမိကြောင်း ရှမွေလ ဓမ္မရာဇဝင် ရေးသူက အကြိမ်ကြိမ် ညွှန်ပြခဲ့သည်။ ဥပမာအားဖြင့် ၁ ဓမ္မ ၁၁း၈ သည် "ဣသရေလလူများ" နှင့် "ယုဒလူများ" တို့ မတူညီကြောင်း ခွဲခြားဖော်ပြသည်။ ၁ ဓမ္မ ၁၈း၁၆ က "ဣသရေလ နှင့် ယုဒလူ ရှိသမျှ" သည် ဒါဝိဒ်ကို ချစ်ခင်ခဲ့ကြကြောင်း သုံးသပ်ချက် ပေးထားသည်။ အလားတူပင် ၂ ဓမ္မ ၅း၅ တွင်လည်း ဒါဝိဒ်သည် "ဣသရေလ နှင့် ယုဒ အလုံးစုံ" အပေါ် အုပ်စိုးခဲ့ကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ ၂ ဓမ္မ ၁၂း၈ တွင် ဘုရားသခင်က "ဣသရေလ နှင့် ယုဒ" တို့ကို ဒါဝိဒ်အား သူပေးသနားကြောင်း မိန့်ဆိုခဲ့သည်။ ၂ ဓမ္မ ၂၁း၂ က ရှောလုသည် "ဣသရေလနှင့် ယုဒ အတွက် စိတ်အားကြီးကြောင်း" ဖော်ပြထားသည်။ ထို့ပြင် ၂ ဓမ္မ ၂၄း၁ တွင် လူမျိုးနွယ်ရှိသမျှတို့အား "ဣသရေလနှင့် ယုဒ" ဟူ၍ ဖော်ပြထားကြောင်း တွေ့ရသည်။ ဣသရေလနှင့် ယုဒတို့အကြား ဤသို့သော ခွဲခြားသတ်မှတ်မှုကို အထပ်ထပ် ဖော်ပြခြင်းသည် ရှမွေလ ဓမ္မရာဇဝင် စာရေးသူအနေဖြင့် သူ့စာစောင်အား ဘီစီ ၉၃၀ ကာလ ဣသရေလနှင့် ယုဒတို့ နှစ်ခြမ်းမကွဲမီ အထိ မရေးသားခဲ့နိုင်သေးကြောင်း အခိုင်အမာ အဆိုပြုနေကြသည်။

အဆိုပါ အချက် အားလုံးကို ကျွန်ုပ်တို့ ထည့်စဉ်းစားသည့်အခါ ကျွန်ုပ်တို့၏ စာစောင် ပြီးပြည့်စုံလာသည့် အစောဆုံး အချိန်သည် ဘီစီ ၉၃၀ နိုင်ငံတော် နှစ်ခြမ်းကွဲပြီးသည့်နောက် တချိန်ချိန် ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ ထို့ပြင် ဖြစ်နိုင်ဖွယ် နောက်အကျဆုံး အချိန်မှာ ဘီစီ ၅၃၈ မတိုင်မီ ဘာဗုလုန် ကျွန်ခံကာလအတွင်း တချိန်ချိန် ဖြစ်ခဲ့သည်။

ယခုအထိ ဓမ္မရာဇဝင် စာစောင်ကို မည်သူရေးသည်နှင့် မည်သည့်အချိန် ရေးခဲ့သည် တို့အပေါ် ကျွန်ုပ်တို့ စဉ်းစားခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် နောက်ခံသမိုင်းကြောင်း၏ နောက်ထပ် သွင်ပြင် လက္ခဏာတစ်ခု ဖြစ်သော စာစောင်ရေးချိန် ဘုရားလူများ ဖြတ်သန်းတွေ့ကြုံနေခဲ့ရသည့် အခြေအနေများဆီသို့ လှည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# အခြေအနေများ

ကျမ်းစာကို လေ့လာ ကြည့်ရှုခွင့်ရသော ခေါင်းဆောင်တစ်ဦး အနေဖြင့် သူနှင့် သူ့ပရိသတ်တို့ ရင်ဆိုင်ခဲ့ရသည့် အခြေအနေတို့သည် ယုံကြည်ခြင်းဆိုင်ရာ အဓိကကျသည့် ပြဿနာဆီ ဦးတည်ခဲ့ကြောင်း ဓမ္မရာဇဝင် စာရေးသူ ကောင်းစွာ သတိပြုမိခဲ့သည်။ တဖက်တွင် သူတို့၏ သမိုင်းကြောင်းကို သူသိထားခဲ့သည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝ၊ ထို့နောက် နောဧ တို့အား ကိုယ်တော်ကို အလုပ်အကျွေးပြုရန်အလို့ငှာ မြေကြီးကို ပြည့်စေရေး တာဝန် အပ်နှင်းခဲ့သည်။ ဤကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းတာဝန်ကြီးပြီးစီးရေး၌ ဦးဆောင်ဦးရွက်ပြုရန် အာဗြဟံနှင့် သူ့သားမြေးတို့ကို ဘုရားသခင် ခေါ်ယူခဲ့သည်။ ဖြည့်ပြောရလျှင် ကိုယ်တော်၏ လူတို့အား တညီတညွတ်ဖြစ်စေရန်နှင့် ကမ္ဘာတလွှား နိုင်ငံတော်ကို အစပြု တိုးချဲ့မည့် နေရာတွင် ၎င်းတို့အား နေရာချထားပေးရန် တို့အတွက် မောရှေကို ဘုရားသခင် တာဝန်ပေးခဲ့သည်။ ထို့ထက်မက အဆိုပါ ရည်မှန်းချက်တာဝန်ကို အကောင်အထည် ဖော်ရာတွင် ဦးဆောင်ရန် ဒါဝိဒ်နှင့် သူ့ သားမြေးတို့အား ဣသရေလကို အုပ်စိုးသည့် ထာဝရနန်းဆက်အဖြစ် ဘုရားသခင် ထူထောင်ပေးခဲ့သည်။

သို့သော် အခြားတဖက်တွင်လည်း သူ့စာစောင်ကို ရှမွေလ ဓမ္မရာဇဝင်ဆရာ ရေးချိန်၌ ဘုရားသခင့်လူတို့ ရင်ဆိုင်နေခဲ့ရသည့် အခြေအနေတို့သည် ဒါဝိဒ်၏ နန်းဆက်အပေါ် သူတို့ ထားရှိခဲ့သည့် မျှော်လင့်ချက်များအတိုင်း ဖြစ်မနေခဲ့ပေ။ နိုင်ငံ နှစ်ခြမ်းကွဲနေချိန်နှင့် ဘာဗုလုန်ကျွန်ဘဝ ရောက်နေချိန်အတွင်း ဣသရေလတို့၏ အခြေအနေဆိုး အပေါ် မှာသာ သေချာပေါက် အထပ်ထပ် အပြစ်ပုံရန်သာ ရှိခဲ့သည်။ သို့သော် ကျမ်းစာက ဒါဝိဒ် မင်းမျိုး၏ အပြစ်များ၊ အထူးသဖြင့် ၎င်း၏ ရုပ်တုကိုးကွယ်မှု၊ ဘုရားသခင့်အပေါ် သစ္စာရှိစွာ တည်ကြည်ရန် ပျက်ကွက်ခဲ့မှုတို့အပေါ် ညီတူညီမျှ အပြစ်ဖို့ထားသည်။ ဓမ္မရာဇဝင် တတိယစောင် ၁၁း၂၉-၄၀ နှင့် ၁၂း၁-၂၄ ကဲ့သို့သော ကျမ်းပိုဒ်များအရ နိုင်ငံ နှစ်ခြမ်းကွဲရခြင်းအတွက် တာဝန်ခံမှု၊ တာဝန်ရှိမှု ဝန်ထုပ်သည် ဒါဝိဒ်မင်းမျိုး အပေါ်မှာသာ တိုက်ရိုက်ကျရောက်နေသည်။ ထို့ပြင် ၄ ဓမ္မ ၂၀း၁၂-၁၉ နှင့် ၂၁း၁၀-၁၅ ကျမ်းပိုဒ်များကလည်း ဘာဗုလုန် ကျွန်ဘဝရောက်ရခြင်းသည် အခြေခံအားဖြင့် ဒါဝိဒ်မင်းမျိုး၏ ကျရှုံးမှုများကြောင့် ဖြစ်ရကြောင်း ပြညွှန်နေကြသည်။

ဒါဝိဒ်မင်းမျိုး၏ ကျရှုံးမှုများသည် ဘုရားသခင့်လူတို့၏ ယုံကြည်ခြင်းအား အတွင်းကျကျ လှုပ်ခါပစ်ခဲ့သည်။ သူတို့၏ မျှော်လင့်ချက်တို့ကို ဘုရားသခင့် ပြစ်ဒဏ်စီရင်ချက်က ချေမွပစ်ခဲ့သည်နှင့်အမျှ ဒါဝိဒ်မင်းမျိုးအပေါ် မည်သို့ ဆက်ကိုးစားနိုင်ကြမည်နည်း ဆိုသည့် အပေါ် သူတို့ သိလိုခဲ့ကြသည်။ ဒါဝိဒ်၏ သားမြေးတို့ကို ဘုရားသခင် ကျောခိုင်းပစ်လိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ သူတို့ အားလုံး အတူတူ မှားနေခဲ့တာလည်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ဤသို့ မသက်မသာ ဖြစ်နေရသည့် အခြေအနေအတွင်း သူ့စာစောင်ကို ရေးသားရန် ရှမွေလ ဓမ္မရာဇဝင် ဆရာအား ဘုရားသခင် ခေါ် ခဲ့သည်။ ဒါဝိဒ် မင်းမျိုးအပေါ် ထားရှိသော ဣသရေလတို့၏ မျှော်လင့်ချက်ကို အသစ်ပြုပြင်ပေးရန် သူရေးခဲ့ခြင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် ဓမ္မရာဇဝင်၏ နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်၍ ကျွန်ုပ်တို့ စာစောင်၏ ပုံစံ ဒီဇိုင်း ဟူသော သင်ခန်းစာ၏ ဒုတိယ အဓိက ခေါင်းစဉ်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဓမ္မရာဇဝင် ဆရာသည် သူ့စာစောင်ကို မည်သို့ ပုံဖော်ခဲ့ပါသနည်း။ သူနှင့်တကွ သူ့မူလ ပရိသတ်တို့ ရင်ဆိုင်ခဲ့ရသည့် အခြေအနေများကို ကိုင်တွယ်ရန် စာစောင်၏ ပါဝင်အကြောင်းအရာတို့ကို သူ မည်သို့ ရည်ရွယ်ချက်ရှိရှိ စီစဉ်ခင်းကျင်းခဲ့ပါသနည်း။ သူ့စာစောင်က ဘုရားသခင့် လူများထံ မည်သို့သော မျှော်လင့်ချက်မျိုးကို ပေးခဲ့ပါသနည်း။

# ပုံစံ ဒီဇိုင်း

ရှမွေလ ဓမ္မရာဇဝင်၏ ပုံစံ ဒီဇိုင်းကို ကြည့်လျှင် စာရေးသူသည် လောကကမ္ဘာနှစ်ခုအကြား ရှိနေသည့် ပကတိ အခြေအနေအတိုင်း ရပ်တည်ခဲ့ကြောင်း ကျွန်ုပ်တို့ ထည့်စဉ်းစားထားရပါမည်။ ထိုလောကကမ္ဘာ နှစ်ခုမှာ သူဖော်ပြခဲ့သော အဖြစ်အပျက်များ၏ ကမ္ဘာနှင့် သူ အပါအဝင် သူ့ပရိသတ်များ ရှင်သန်ခဲ့ရာ ကမ္ဘာတို့ ဖြစ်ကြသည်။ အတိတ်က ဖြစ်ပျက်ခဲ့သည့်အရာ အကြောင်း ဖြစ်စဉ်အမှန်ကို ပေးရန် သူ့ကိုယ်သူ မြုပ်နှံ ရည်စူးခဲ့သည်။ သို့သော် သူ့ခေတ်ကာလ ဣသရေလလူတို့ကို ထိတွေ့ကိုင်တွယ်ရာရောက်သော နည်းများဖြင့် အတိတ်အကြောင်းအရာတို့ကို ရေးရန်အတွက်လည်း သူ့ကိုယ်သူ ရည်စူး မြုပ်နှံခဲ့သည်။ အကြောင်း မလှစ္စာပင် ဧဝံဂေလိ အနက်ဖွင့်သူများက ရှမွေလ ဓမ္မရာဇဝင်ကို ကိုင်တွယ်ရာ၌ ဤ ခွဲခြားမှုမျိုး ပြုရန် မကြာခဏ ပျက်ကွက်ခဲ့ကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ရှေ့မဆက်မီ ကျွန်ုပ်တို့ စာစောင်၏ ပုံစံ ဒီဇိုင်းအပေါ် သက်ရောက်ခဲ့သော အဆိုပါ သြဇာနှစ်ခုကို ပြန်ဖော်ထုတ်ရန် ခေတ္တအချိန်ယူကြပါမည်။

တဖက်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ မှုတ်သွင်းမှုအောက်၌ ရှမွေလ ဓမ္မရာဇဝင်ရေးသူသည် သူ့စာကို သူ မရေးမီ ရှေးက ဖြစ်ပျက်ခဲ့သမျှ ဖြစ်စဉ်အမှန်ကို သူ့ပရိသတ်သို့ ချပြရန် စိတ်ဆုံးဖြတ်ထားခဲ့သည်။ ကျွန်ုပ်တို့ ပြောလေ့ရှိသည့် "ထိုကမ္ဘာ" အကြောင်း သူရေးခဲ့သည်။ ၎င်းသည် သူ့စာစောင်ထဲ အစီရင်ခံထားသည့် သမိုင်းကြောင်း အဖြစ်အပျက်များ၏ ကမ္ဘာပင် ဖြစ်သည်။ ပထမဆုံး သူအစီရင်ခံသည့် အဖြစ်အပျက်မှာ ၁ ဓမ္မ ၁း၁-၂၈ တွင် ပါသည့် ရှမွေလ ဖွားမြင်သည့် အကြောင်း ဖြစ်သည်။ သမ္မာကျမ်းစာနှင့် ရှေးဟောင်းသုတေသန တူးဖော်ချက် အထောက်အထားများက ဘီစီ ၁၀၇၀ ဝန်းကျင်ခန့်တွင် ရှမွေလ မွေးဖွားခဲ့ကြောင်း ညွှန်ပြကြသည်။

ထို့ပြင် ၂ ဓမ္မ ၂၃း၁-၇ ၌ သူ အစီရင်ခံခဲ့သည့် နောက်ဆုံး သမိုင်းကြောင်း အဖြစ်အပျက်သည် ဒါဝိဒ်၏ နောက်ဆုံး စကားများကို ပြန်ဖော်ပြထားသည်။ ဤ စကားသည် ဘီစီ ၉၇၀ ဝန်းကျင် ဒါဝိဒ် အနိစ္စရောက်ကာနီး မိန့်မြွက်ခဲ့သော နောက်ဆုံး တရားဝင် တော်ဝင် ကြေငြာချက်တစ်ခု အလွန်ပင် ဖြစ်နိုင်ချေ ရှိသည်။ သို့ဖြစ်၍ ရှမွေလ ဓမ္မရာဇဝင်သည် ဘီစီ ၁၀၇၀ ဝန်းကျင်မှ ၉၇၀ ဝန်းကျင်ထိ နှစ်ပေါင်း တစ်ရာနီးနီး ရှည်ကြာသော ဣသရေလ သမိုင်းကြောင်း ဖြစ်စဉ်ကို ပေးနေသည်။

ဤရာစုနှစ်သည် ဓမ္မဟောင်း ကာလများအတွင်း ဘုရားသခင့်နိုင်ငံတော် ရင့်သန်ကြီးထွားလာမှု၌ မည်သို့ အရေးပါခဲ့သည် ဆိုသည်ကို ပုံကြီးချဲ့နေစရာ မလိုပါ။ ၎င်းသည် ဣသရေလအတွက် အဓိကကျသော အပြောင်းအလဲကြီး ရှိခဲ့သည့် အချိန်ပင် ဖြစ်သည်။ ရှမွေလ မွေးလာချိန်တွင် ဣသရေလသည် တရားသူကြီးများနှင့် လေဝိသားတို့၏ ကျရှုံးနေသော ခေါင်းဆောင်မှုအောက်တွင် ကစင့်ကလျား ဖြစ်နေခဲ့သည်။ သို့သော် နောက်ဆုံးစကားများကို ဒါဝိဒ် မြွက်ဆိုသည့်အချိန်တွင်မူ ဣသရေလ လူမျိုးနွယ် ရှိသမျှ အပေါ်တွင် ထာဝရ အုပ်စိုးမည့် နန်းဆက် အဖြစ် ဒါဝိဒ်နှင့် သူ့သားမြေးတို့အား ဘုရားသခင် တာဝန်ပြဌာန်းပေးခဲ့ပြီး ဖြစ်သည်။ ဣသရေလ နိုင်ငံအတွင်း အရေးပါသော အဖြစ်အပျက်များစွာမှသည် အဆိုပါ ရင်သပ်ရှုမောဖွယ် အပြောင်းအလဲများဆီသို့ မည်သို့ ဦးတည်သွားကြောင်း ရှင်းပြရန် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် မိမိစာစောင်ကို ပုံစံ ဒီဇိုင်းချထားခဲ့သည်။

ယခုပင် ကျွန်ုပ်တို့ဆိုခဲ့ပြီးဖြစ်သလို ရှမွေလ ဓမ္မရာဇဝင်ထဲ မှတ်တမ်းတင်ခဲ့သည့် အဖြစ်အပျက်များ အားလုံးသည် ကျွန်ုပ်တို့က "ထိုကမ္ဘာ" ဟုခေါ်ဆိုထားသည့် လောကကမ္ဘာ၏ အပိုင်းကဏ္ဍများပင် ဖြစ်ကြသည်။ သို့သော် အခြားတဖက်တွင်မူ ရှမွေလ ဓမ္မရာဇဝင် ဆရာသည် သူနှင့်တကွ သူ့ပရိသတ်တို့ ရှင်သန်ခဲ့ရာ အချိန်နှင့် အခြေအနေများကို ကိုင်တွယ်ရန် အတွက်လည်း စိတ်ဆုံးဖြတ်ထားခဲ့သည်။ ဤအရာကို ကျွန်ုပ်တို့က "သူတို့၏ ကမ္ဘာ"၊ စာရေးသူနှင့် သူ့ပရိသတ်တို့၏ ကမ္ဘာဟု ခေါ်ဆိုကြပါမည်။ ၎င်းသည် သူ့စာစောင်ထဲ အစီရင်ခံထားသည့် သမိုင်းကြောင်း အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ချိန်နောက်ပိုင်း များစွာကြာမြင့်ခဲ့ပြီးလည်း ဖြစ်သည်။ နိုင်ငံတော် နှစ်ခြမ်းကွဲပြားနေချိန်ဖြစ်စေ၊ ဘာဗုလုန် ကျွန်ဘဝ ရောက်ချိန်ဖြစ်စေ၊ ကျွန်ုပ်တို့၏ စာရေးသူသည် သူတို့ကမ္ဘာအတွက် ထူးခြားလေးနက်မှုကို ဘုရားလူတို့အား သွန်သင်ရန် အလို့ငှာ "ထိုကမ္ဘာ"တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းများကို ရေးသားခဲ့သည်။ ထို့ကြောင့် ဤ ရည်ရွယ်ချက်က သူ့စာစောင်၏ပုံစံ ဒီဇိုင်းကို နက်နက်ရှိုင်းရှိုင်း ပုံဖော်ခဲ့သည်။ အတိတ်အကြောင်း သက်သက်ကို တိုက်ရိုက် သီးသန့် ရေးမည့်အစား သူ့ လက်ရှိ ပရိသတ်တို့ ရင်ဆိုင်နေရသည့် စိမ်ခေါ်မှုများကို အဖြေပေးရာရောက်သည့် ပုံစံဖြင့် သူဖြစ်စဉ်ကို သူပြုစုခဲ့သည်။

အခြားသော သမ္မာကျမ်းရေးသူများကဲ့သို့ပင် ရှမွေလ ဓမ္မရာဇဝင်ရေးသူသည်လည်း အဓိက နည်းလမ်း သုံးသွယ်အားဖြင့် အလားတူ လုပ်ဆောင်ခဲ့သည်။ ပထမ ဦးစွာ နောက်ခံ သမိုင်းကြောင်းကို သူ၏ မူလ ပရိသတ်တို့အား ပေးခဲ့သည်။ ၎င်းသည် သူတို့ ခေတ်ကာလက သူတို့ ကြုံတွေ့ခဲ့ရသည့် လက်တွေ့ ဘဝများ၏ သမိုင်းကြောင်း မူလအစများ ဖြစ်ကြသည်။ ဒုတိယအားဖြင့် သူ့ပရိသတ်တို့ လိုက်နာအတုယူရမည့် သို့မဟုတ် ရှောင်ရှားရမည့် သာဓကများကို ပေးရန်အလို့ငှာ ဇာတ်ကောင်များကို သူ့စာစောင်ထဲ ဖော်ပြထားခဲ့သည်။ နောက်ဆုံး တတိယအားဖြင့် "ထိုကမ္ဘာ" ထဲ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များစွာအကြောင်းကို ရေးခဲ့သည်။ ၎င်းတို့က "သူတို့၏ ကမ္ဘာ" ထဲက သူ့ပရိသတ်တို့ တွေ့ကြုံခံစားရသမျှအတွက် မည်သို့ ကြိုတင်အရိပ်ပြချက်များ ဖြစ်နေခဲ့ကြောင်း ပြသသည်။ ထိုနည်းအားဖြင့် သူ့ မူလ ပရိသတ်တို့ ကြုံတွေ့ခဲ့ရသည့် စိမ်ခေါ်မှုများအတွက် လမ်းညွှန်မှုကို သူပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ စာစောင်၏ ပုံစံ ဒီဇိုင်းကို အဆင့်နှစ်ဆင့် အားဖြင့် ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဦးစွာ ၎င်း၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ကို ကျွန်ုပ်တို့ ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပေးပါမည်။ ဒုတိယအားဖြင့် ဤ ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာတို့က ကျွန်ုပ်တို့ စာရေးသူ၏ စာစောင်ကို ခြုံငုံလွှမ်းမိုးသော ရည်ရွယ်ချက်အား မည်သို့ ဖွင့်ပြကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ ရှမွေလ ဓမ္မရာဇဝင်၏ ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာ ခြုံငုံလေ့လာချက်ဖြင့် အစပြုကြပါစို့။

## ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

ရှမွေလ ဓမ္မရာဇဝင် သည် အလွန်ပင် နက်နဲ ရှုပ်ထွေးရကား အသေးစိတ်များထဲ အလွယ်တကူ လမ်းပျောက်သွားနိုင်ပါသည်။ သီးသန့် လက်ရွေးမှု မည်မျှ အားကြီးသည်၊ အခင်းအကျင်း မည်မျှ လိမ္မာခဲ့သည်ကို မတွေ့နိုင်လောက်အောင် ကျွန်ုပ်တို့ လမ်းပျောက်နိုင်ပါသည်။ အမှန်တွင် ရှမွေလ ဓမ္မရာဇဝင်ဆရာသည် လူအချို့နှင့် အဖြစ်အပျက်အချို့၏ အကြောင်းမျှသာ ရေးခဲ့ပြီး သူ့ ရည်ရွယ်ချက်များ ပေါက်ရောက်ရန် ၎င်းတို့အား ကျနစွာ စီစဉ် ခင်းကျင်းခဲ့ခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့ စာစောင်၏ အဆိုပါ သွင်ပြင်လက္ခဏာတို့အကြောင်း ကျွန်ုပ်တို့ သတိပြုမိလေလေ၊ ၎င်း၏ မူလ အဓိပ္ပာယ်နှင့် ယနေ့ခေတ် ကျွန်ုပ်တို့ ဘဝအတွက် မည်သို့ လက်တွေ့အသုံးပြုရမည်ကို နားလည်နိုင်စွမ်း ရှိလေလေ ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့် ပြောရလျှင် ဘုရားသခင့် ဝိညာဉ်တော်သည် ပဓာနကျသော ဇာတ်ကောင် သုံးဦး အပေါ် စူးစိုက်ရန် စာရေးသူကို လမ်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ ရှမွေလ၊ ရှောလု နှင့် ဒါဝိဒ် တို့ ဖြစ်ကြသည်။ အဆိုပါ ဇာတ်ကောင်များကြား ကျိုးကြောင်းသင့်သော ဆက်သွယ်မှု အများအပြား ထုတ်ယူနိုင်ရန်အတွက်လည်း ကိုယ်တော်သည် စာရေးသူအား လမ်းပြတော်မူခဲ့သည်။ ရှင်ဘုရင် အုပ်စိုးသော ခေတ်ကာလတွင်းသို့ ဣသရေလအား ဆောင်သွင်းသူအဖြစ် ရှမွေလကို ဘုရားသခင် တာဝန်ပေးခဲ့သည် ဆိုသည့်အချက်နှင့် ကျွန်ုပ်တို့၏ စာရေးသူ အစပြုခဲ့သည်။ ထို့နောက် ရှောလုသည် ဣသရေလ၏ ပထမဆုံး ရှင်ဘုရင်အဖြစ် မည်သို့ ကျရှုံးခဲ့သည် ဆိုသည့်အပေါ် သူစူးစိုက်ထားခဲ့သည်။ နောက်ဆုံးအားဖြင့် ကိုယ်တော်၏ နိုင်ငံတော်ကို ခိုင်မာစေပြီး ဖြန့်ကျက်ပေးမည့် တန်ဆာပလာအဖြစ် ဒါဝိဒ် ရှင်ဘုရင် အုပ်စိုးမှုနှင့် နန်းဆက်ကို ဘုရားသခင် ထူထောင်ခဲ့ကြောင်း သူ ထင်ရှားဖော်ပြခဲ့သည်။ ဘုရားသခင်သည် ဣသရေလအား တရားသူကြီး အုပ်စိုးရာကာလအထဲမှ ဒါဝိဒ် ရှင်ဘုရင် အုပ်စိုးမှုအောက်သို့ မည်သို့ဆောင်သွင်းခဲ့ကြောင်း ကျွန်ုပ်တို့ စာရေးသူ၏ ရှေ့နောက်ညီညွတ်သည့် သုံးသပ်ချက်ကို အဆိုပါ သုံးပိုင်း ခွဲခြားမှုက ဖွင့်ပြသည်။

> ဓမ္မရာဇဝင် ပထမစောင်နှင့် ဒုတိယစောင် တို့၏ စာပေဖွဲ့စည်းမှု လက်ရာသည် အမှန်အားဖြင့် ရှင်ဘုရင် သုံးပါး တနည်းအားဖြင့် ပုဂ္ဂိုလ်သဘာဝ သုံးမျိုးကို ဗဟိုပြုထားသည်။ ရှမွေလသည် အဓိက ဇာတ်ကောင် ဖြစ်သည်။ ထို့နောက် ရှောလုက အဓိက ဇာတ်ကောင် ဖြစ်လာသည်။ ဒါဝိဒ်သည်လည်း မြင်ကွင်း၌

> ပေါ်လာသည်။ သို့သော် ရှောလုသည် နိုင်ငံအနှံ့ ဒါဝိဒ်နောက်လိုက်နေစဉ်မှာပင် အဓိက ဇာတ်ကောင်အဖြစ် ဆက်ရှိနေသည်။ နောက်ဆုံး ဓမ္မရာဇဝင် ပထမစောင် ပြီးသည့်အခါ သူအသတ်ခံရပြီး ဓမ္မရာဇဝင် ဒုတိယစောင်သည် ဒါဝိဒ်ကို ဗဟိုပြုတည်ဆောက်ထားသည်။ သို့ဖြစ်၍ စာစောင် နှစ်ခုအတွက် ဖွဲ့စည်းမှုကို ပေးသော ဇာတ်ကောင်များမှာ အဆိုပါ ပုဂ္ဂိုလ် သုံးဦး အမှန်ပင် ဖြစ်တော့သည်။
>
> **ဒေါက်တာ John Oswalt**

ကျွန်ုပ်တို့ စာစောင်ထဲက အဆိုပါ အထူးပြုချက်များကို ထည့်သွင်းစဉ်းစားပါက ရှမွေလ ဓမ္မရာဇဝင်ကို အဓိက အပိုင်း သုံးပိုင်းခွဲကာ ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။ ၎င်းတို့မှာ ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း (၁ ဓမ္မ ၁-၇)၊ ရှောလု၏ ကျရှုံးသော အုပ်စိုးမှု (၁ ဓမ္မ ၈- ၂ ဓမ္မ ၁)၊ ဒါဝိဒ်၏ မြဲမြံသော အုပ်စိုးမှု (၂ ဓမ္မ ၂-၂၄) တို့ ဖြစ်ကြသည်။ ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို ဦးစွာ ကြည့်ကြပါစို့။

## ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ( ၁ဓမ္မ ၁-၇)

အစကတည်းကပင် ကျွန်ုပ်တို့၏ စာရေးသူသည် ရှမွေလကို စံပုဂ္ဂိုလ်အဖြစ် ပုံဖော်ထားကြောင်း မှတ်သားထားရန် အရေးကြီးသည်။ ဆိုလိုသည်မှာ ဘုရားသခင်ပေးသော ဆုလက်ဆောင် အဖြစ်၎င်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ စံပြုလောက်သောသူ တစ်ဦး အဖြစ်၎င်း သူ့ကို စာရေးသူက မိတ်ဆက်ပေးခဲ့သည်။ ကျွန်ုပ်တို့၏ စာစောင်အရ ရှမွေလသည် အလွန်ပင် စံပြုဖွယ်ကောင်းသည့် ပုဂ္ဂိုလ် ဖြစ်ခဲ့ရကား ဘုရားသခင်သည် သူကိုယ်တိုင်ကိုသာမက ဣသရေလ ရှိသမျှကိုပါ သူ့အားဖြင့် ကောင်းချီးပေးခဲ့သည်။ ဟုတ်ပါသည်။ ကျွန်ုပ်တို့ စာရေးသူရော သူမူလ ပရိသတ်တို့ကပါ ကျမ်းစာအရရော အများသိ အတွေ့အကြုံအရပါ ရှမွေလသည် အပြစ်သားတစ်ဦး ဖြစ်ကြောင်း သိထားခဲ့ကြပြီး ဖြစ်သည်။ သို့ဖြစ်၍ ရှမွေလ၏ ကျင့်ဝတ် စာရိတ္တဆိုင်ရာ ခက်ခဲ ရှုပ်ထွေးမှုများကို သူတို့ သတိပြုမိခဲ့ပြီး ဖြစ်ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ပါသည်။ သို့သော် ရှမွေလ၏ အမှားများကို ထောက်ပြမည့်အစား ကျွန်ုပ်တို့၏ စာရေးသူသည် ရှမွေလကိုသာမက ဘုရားသခင့်ထံ သူ၏ အစေခံမှုတို့ကိုပါ ရည်ရွယ်ချက်ရှိရှိ မြှင့်တင်ပေးခဲ့သည်။ ရှမွေလကို အဘယ်ကြောင့် ဘုရားသခင် စေလွှတ်ခဲ့သည်၊ ပြင်ဆင်ပေးခဲ့သည်၊ ရှောလုကို ပထမ ဘိသိတ်ပေး၍ ဒါဝိဒ်ကို နောက်မှ ဘိသိတ်ပေးခြင်းဖြင့် ဣသရေလကို ဘုရင် စနစ်နှင့် မိတ်ဆက်ပေးသူအဖြစ် ရှမွေလအား ဘုရားသခင် အတည်ပြုပေးခဲ့သည် ဆိုသည်တို့အပေါ် အလေးပေးရန် ဤအရာကို သူလုပ်ဆောင်ခဲ့သည်။

**ရှမွေလ၏အစောပိုင်းနှစ်များ (၁ ဓမ္မ ၁း၁-၂း၁၁)** ဤသို့ အလွန်အမင်း စံပြုထားသည့် ရှမွေလ ပုံရိပ်ကို အဓိက အပိုင်းနှစ်ပိုင်း အဖြစ် ခွဲခြားနိုင်သည် ပထမ ဦးစွာ ၁ဓမ္မ ၁း၁ မှ ၂း၁၁ အတွင်း မွေးစမှ နို့မကွာမီ အတွင်း ရှမွေလ၏ အစောပိုင်း နှစ်များကို တွေ့ရသည်။ အဆိုပါ အခန်းကြီးများထဲတွင် ကျွန်ုပ်တို့၏ စာရေးသူက ရှမွေလ မွေးလာခြင်းသည် သူ၏ ဘုရားတရား ကိုင်းရှိုင်းသော မိခင်၏

ဆုတောင်းချက်များအပေါ် ဘုရားသခင့် တန်ခိုးတော်၏ အဖြေပေးချက်ဖြစ်ကြောင်း၊ ရှမွေလသည် ဣသရေလ၏ ခေတ်သစ်ကို စတင်သူဖြစ်ကြောင်း အလေးပေးထားသည်။

ရှမွေလ ဓမ္မရာဇဝင်သည် ဟန္နနှင့် ပေနိန္န ဟူ၍ အသီးသီး အမည်ရသည့် ဇနီးနှစ်ဦး ရှိသော ဧလကာန ဟုခေါ်သည့် ယောက်ျား တစ်ဦးနှင့် အစပြုသည်။ ပေနိန္န၌ သားသမီးများစွာ ရှိပြီး ဟန္နမှာမူ မြုံသောမိန်းမဖြစ်၍ ပေနိန္နသည် ဟန္နအပေါ် ရက်စက်ကြမ်းကြုတ်ခဲ့သည်။ ဟန္နသည် သူမ၏ သောက၌ ဆုတောင်းရင်း ဘုရားသခင်သည် သူမအား သားပေးမည်ဆိုပါက သား၏ ဘဝ တစ်လျှောက်လုံး ဘုရားသခင်ကို အလုပ်အကျွေးပြုရန် သားအား အပ်နှံမည်ဖြစ်ကြောင်း ဓိဋ္ဌာန်ခဲ့သည်။ သို့နှင့် ဘုရားသခင်သည် သူမ၏ ဆုတောင်းချက်အား အံ့သြဖွယ် အဖြေပေးခဲ့သည်။

ရှမွေလ မွေးလာချိန်တွင် ဣသရေလသည် ဖရိုဖရဲဖြစ်မှုနှင့် ဆုတ်ယုတ်ကျရှုံးမှုတို့ဖြင့် ပုံဖော်ထားသည့် တရားသူကြီးတို့၏ အချည်းနှီး ကာလအတွင်း လမ်းပျောက်နေခဲ့သည်။ သို့သော် ရှမွေလ ပေါ်ထွန်းလာခြင်းနှင့်အတူ ဘုရားသခင်သည် ဣသရေလထံ ရှင်ဘုရင်တစ်ပါး စေလွှတ်တော့မည် ဆိုသည်ကို ယုံကြည်ရန် ခိုင်လုံသော အကြောင်း ဖန်လာခဲ့သည်။ ရှမွေလ မွေးဖွားလာခြင်းအတွက် ဘုရားသခင်ကို ဟန္န ချီးမွမ်းရာ၌ အဆိုပါ စကားလုံးများဖြင့် အဆုံးသတ်ရာ ၂း၁၀ တွင် ဤ မျှော်လင့်ချက်ကို ကျွန်ုပ်တို့ တွေ့ရသည်။

> ထာဝရ ဘုရားသည် ရန်သူတို့ကို ချိုးဖဲ့တော်မူမည်။ သူတို့ အပေါ်၌ မိုးကောင်းကင်မှ မိုးချုန်းစေတော်မူမည်။ ထာဝရ ဘုရားသည် မြေကြီးစွန်းတိုင်အောင် တရားစီရင်သဖြင့် ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိတ်ခံသောသူကို ချီးမြှောက်တော်မူမည်ဟု မြွက်ဆို၏ (၁ ဓမ္မ ၂း၁၀)။

နိုင်ငံတွင်း ကစဥ့်ကလျား ဖြစ်ရခြင်းနှင့် တိုင်းတပါး ကျူးကျော်သူတို့ကြောင့် ဖြစ်ရသောဒုက္ခများကို ဣသရေလတို့ ကြုံနေရချိန်၌ ထူးခြားသော ယုံကြည်ခြင်းကို ဟန္နက ထုတ်ပြခဲ့သည်။ ရှမွေလ အံ့သြဖွယ် မွေးဖွားလာမှုက သူမအား "ထာဝရ ဘုရားသည် ရန်သူတို့ကို ချိုးဖဲ့တော်မူမည်" ဆိုသည်နှင့် ဘုရားသခင်သည် သူတို့အပေါ်၌ "မိုးကောင်းကင်မှ မိုးချုန်းစေတော်မူမည်" ဆိုသည်တို့ ဖြစ်လာမည့်အကြောင်း စိတ်ချမှုပေးခဲ့သည်။ ထို့ပြင် ထို့ထက်မက "ထာဝရ ဘုရားသည် မြေကြီးစွန်းတိုင်အောင် တရားစီရင်တော်မူမည်" ဆိုသည်ကိုလည်း ဟန္န စိတ်ချမှု ရှိခဲ့သည်။ ကိုယ်တော်သည် မြေကြီးစွန်းတိုင်အောင် တရားစီရင်တော် မူခြင်းဖြင့် သူ၏ တော်ဝင် အခွင့်အာဏာတော်အား ဣသရေလ နယ်နိမိတ်တို့ကို ကျော်လွန် ဖြန့်ကျက်တော်မူမည် ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ကိုယ်တော်၏ နိုင်ငံတော်ကို ကမ္ဘာတလွှား မည်သို့ တိုးချဲ့တော့မည် ဆိုသည့်အပေါ် ဟန္န မည်သို့ ယုံကြည်ထားခဲ့သည် ဆိုသည်ကိုလည်း မှတ်သားရပါမည်။ ၎င်းသည် "ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေခြင်း" ဖြင့် ဖြစ်ပြီး "အထံတော်၌ ဘိသိတ်ခံသောသူ" ကို ချီးမြှောက်ခြင်းဖြင့် ဖြစ်ခဲ့သည်။ ရှမွေလ မပေါ်ထွန်းမီက ဣသရေလ၌ လူသား



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်ဘုရင် မည်သည့်အခါကမျှ မရှိခဲ့ဖူးပေ။ သို့သော် ဟန္န၏ ချီးမွမ်းစကားများအားဖြင့် ကျွန်ုပ်တို့၏ စာရေးသူသည် ဣသရေလ သမိုင်းအတွက် ရှမွေလ၏ အထူးခြား အလေးနက်ဆုံးအထောက်အကူ ပြုချက်ကို မိတ်ဆက်ခဲ့သည်။ မွေးဖွားလာချိန်မှစ၍ ဣသရေလအား ဘုရင်အုပ်စိုးသော ကာလအတွင်းသို့ ဦးဆောင်လမ်းပြရန် ရှမွေလကို ဘုရားသခင် ခေါ် ခဲ့သည်။

**ခေါင်းဆောင်မှု အပြောင်းအလဲ (၁ ဓမ္မ ၂း၁၂-၇း၁၇)** ဘုရင်အဖြစ် အုပ်စိုးခြင်း မတိုင်မီ ရှမွေလ၏ ရှေ့ပြေး နိဒါန်း ဒုတိယ ကဏ္ဍသည် ဧလိနှင့် သူ့သားများထံမှ ခေါင်းဆောင်မှုအား ရှမွေလသို့ လွှဲပြောင်းခြင်း ဖြစ်စဉ်ကို ကျွန်ုပ်တို့ တွေ့ရှိရာ ၂း၁၂-၇း၁၇ အတွင်း ပါရှိသည်။ ဧလိနှင့် သူ့သားများ အပါအဝင် ရှမွေလ မှစ၍ အားလုံးသည် လေဝိ အမျိုးအနွယ်များ ဖြစ်ကြသည်။ ဤ ကာလလောက်တွင် လေဝိလူ အများအပြားသည် ဘုရားသခင့်အပေါ် သစ္စာမရှိကြတော့ဘဲ ဘုရားသခင့် ပညတ်တို့ကို လိုက်နာခြင်းမရှိသည့် အခြေသို့ ဣသရေလနိုင်ငံကို ဦးဆောင်သွားခဲ့ကြောင်း တရားသူကြီး မှတ်စာ၏ နောက်ဆုံး အခန်းကြီးများက ကျွန်ုပ်တို့ကို ယခု ပြောပြထားသည်။ ဤအခြေအနေသည် ရှိလောမြို့ရှိ ပဋိညာဉ်သေတ္တာတော်ရှေ့တွင် အမှုထမ်းသည့် ဧလိနှင့် သူ့သားများအတွက် သေချာပေါက် မှန်ကန်ခဲ့သည်။ သို့သော် ရှမွေလထံ ခေါင်းဆောင်မှု ကူးပြောင်းသွားခြင်းသည် ဣသရေလတို့အတွက် ခေတ်သစ်တစ်ခုကို ကိုယ်စားပြုခဲ့သည်။ ကျွန်ုပ်တို့၏ စာရေးသူက အဆိုပါ လေဝိအမှုတော် ဆိုင်ရာ ဗဟို အခွင့်အာဏာ အကူးအပြောင်းကို ဘုရားသခင် ကိုယ်တော်တိုင် ချမှတ်ပြဋ္ဌာန်းခဲ့ကြောင်း အဆိုပါ အခန်းကြီးများအတွင်း ရှင်းရှင်းပြဆိုထားခဲ့သည်။ ရှမွေလ၏ နှိမ့်ချပြီး ဘုရားသခင့်ထံ ဖြောင့်မတ်စွာ အလုပ်အကျွေးပြုခြင်းက ဣသရေလ တခွင်လုံးတွင် အထူးခြား အပေါ်လွင်ဆုံး လေဝိအမှုတော်ဆိုင်ရာ ပရောဖက်အဖြစ် ချီးမြှောက်ခံရမှုသို့ ရောက်ရှိစေခဲ့သည်။ ထို့ပြင် ဤအဆင့်သို့ ရှမွေလ ရောက်ရှိလာသည်နှင့် ရှင်ဘုရင်အုပ်စိုးသည့် ခေတ်တည်းဟူသော သမိုင်းခေတ်သစ် ကာလထဲသို့ ဣသရေလ တိုင်းပြည်ကို သူခေါ်သွင်းခဲ့တော့သည်။

> စစ်ဖြစ်ချိန်၊ အချင်းချင်းကြား ပဋိပက္ခများကို ဖြေရှင်းချိန် ကဲ့သို့သော အချိန်တို့တွင် ဣသရေလကို ဦးဆောင်ရန် ခေါင်းဆောင်တစ်ဦးကဲ့သို့ ဖြစ်လာမည့် တရားသူကြီး တစ်ဦးအား ဘုရားသခင်သည် မည်သည့် လိုအပ်ချိန်မှာမဆို ပေါ်ထွန်းစေကြောင်း ပြောပြရာတွင် တရားသူကြီး မှတ်စာသည် စိတ်ဝင်စားဖွယ်ကောင်းသည့် စာစောင်ဖြစ်သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင်သို့ ဦးတည်နေသော နောက်ဆုံး တရားသူကြီး ရှံဆုန် ပြီးသည့်နောက် ရှမွေလ ခေတ်ကာလအတွင်း ထိုအချိန်က မည်သည့် တရားသူကြီးမျှ မရှိခဲ့ကြတော့ပေ။ ထို့ကြောင့် ထိုအချိန်က ခေါင်းဆောင်မဲ့ တိုင်းပြည်တပြည် အလား ဖြစ်နေခဲ့သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ဝင်ရောက်လာမှုနှင့်အတူ ရှမွေလ မည်သို့ မွေးလာကြောင်း၊ ထို့နောက် ရှေ့မှာ ပေါ်ပေါက်ခဲ့သည့် တရားသူကြီးများကဲ့သို့ တရားသူကြီး တပါး ဖြစ်လာပြီး စစ်ပွဲမှာ

> ဦးဆောင်နိုင်စွမ်းလည်းရှိ၊ အငြင်းအခုံ ပဋိပက္ခများနှင့် အခြားသော ကိစ္စများကိုပါ ဆုံးဖြတ်ဖြေရှင်းပေးနိုင်စွမ်းလည်း ရှိသည့် ခေါင်းဆောင်မျိုး မည်သို့ ဖြစ်လာကြောင်း ၎င်းစာစောင်က ပြောပြသည်။
>
> **— Rev. Dr. Humphrey Akogyeram**

၁ ဓမ္မ ၁-၇ အတွင်း ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို တင်ဆက်ပြီးသည့်နောက် ရှမွေလ ဓမ္မရာဇဝင် ဆရာသည် ၁ ဓမ္မ ၈-၂ ဓမ္မ ၁ အတွင်း ရှောလုရှင်ဘုရင်၏ အုပ်စိုးမှု ကျရှုံးခန်းဆီ လှည့်သွားသည်။

## ရှောလု၏ ကျရှုံးသော ရှင်ဘုရင်အုပ်စိုးမှု (၁ ဓမ္မ ၈- ၂ ဓမ္မ ၁)

ခြုံပြီး ပြောရလျှင် ကျွန်ုပ်တို့၏ စာရေးသူသည် ရှောလုကို ထူးထူးခြားခြား အနှုတ်သဘော ဖြစ်အောင် သရုပ်ဖော်ခြင်းဖြင့် ရှမွေလနှင့် ရှောလုတို့အကြား သိသာသော ကွဲပြားခြားနားမှုကို ထူထောင်ခဲ့သည်။ ယခုတွင် အဆိုးဆုံးသော အပြစ်သားများပင် ဖြစ်လင့်ကစား အပြစ်ထဲတွင် သူတို့ဘဝ လုံးလုံး ပျက်ဆီး မသွားရလေအောင် ယေဘူယျ ကျေးဇူးတော်ကို ဘုရားသခင် ခံစားခွင့်ပေးကြောင်း အတွေ့အကြုံအရရော ကျမ်းစာအရပါ ကျွန်ုပ်တို့ သိထားကြသည်။ သို့ဖြစ်၍ ရှောလုကို ဘုရားသခင် ရွေးကောက်ခဲ့ပြီး ရှမွေလက သူ့အား ဘိသိတ်ပေးခဲ့ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ဝန်ခံထားသည်။ ရှောလု နန်းတက်စ အချိန်က ဣသရေလလူမျိုးနွယ် ရှိသမျှ၏ ထောက်ခံမှု၊ တိုက်ပွဲ အောင်မြင်မှုတို့ဖြင့် ရှောလုအား ဘုရားသခင် ကောင်းချီးပေးခဲ့ကြောင်းကိုလည်း သူ မှတ်သားထားခဲ့သည်။ သို့သော် အဘယ်ကြောင့် ရှမွေလက ရှောလုအား ထောက်ခံမှုကို အဆုံးသတ်ပြီး ဆန့်ကျင်စ ပြုလာခဲ့သည် ဆိုသည့်အပေါ် *အဓိကအားဖြင့်* ကျွန်ုပ်တို့၏ စာရေးသူက စူးစိုက်ထားခဲ့သည်။ ရှောလုသည် ဘုရားသခင်အား အကြိမ်ကြိမ် ပုန်ကန်ခဲ့သဖြင့် သူနှင့် သူ့မိသားစုအပေါ် ဘုရားသခင့် စီရင်ချက် ကျရောက်လာခဲ့သည်။ ရှောလု၏ အပြစ်တို့မှာ ကြီးမားလွန်းရကား ဝိညာဉ်ဆိုးက သူ့အား ရူးသွပ်စေခဲ့သည်။ သူသည်လည်း ဒါဝိဒ်နောက်သို့ မနေမနား ထပ်ချပ်လိုက်ကာ ဣသရေလ ပြည်သူတို့ကို အကြောင်းမဲ့ ပင်ပန်းစေခဲ့သည်။ ဘုရားသခင်၏ ဘုန်းတော်နှင့် ပြည့်စုံသော ကမ္ဘာလုံး ဆိုင်ရာ နိုင်ငံတော်အတွက် ရှောလုနှင့် အိမ်သူအိမ်သားတို့အပေါ် သူတို့မျှော်လင့်ချက် မထားခဲ့ကြောင်း ရှောလုနှင့်စပ်လျဉ်းသည့် ဤအနှုတ်သဘော သရုပ်ဖော်ချက်က ရှမွေလ၏ မူလပရိသတ်သို့ ထင်ရှားပြသခဲ့သည်။ သို့ဖြစ်၍ ရှောလုနေရာတွင် အစားထိုးသည့်အနေဖြင့် ဘုရားသခင်၏ အတည်ပြုချက်ရရှိသူ ဒါဝိဒ် အပေါ်မှလွဲ၍ မည်သည့် ရှင်ဘုရင်အပေါ်တွင်မျှ အနာဂတ်ဆိုင်ရာ သူတို့၏ မျှော်လင့်ချက်ကို မထားရှိသင့်ပါ။

**ရှောလု၏ နန်းတက်စ နှစ်များ (၁ဓမ္မ ၈-၁၅)** ကျယ်ကျယ်ပြန့်ပြန့် ဆိုရလျှင် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေး နိဒါန်းကို နှစ်ပိုင်းခွဲသည့်အတိုင်း ရှောလု၏ ကျရှုံးသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်ဘုရင်အုပ်စိုးမှုကိုလည်း အလားတူစွာ အဓိက နှစ်ပိုင်း ခွဲခြားနိုင်သည်။ ပထမအားဖြင့် ၎င်းသည် ၁ ဓမ္မ ၈-၁၅ အတွင်း ရှောလု၏ နန်းတက်စ နှစ်ကာလများကို ကိုင်တွယ်ထားပြီး ရှောလုဘဝ၌ ဒါဝိဒ် အရေးမပါသေးခင် ကာလ ဖြစ်သည်။

အတိုဆိုရလျှင် အဆိုပါ အခန်းကြီးများက ရှမွေလ၏ အတည်ပြုချက်ဖြင့် ရှောလု မည်သို့ ရှင်ဘုရင် ဖြစ်လာခဲ့သည်၊ ဣသရေလ လူမျိုးနွယ်တို့ကို ပေါင်းစည်းညီညွတ်ခဲ့သည်၊ ဣသရေလတို့၏ ရန်သူများအပေါ် အရေးပါသော အောင်ပွဲအချို့ရရှိစေခဲ့သည် ဆိုသည်တို့အပေါ် စူးစိုက်ထားသည်။ သို့သော် များမကြာမီမှာပင် ရှောလုသည် ဘုရားသခင့်အထံတော်မှ ထွက်သွားခဲ့ပြီး သူကိုယ်နှင့် ဣသရေလ တိုင်းပြည်အပေါ် ဒုက္ခရောက်စေခဲ့သည်။ အမှန်တွင် မောရှေ၏ ပညတ်တရားနှင့် ရှမွေလ၏ ပရောဖက်ပြု ညွှန်ကြားချက်များကို အလွန်ပင် ပြောင်ကျစွာ သူ ကျူးလွန်ခဲ့ရကား ဘုရားသခင်သည် သူနှင့်တကွ သူ့ အဆွေအမျိုး တစ်ခုလုံးအား ရှင်ဘုရင်အဖြစ် အုပ်စိုးခွင့်မှ ငြင်းပယ်ရန် ရှမွေလကို မိန့်မှာခဲ့သည်။ ရှောလုနှင့် သူ့မိသားစုအပေါ် ရှမွေလ စီရင်သည့် ပြစ်ဒဏ် ကြေညာချက်အကြောင်း ကျွန်ုပ်တို့ ဖတ်ရသည့် ၁ ဓမ္မ ၁၅:၂၈-၂၉ ကို နားထောင်ကြည့်ပါ။

> ရှမွေလကလည်း "ယနေ့ ထာဝရ ဘုရားသည် ဣသရေလနိုင်ငံကို သင်မှ ဆုတ်ယူ၍ သင့်ထက်ကောင်းသော သင်၏ အိမ်နီးချင်းအား ပေးတော်မူပြီ။ ထိုမှတပါး ဣသရေလအမျိုး၏ အစွမ်းသတ္တိ ဖြစ်သော ဘုရားသည် မုသာသုံးခြင်း၊ နောင်တရခြင်းနှင့် ကင်းလွတ်တော်မူ၏။ နောင်တရအံ့သောငှာ လူဖြစ်တော်မမူ (၁ ဓမ္မ ၁၅:၂၈-၂၉)"

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသလို ဘုရားသခင်သည် ရှောလုထံ မှ ဣသရေလ နိုင်ငံတော်ကို ခေတ္တဆုတ်ယူရုံမျှသာမကပါ။ ရှမွေလ ကြေညာခဲ့သည့်အတိုင်း ဘုရားသခင်သည် ၎င်းအား "ရှောလုထက်ကောင်းသော အိမ်နီးချင်း" ဆီသို့ ပေးတော့မည် ဖြစ်သည်။ "ဣသရေလ အမျိုး၏ အစွမ်းသတ္တိဖြစ်သော" ဘုရားသခင်သည် "နောင်တရှိခြင်းငှာ" သို့မဟုတ် မကြာခဏ ပြန်ဆိုကြသည့်အတိုင်း "နောင်တရခြင်းငှာ" လူတစ်ဦး တစ်ယောက်ကဲ့သို့ မဟုတ်ခဲ့ပါ။ ရှေ့ခရီးတွင် မည်သို့ပင် ဖြစ်လာခဲ့ပါစေ၊ ရှောလု၏ အိမ်ထောင်မိသားစုကို မိမိ ငြင်းပယ်ခဲ့မှုမှ ဘုရားသခင် ဘယ်တော့မျှ နောက်ပြန် မလှည့်တော့ပါ။ ထို့ပြင် ဒါဝိဒ်တည်းဟူသော နောက်တစ်ဦးထံ ဣသရေလ ထီးနန်းကို ပေးမည့် ဆုံးဖြတ်ချက်မှလည်း ကိုယ်တော်သည် ဘယ်တော့မျှ နောက်ပြန်မလှည့်တော့ပါ။

**ခေါင်းဆောင်မှု ကူးပြောင်းခြင်း ( ၁ဓမ္မ ၁၆- ၂ဓမ္မ ၁)** ရှောလု နန်းတက်စ နှစ်ကာလများအကြောင်း ဤသို့ အစီရင်ခံပြီးသည့်နောက် ကျွန်ုပ်တို့၏ စာရေးသူသည် ရှောလု၏ ကျရှုံးသော အုပ်စိုးမှု ဒုတိယမြောက် အဓိက အပိုင်းဖြစ်သည့် ၁ ဓမ္မ ၁၆- ၂ဓမ္မ ၁ အတွင်း ဖြစ်ပျက်သည့် ခေါင်းဆောင်မှု အကူးအပြောင်းဆီသို့ ရွှေ့သွားသည်။

ဧလိနှင့် သူ့သားများထံမှသည် ရှမွေလထံသို့ လေဝိအမှုတော်ဆိုင်ရာ အခွင့်အာဏာ ကူးပြောင်းမှုကို ဘုရားသခင် အတည်ပြုခဲ့သည်နှင့် များစွာ အလားတူ ရှောလုထံမှသည် ဒါဝိဒ်ထံသို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တော်ဝင်အုပ်စိုးမှု အခွင့်အာဏာ ကူးပြောင်းမှုကို ဘုရားသခင် အတည်ပြုခဲ့သည်။ ရှောလုနှင့် ဒါဝိဒ်တို့အကြား တွေ့ဆုံမှု များစွာ၌ ဘုရားသခင့် မျက်နှာလွှဲမှုကို ရှောလု ခံယူထိုက်ကြောင်း ပေါ်လွင် ထင်ရှားလာခဲ့သည်။ ဝိညာဉ်ဆိုး တပါး၏ ဩဇာအောက် သူကျရောက်ခဲ့ပြီး ရူးသွပ်မှုထဲ လွင့်ပါသွားခဲ့သည်။ သူ၏ တော်ဝင် အခွင့်အာဏာကို အကြိမ်ကြိမ် သူ အလွဲသုံးခဲ့သည်။ ဒါဝိဒ်၏ အသက်ကို မတရား ရန်ရှာခဲ့သည်။ ထို့ပြင် သူ့ဘဝ နောက်ဆုံး အချိန်များ၌ ရှောလုသည် လူသေနှင့်ပင်လျှင် ဆွေးနွေးတိုင်ပင်ခဲ့သည်။ အကျိုးရလာဒ်အားဖြင့် ဖိလိတ္တိလူတို့နှင့် စစ်တိုက်ရာတွင် ရှောလုနှင့် သူ့သားများ သေကြေခဲ့ရသည်။ သို့သော် ဤအချိန်ကာလ တလျှောက်လုံး ဘုရားသခင်သည် ဒါဝိဒ်ကို ကောင်းချီးပေးခဲ့သည်။ ဒါဝိဒ်သည် အပြစ်ကင်းစွာ ဆက်ရှိနေခဲ့ပြီး ရှောလုအပေါ် နှိမ့်ချ ဆက်ဆံမှု၊ ဘုရားသခင်အပေါ် သစ္စာစောင့်သိမှုတို့ဖြင့် ဘုရားသခင့် သနားခြင်း ကရုဏာတော်ကို တုန့်ပြန်ခဲ့သည်။ ရှောလုနှင့် ဒါဝိဒ်တို့ကို အဆိုပါပုံစံများအတိုင်း ဆန့်ကျင် ခြားနားစေသောအားဖြင့် ရှောလုကို ဘုရားသခင် လုံးလုံး ငြင်းပယ်ခဲ့ကြောင်းနှင့် ရှောလုနေရာတွင် ဣသရေလရှင်ဘုရင် အဖြစ် အစားထိုးရန် ဒါဝိဒ်ကို ပေါ်ထွန်းစေခဲ့ကြောင်း သံသယ မရှိအောင် ရှမွေလ ဓမ္မရာဇဝင် ရေးသူက အထင်အရှား ပြခဲ့သည်။

> ရှောလုမင်းနှင့် ဒါဝိဒ်မင်းတို့သည် ကွဲပြားခြားနားကြပြီး ကျွန်ုပ်အတွက် အဓိက ခြားနားမှုပြောပါဆိုလျှင် တဦးသည် မကောင်းသော ရှင်ဘုရင် ဖြစ်ခဲ့ခြင်း အဓိပ္ပာယ်ကို စံနမူနာပြပြီး အခြားတဦးသည် ကောင်းသော ရှင်ဘုရင် ဖြစ်ခဲ့ခြင်း အဓိပ္ပာယ်ကို စံနမူနာပြသည်။ ရှောလုသည် ကြီးကျယ်သော ဘုရင်တပါး ရှိသင့်သည့် အပြင်ပန်း မျှော်လင့်ချက်များနှင့် ကိုက်ညီခဲ့သည်။ အဆင့်အတန်း ရှိသော မိသားစုမှ ဆင်းသက်လာသူအဖြစ် သူ့ကို ဖော်ပြထားသည်။ ဣသရေလတိုင်းပြည်မှာ ရှိသမျှ လူတိုင်းထက် အရပ်အမောင်း အရ ခေါင်းတစ်လုံး မြင့်သူ အဖြစ် သူ့ကို ဖော်ပြထားသည်။ သို့ဖြစ်၍ အပြင်ပန်း မျှော်လင့်ချက်များနှင့် သူကိုက်ညီခဲ့သည်။ သို့သော် ဘုရားလူတို့၏ ရှင်ဘုရင်အဖြစ် အနေအထား အမျိုးမျိုး၌ အကြောင်းမလှစွာ၊ ဆိုးရွားစွာ၊ သူကျရှုံးခဲ့သည်။ ဘုရားထက် လူကို မည်သို့ ကြောက်ရွံ့ခဲ့ကြောင်း သူ ပြခဲ့သည်။ မြို့တမြို့ကို ဖျက်ဆီးရန် သူတို့ကို ဘုရားသခင် သီးသန့် အမိန့်ပေးခဲ့သည်။ ထိုနေရာသို့ သူတို့သွားတိုက်ပြီး ဘုရားသခင့် မစမှုအရ တိုက်ပွဲအောင်ခဲ့သည်။ သို့သော် တိုက်ရာပါ ပစ္စည်းအချို့ကို သူတို့အတွက် သူတို့ စုဆောင်းခဲ့ကြသည်။ သူ့လူများ၊ စစ်သူရဲများက လုပ်ခဲ့ကြသည်။ ရှောလုမင်းက ထိုအတွက် ခွင့်ပြုခဲ့သည်။ ထို့ကြောင့် အကျိုးဆက်အဖြစ် နိုင်ငံတော်ကို သူ့ထံမှ ယူဆောင်သွားတော့မည် ဖြစ်ကြောင်း ရှမွေလက သူ့ကို ရှင်းရှင်း ပြဆိုခဲ့သည်။ အခြားတဖက်တွင်မူ ဒါဝိဒ်မင်းက အလွန်ပင် ခြားနားမှု ရှိနေခဲ့သည်။ နောင်တွင် ဣသရေလထဲက နောက်ထပ် မိသားစုတစ်ခုဖြစ်သည့် ယေရှဲ မိသားစုထံ ရှမွေလ မည်သို့ သွားရောက်သည် ဆိုသည်မှာ မိမိအတွက် စိတ်ဝင်စားဖွယ်

ကောင်းပါသည်။ ဘုရားသခင်သည်လည်း ဣသရေလ၏ နောက် ရှင်ဘုရင်ကို ဘိသိတ်ပေးရန် ထိုနေရာသို့ သူ့အား စေလွှတ်ခဲ့သည်။ သို့ဖြစ်၍ မည်သူအား ဘုရားသခင် ခေါ်ယူမည်ကို တွေ့မြင်ရန် ရှမွေလက ယေရှဲအား သူ့သားများကို တစ်ဦးစီ ရှေ့သို့ ခေါ်သွင်းစေသည်။ ကောင်းပါပြီ။ ယေရှဲက သားခုနှစ်ယောက်ကို ခေါ်သွင်းပြီး အငယ်ဆုံးသား ဒါဝိဒ်ကိုမူ အမြင်မခံဘဲ ချန်ထားသည်။ သူသည်လည်း သိုးများကို ထိန်းကျောင်းရင်း ကွင်းပြင်ထဲမှာပဲ ရှိနေသည်။ သို့သော် ရှမွေလ ကိုယ်တိုင်ပင်လျှင် သားအကြီး ဧလျာဘကို တွေ့သည့်အခါ အပြင်ပန်းကို ကြည့်ပြီး ယုံကြည်တတ်သည့် ထောင်ချောက်ထဲသို့ အလားတူ ကျသွားသည်။ ထိုသူ မည်မျှ အရပ်ရှည်သည်ကို သူတွေ့သည်။ ထိုသူ၌ ရာဇဟန်ပန် ပေါ်လွင်နေသည်။ ထို့ကြောင့် "စင်စစ် ထာဝရ ဘုရားအခွင့်နှင့် ဘိသိတ်ခံသောသူသည် ငါ့ရှေ့မှာ ရှိ၏" ဟု တွေးခဲ့သည်။ သို့သော် ဘုရားသခင်က "သူ၏ မျက်နှာ၊ သူ၏ အရပ်ကို မကြည့် မရှုနှင့်။ လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်၏။ ထာဝရ ဘုရားမူကား နှလုံးကို ကြည့်ရှုတတ်သည်" ဟု မိန့်တော်မူခဲ့သည်။ အဆိုပါ ညီအစ်ကို များထဲက မည်သူ့ကိုမျှ ဘုရားသခင် မရွေးကောက်ခဲ့ပါ။ အဆုံးတွင် သူတို့သည် ကွင်းပြင်မှာ ရှိနေသော အငယ်ဆုံးသား ဒါဝိဒ် ကို သွားခေါ် ခဲ့ကြပြီး ဤသူသည် ရွေးကောက်ခံရသူ ဖြစ်ကြောင်း ဘုရားသခင်ကလည်း ရှင်းရှင်းပြဆိုထားခဲ့သည်။

**ဒေါက်တာ Doug Falls**

## ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု (၂ ဓမ္မ ၂-၂၄)

ရှမွေလ ဓမ္မရာဇဝင်သည် ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းနှင့် မည်သို့ အစပြုပြီး ရှောလု၏ ကျရှုံးသော အုပ်စိုးမှုနှင့် ခရီးဆက်ကြောင်း တွေ့မြင်ပြီးသည့်နောက် ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု ဆိုသည့် ကျွန်ုပ်တို့ စာစောင်၏ နောက်ဆုံး အပိုင်းသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသလိုပင် ကျွန်ုပ်တို့၏ စာရေးသူသည် ရှောလုနှင့် သူ၏ အဆွေအမျိုးတို့အား ဣသရေလထီးနန်း၌ ရှင်ဘုရင်အဖြစ် အုပ်စိုးခွင့်မှ ဘုရားသခင် အဘယ်ကြောင့် ငြင်းပယ်ရသည့် အကြောင်းကို ရှင်းပြရန် ရှောလု၏ ကျရှုံးမှုအပေါ် မီးမောင်းထိုးပြခဲ့သည်။ သို့သော် နှိုင်းယှဉ်ပြရလျှင် ရှမွေလ ဓမ္မရာဇဝင်ထဲ ဒါဝိဒ်၏ စရိုက်လက္ခဏာကို ဖော်ပြမှုသည် များစွာပို၍ ချိန်ခွင်လျှာ မျှသည်။ ဒါဝိဒ်၏ အပြုသဘောဆောင် အရည်အချင်းများ၊ တိုက်ပွဲအောင်မြင်ခြင်းများနှင့် ဘုရားသခင့်ရှေ့ နှိမ့်ချမှုကဲ့သို့ အောင်မြင်ပြီးမြောက်မှုများ အပေါ် ၎င်းက များစွာ အာရုံစိုက်ထားသလို ဒါဝိဒ်၏ ဆိုးရွားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကျရှုံးမှုနှင့်တကွ သူ့မိသားစုနှင့် ဣသရေလ အပေါ် သူ ကျရောက်စေသည့် ဒုက္ခများအားလည်း ၎င်းက ပွင့်ပွင့်လင်းလင်း ဝန်ခံသိမှတ်ထားသည်။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒါဝိဒ်၏ ကျရှုံးမှုများ ရှိခဲ့လင့်ကစား ဘုရားသခင်သည် ဒါဝိဒ်ကို အကြီးအကျယ် မျက်နှာသာပေးခဲ့ကြောင်း ကျွန်ုပ်တို့၏ စာရေးဆရာက အခိုင်အမာ ပြောဆိုခဲ့သည်။ ထို့ပြင် ဘုရားသခင့် မျက်နှာကြောင့်ပင် ကမ္ဘာမြေတလွှား ဘုရားသခင့် နိုင်ငံတော်ကျယ်ပြန့်ရေး ဦးဆောင်ရန်အတွက် ဒါဝိဒ် နန်းဆက်သည် တည်တံ့မြဲမြဲလိမ့်မည် ဖြစ်သည်။

ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု အကြောင်း မှတ်တမ်းကို ၂ ဓမ္မ ၂-၂၄ တွင် တွေ့ရသည်။ ဤအပိုင်းသည် ကျွန်ုပ်တို့စာစောင်၏ မယှဉ်သာအောင် အရှည်လျားဆုံးသော အပိုင်း ဖြစ်သည်။ ၎င်းသည် ရှေ့က အပိုင်းနှစ်ပိုင်းပုံစံနှင့် ကွဲလွဲသည်။ ၎င်းအား ကဏ္ဍရှည် သုံးခုအဖြစ် ခွဲနိုင်သည်။ ၎င်းတို့မှာ ဒါဝိဒ်၏ အစောပိုင်း ကောင်းချီး နှစ်ကာလများ (၂ ဓမ္မ ၂-၉)၊ သူ၏ နောက်ပိုင်း အမင်္ဂလာ နှစ်ကာလများ (၂ဓမ္မ ၁၀-၂၀) နှင့် ဒါဝိဒ် အုပ်စိုးမှု၏ ဆက်လက်ဖြစ်ပေါ်သော ကောင်းကျိုးများအကြောင်း အကျဉ်းချုပ် (၂ဓမ္မ ၂၁-၂၄) တို့ ဖြစ်ကြသည်။

**အစောပိုင်းကာလ ကောင်းချီးများ (၂ ဓမ္မ ၂-၉)** ဒါဝိဒ်၏ အစောပိုင်း ကောင်းချီး နှစ်ကာလများ ကဏ္ဍသည် ရှောလု အနိစ္စရောက်ပြီးနောက် ပထမ ဟေဗြုန်၌၊ ထို့နောက် ယေရုရှလင်၌ ဣသရေလ ရှိသမျှအပေါ် အုပ်စိုးသော ရှင်ဘုရင်အဖြစ် ဒါဝိဒ် မည်သို့ ပေါ်ထွန်းလာခဲ့သည်ကို အစီရင်ခံသည်။ အဆိုပါ အခန်းကြီးများ တလျှောက် ဘုရားသခင်သည် ကိုယ်တော့်အပေါ် ဒါဝိဒ် သစ္စာစောင့်မှုကို တုန့်ပြန်သည့်အနေဖြင့် ဒါဝိဒ်နှင့် ဣသရေလကို ကောင်းချီးပေးခဲ့သည်။ ဒါဝိဒ်သည်လည်း ဣသရေလ၏ ရန်သူတို့အပေါ် အောင်ပွဲ များစွာ ရရှိခဲ့သည်။ ထို့ပြင် ဣသရေလလူတို့ အတွင်း ဒါဝိဒ်ကို ပုန်ကန်မှု ရှိခဲ့လင့်ကစား သူ့ကို ထောက်ခံအားပေးမှု မြင့်တက်ခဲ့ပြီး ရှောလု နှင့် သူ့အဆွေအမျိုးကို အလုပ်အကြွေးပြုခဲ့သူ အချို့ထံမှပင် ရခဲ့သည်။ ဒါဝိဒ် နန်းတက်စ ကောင်းချီးနှစ်ကာလများ၏ အထွတ်အထိပ်သည် ဣသရေလ တော်ဝင်အိမ်ထောင်၏ ဥသျှောင်ဖြစ်မည့်အကြောင်း ဘုရားသခင် ကတိတော်ပေးချိန်ပင် ဖြစ်သည်။ ၂ ဓမ္မ ၇း၁၆ ၌ ပရောဖက် နာသန်အားဖြင့် ဒါဝိဒ်အား ဘုရားသခင် မိန့်ဆိုခဲ့သည့်အရာကို နားထောင်ကြည့်ပါ။

> သင်၏ အမျိုးအနွယ်နှင့် သင်၏ နိုင်ငံသည် ငါ့ရှေ့မှာ အစဉ် အမြဲ တည်လိမ့်မည်။ သင်၏ ရာဇပလ္လင်သည်လည်း အစဉ်အမြဲ တည်လိမ့်မည်ဟု ငါ့ကျွန်ဒါဝိဒ်အား ပြောလော့ဟု မိန့်တော်မူ၏ (၂ ဓမ္မ ၇း၁၆)။

ဤနေရာတွင် ရှောလုနှင့် သူ့အဆွေအမျိုးကို ဘုရားသခင် အစဉ် ငြင်းပယ်မှုနှင့် တိုက်ရိုက် ကွဲလွဲဆန့်ကျင်စွာဖြင့် ဒါဝိဒ် အမျိုးအနွယ်နှင့် နိုင်ငံတော်အား ဧကန်အမှန် တည်စေလျက် သူ့ပလ္လင်ကိုလည်း ထူထောင်မည့်အကြောင်း ဘုရားသခင်က အလေးအနက် ကတိပြုခဲ့သည်။ ထို့ပြင် ဤအရာသည် "ထာဝစဉ်"၊ (ဟေဗြဲ စကား *အက်ဒ် အိုလမ်*) မှန်ကန်လိမ့်မည် ဖြစ်ကြောင်း နှစ်ကြိမ်နှစ်ခါ တိုင်တိုင် ဘုရားသခင် အတည်ပြုခဲ့သည်။

ယခုတွင် ဒါဝိဒ်၏ တော်ဝင်သားများ သူ့ထံမှ လွဲသွားပါက အချိန်အတိုင်းအတာ တစ်ခုထိ သူတို့ကို ကိုယ်တော် ဆုံးမမည့်အကြောင်း အခန်းကြီး ၇ ထဲက နေရာတိုင်း၌ ဘုရားသခင် သတိပေးခဲ့သည်။ ထို့ပြင် ဤသတိပေးချက်သည်လည်း ကျွန်ဘဝသို့ ယုဒပြည် ကျရောက်သွားခြင်းဖြင့် အံ့သြဖွယ် ပြည့်စုံခဲ့သည်။ သို့သော် ဘုရားသခင်သည် သူ့မင်းဆက် လုံးလုံး ပယ်ဖြတ်ခံရသည့်အဖြစ်မျိုး မည်သည့်အခါမျှ ရောက်လာမည် မဟုတ်ကြောင်း ဒါဝိဒ်ကို ကတိပေးထားခဲ့သည်။ ရှေ့ခရီးတွင် ဘာတွေပဲ ဖြစ်လာပါစေ တည်မြဲမည်သာ ဖြစ်သည်။

**နောက်ပိုင်းကာလ အမင်္ဂလာများ (၂ ဓမ္မ ၁၀-၂၀)** အဆိုပါ နန်းတက်စ ကောင်းချီးနှစ်ကာလများ နောက်ပိုင်း ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင်အုပ်စိုးမှု ဒုတိယ ကဏ္ဍသည် ၂ ဓမ္မ ၁၀-၂၀ အတွင်း နောက်ပိုင်းကာလ အမင်္ဂလာများ အကြောင်း အစီရင်ခံထားသည်။ အဆိုပါ အခန်းကြီးများသည် ဗာသရှေဘနှင့် သူပြစ်မှားသော အပြစ်၊ ဗာသရှေဘ၏ ခင်ပွန်း ဟိတ္တိလူ ဥရိယကို သူ သတ်ဖြတ်သည့် အပြစ် စသည့် သူ၏ တော်ဝင် အခွင့်အာဏာကို အဆိုးရွားဆုံး အလွဲသုံးအမြတ်ထုတ်မှုများ ပါဝင်သောကြောင့် ထင်ရှားသည်။ အဆိုပါ အလွဲသုံးမှုများကြောင့် ဘုရားသခင်သည် ဗာသရှေဘ၏ သားကို သေစေခြင်းဖြင့် ဒါဝိဒ်ကို အမင်္ဂလာ ပေးခဲ့သည်။ သို့သော် ဒါဝိဒ်၏ နိုင်ငံတော်အပေါ် ဒုက္ခများ ကျရောက်လာမည့်အကြောင်း ကိုယ်တော် သတိပေးခဲ့သည့်တိုင် ဒါဝိဒ်၏ ရိုးရိုးသားသား နောင်တရခဲ့သည့်အပေါ် ဘုရားသခင်က ကရုဏာဖြင့် တုန့်ပြန်ခဲ့သည်။ စောင်းအမှန်လည်း ထိုသို့ ဖြစ်ခဲ့သည်။ သူ့အပြစ်ကြောင့် ဒါဝိဒ် ဘဝတလျှောက် မိသားစုအပါအဝင် ဣသရေလ တစ်နိုင်ငံလုံး အတိဒုက္ခရောက်ခဲ့ရသည်။ သို့သော်လည်း ၂ ဓမ္မ ၁၂း၂၄-၂၅ မှာ ကျွန်ုပ်တို့ ဖတ်ရသလို ဤ ဒါဝိဒ်အုပ်စိုးမှု ကဏ္ဍထဲမှာပင်လျှင် ဒါဝိဒ်အတွက် နန်းဆက်တည်မြဲစေမည် ဟူသောကတိကို ဘုရားသခင် မဖျက်ခဲ့ပါ။ ဤကျမ်းချက်ကို နားထောင်ကြည့်ပါ။

> (ဗာသရှေဘ) သည်လည်း သားယောက်ျားကို ဖွားမြင်၍ ရှောလမုန် အမည်ဖြင့် အဘ မှည့်လေ၏။ ထာဝရ ဘုရားသည် ထိုသူငယ်ကို ချစ်၍ ကျေးဇူးပြုတော်မူသဖြင့် ပရောဖက်နာသန်ကို စေခိုင်း၍ ယေဒိဒိ အမည်ဖြင့် မှည့်တော်မူ၏ (၂ဓမ္မ ၁၂း၂၄-၂၅ NIV)။

"ရှောလမုန်" ဟူသည် ဒါဝိဒ်သားတော်၏ ရာဇပလ္လင်နှင့် ဆိုင်သည့် အမည် ဖြစ်ပြီး "ငြိမ်သက်ခြင်း၏လူ"ဟု အဓိပ္ပာယ်ရသည်။ သို့သော် ပရောဖက် နာသန်အားဖြင့် ဘုရားသခင်သည် သူ့အား "ယေဒိဒိ" ဟူသော တစ်ကိုယ်ရည် အမည်နာမ ပေးခဲ့ပြီး "ယာဝေ၏ ချစ်ခြင်းကို ခံရသူ" (ဝါ) "ဘုရားသခင် သူ့ကို ချစ်တော်မူသောကြောင့်" ဟူ၍ အဓိပ္ပာယ်ရသည်။ ရှောလမုန်အပေါ် ဘုရားသခင် ထားတော်မူသော သီးသန့် မေတ္တာက ဒါဝိဒ်နှင့် သူ၏ တော်ဝင် ဆွေစဉ်မျိုးဆက်တို့အပေါ် ဘုရားသခင် ဆက်လက် မျက်နှာသာပေးမည့် အကြောင်း အတည်ပြုခဲ့သည်။

**ဆက်လက်ဖြစ်ပေါ်သော ကောင်းကျိုးများ (၂ ဓမ္မ ၂၁-၂၄)** ဒါဝိဒ် နန်းတက်စ ကောင်းချီးနှစ်ကာလများ အကြောင်း အပြုသဘောများနှင့် နောက်ပိုင်း ဒုက္ခနှစ် ကာလများအကြောင်း ဖော်ပြပြီးသည့်နောက်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ၂ဓမ္မ ၂၁-၂၄ အတွင်း ဒါဝိဒ် အုပ်စိုးနေဆဲကာလတွင်း ဆက်လက်ဖြစ်ပေါ်နေသော ကောင်းကျိုးများ အကြောင်းကိုလည်း အကျဉ်းချုပ်၍ သူ့ပရိသတ်ထံ ပေးခဲ့သည်။ အနက်ဖွင့်သူ များစွာက ဤအကျဉ်းချုပ်အား ရှမွေလ ဓမ္မရာဇဝင်၏ "နောက်ဆက်တွဲ" ဟု ခေါ်ဆိုထားကြသည်။ ၎င်း၌ ဒါဝိဒ် အုပ်စိုးစဉ်ကာလ အမျိုးမျိုးသော အချိန်ကာလများအတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များ ပါဝင်ပြီး ၎င်းတို့ကို ဖြစ်ပျက်ချိန်အရ မဟုတ်ဘဲ ခေါင်းစဉ်အရ စီစဉ်ခင်းကျင်းထားသည်။

အဆိုပါ အခန်းကြီးများအတွင်း ဒါဝိဒ်နန်းဆက်၏ အနာဂတ် မြဲမြံလုံခြုံမှုကို အတည်ပြုသည့် သီးသန့် ဗျာဒိတ်များအား ဘုရားသခင်သည် ဒါဝိဒ်အားဖြင့် ပေးခဲ့ကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။ ကြီးကျယ်သော အောင်ပွဲများကို ဆောင်ကြဉ်းပေးခဲ့သည့် ခွန်အားကြီးသော စစ်သူရဲများကိုလည်း ဒါဝိဒ်အား ဘုရားသခင် ပေးခဲ့သည်။ ထို့ပြင် ဘုရားသခင်သည် တစ်နိုင်ငံလုံးအတွက် အပြစ်ခွင့်လွှတ်ခြင်းနှင့် အနာရောဂါငြိမ်းခြင်းတို့ကို ဘုရားသခင်ထံ တောင်းလျှောက်ရယူပေးသည့် ရှင်ဘုရင်အဖြစ်လည်း ဒါဝိဒ်ကို ခန့်အပ်ခဲ့သည်။ အဆိုပါ အပြုသဘော အောင်မြင်ပြီးမြောက်မှုများသည် ကျွန်ုပ်တို့ စာစောင်၏ မူလပရိသတ်များ အပေါ် သက်ရောက်မှု အစဉ် ကျန်ရစ်စေရန် ဒါဝိဒ် အုပ်စိုးမှု အဆုံးသတ်ပိုင်းတွင် ပေါ်ပေါက်လာကြသည်။ ဒါဝိဒ်နှင့် သူ့သားမြေးတို့ ကာလရှည်အပေါ် ဒုက္ခ မည်မျှယူလာခဲ့ပါစေ၊ ဒါဝိဒ် အုပ်စိုးမှုနှင့် ယှဉ်ဖက်နေသော ကောင်းကျိုးတို့ ပျောက်ဆုံး မသွားခဲ့ပါ။ ဘဝတလျှောက် ဒါဝိဒ်အပေါ် ဘုရားသခင် ထားရှိသည့် မျက်နှာသာပေးမှုက ဖြောင့်မတ်သည့် ဒါဝိဒ် မင်းမျိုးနွယ် ရှင်ဘုရင်တို့ ကာလရှည်အတွက် ဆောင်ကြဉ်းပေးနိုင်ဆဲ ဖြစ်သည့် ကောင်းချီးမင်္ဂလာ အမျိုးမျိုးအကြောင်း ထင်ရှားပြသနေသည်။ ဤအာဘော်ကို ၂ဓမ္မ ၂၂း၅၁ တွင် ရှမွေလ ဓမ္မရာဇဝင် ဆရာ ရှေ့တန်းတင်လာခဲ့သည်။ ထိုနေရာတွင် ဒါဝိဒ် ပြောခဲ့သည့် အဆိုပါ စကားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

> ဘုရားသခင်သည် မိမိခန့်ထားသောမင်းကြီးကို ကယ်တင်သော ရဲတိုက်ဖြစ်တော်မူ၏။ ဘိသိတ်တော်ကို ခံရသော ဒါဝိဒ်မှ စ၍ အမျိုးအနွယ်အား ကာလအစဉ်အဆက် ကရုဏာကျေးဇူးကို ပြုတော်မူ၏ (၂ ဓမ္မ ၂၂း၅၁)။

ဤကျမ်းချက်သည် ၁ ဓမ္မ ၂း၁၀ ကို ညွှန်းထားသည်။ စာစောင်၏ စောစောပိုင်းတွင် "အထံတော်၌ ဘိသိတ်ခံသူ" ကို ချီးမြှောက်ခြင်း နှင့် "ခန့်ထားတော်မူသောသူ" ကို အောင်ခြင်းအခွင့်ပေးခြင်းတို့ဖြင့် "ထာဝရ ဘုရားသည် မြေကြီးစွန်းတိုင်အောင် တရားစီရင်မည့်" အကြောင်း ဟန္န၏ စိတ်ချမှုအား ကျွန်ုပ်တို့ စာရေးသူ မှတ်တမ်းတင်ခဲ့သည်ကို သင် ပြန်အမှတ်ရပါလိမ့်မည်။ ယခု ၂ ဓမ္မ ၂၂း၅၁ ၌ ဘုရားသခင်သည် ကြီးကျယ်သော ကယ်တင်ခြင်းကို ပေးကြောင်း တနည်းအားဖြင့် စစ်ပွဲတွင် အောင်မြင်ခြင်းပေး၍ ကြီးစွာ ကယ်နှုတ်ကြောင်း ပြောဆိုခြင်းဖြင့် ဟန္န၏ စိတ်ချမှုကို ဒါဝိဒ်က ပဲ့တင်ရိုက် ခဲ့သည်။ ထို့ပြင် ဘုရားသခင်က "အထံတော်၌ ဘိသိတ်ခံသူအား ကာလအစဉ်အဆက် ကရုဏာကျေးဇူးကိုပြုသသည်" နှင့်အမျှ ဤ ကယ်နှုတ်ခြင်းသည်လည်း "မိမိ ခန့်ထားတော်မူသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မင်းကြီး" ထံ ရောက်ရှိလာမည် ဖြစ်သည်။ သို့သော် ဟန္န၏ ချီးမွမ်းခြင်းထက် ဒါဝိဒ်၏ ချီးမွမ်းခြင်းက ရှေ့တလှမ်း တာသွားခဲ့သည်။ ဘုရားသခင့် ကယ်လွှတ်ခြင်းနှင့် ကာလ အစဉ်ဆက် ကရုဏာကို လက်ခံရရှိမည့်သူများမှာ "ဒါဝိဒ်နှင့် သူ့သားမြေးတို့" ဖြစ်ကြောင်း သူ ဖော်ထုတ်ပေးထားခဲ့သည်။ ထို့ပြင် အဆိုပါ ကောင်းချီးများကို သူတို့ "ထာဝစဉ်" ရရှိကြမည့်အကြောင်းကိုလည်း သူကြေညာခဲ့သည်။

ရှမွေလ ဓမ္မရာဇဝင်၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့အပေါ် ကျွန်ုပ်တို့၏ ခြုံငုံလေ့လာမှုသည် စာစောင်၏ ပုံစံဒီဇိုင်း ဆိုင်ရာ ဒုတိယ သွင်ပြင်လက္ခဏာ ဖြစ်သော စာစောင်တစ်ခုလုံးကို လွှမ်းမိုး ခြုံငုံနေသည့် ရည်ရွယ်ချက်ဆီသို့ ကျွန်ုပ်တို့ကို ပို့ပေးသည်။ သူ၏ မူလပရိသတ် အပေါ် အကျိုးသက်ရောက်မှု ဖြစ်စေရန် ကျွန်ုပ်တို့ စာရေးသူက မည်သို့ မျှော်လင့်ခဲ့ပါသနည်း။

## လွှမ်းမိုး ခြုံငုံနေသော ရည်ရွယ်ချက်

ရှမွေလ ဓမ္မရာဇဝင် ကဲ့သို့သော ရှည်လျားရှုပ်ထွေးသော စာစောင်များကို စာရေးသူတို့ ဖန်တီးကြသည့်အခါ သူတို့တွင် ပန်းတိုင်များစွာ ရှိကြသည်။ သူတို့၏ ပရိသတ်ကို အသိပေးရန်၊ သူတို့ပရိသတ်၏ အပြုအမူတို့ကို ပြောင်းလဲရန်၊ နည်းအမျိုးမျိုးဖြင့် သူတို့၏ စိတ်ခံစားချက်များအပေါ် လွှမ်းမိုးရန် သူတို့၏ စာအုပ်များကို သူတို့ ပုံဖော်လေ့ ရှိကြသည်။ ရှမွေလ ဓမ္မရာဇဝင်အတွက်လည်း ချွင်းချက်မရှိပါ။ ကျွန်ုပ်တို့ စာစောင်၏ ပိုမိုသေးငယ်သည့် အစိတ်အပိုင်းများသည် မူလ ပရိသတ်တို့ ဘဝအတွက် သွယ်ဝိုက်ရိုက်ခတ်ချက်များကို ပေးသည့် တိကျသော အမှုအရေး အမြောက်အများအား ပေါ်ပေါက်စေခဲ့သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ရှမွေလ ဓမ္မရာဇဝင်ရေးသူသည် သူ့စာစောင်ထဲက အစိတ်အပိုင်းငယ်တိုင်းအား ပေါင်းစည်းညီညွတ်ပြီး လွှမ်းမိုးခြုံငုံသည့် ရည်ရွယ်ချက်အောက်၌ စုပေါင်း ယှက်သန်း ယက်လုပ်ခဲ့သည်။

ကျွန်ုပ်တို့ စာရေးသူ၏ လွှမ်းမိုးခြုံငုံသော ရည်ရွယ်ချက်ကို ပုံစံအမျိုးမျိုးဖြင့် အကျဉ်းချုပ်နိုင်သော်လည်း ဤစာစဉ်ထဲတွင်မူ ယခုလို ဖော်ပြကြပါမည်။

> ရှင်ဘုရင်စနစ်သို့ ဣသရေလ ကူးပြောင်းမှုသည် ဒါဝိဒ်နှင့် ဘုရားသခင်ဖွဲ့သော ပဋိညာဉ်၌ မည်သို့ အထွတ်အထိပ် ရောက်ခဲ့ကြောင်းနှင့် ထိုသို့သောအားဖြင့် ဣသရေလသည် ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှု၌ ဘုရားသခင့်နိုင်ငံတော်အတွက် သူတို့မျှော်လင့်ချက်များ ထားရှိနိုင်ကြကြောင်း ရှင်းပြခဲ့သည်။

ဤ အကျဉ်းဖော်ပြချက်က ညွှန်ပြနေသည့်အတိုင်း အကျယ်ဆိုရလျှင် ကျွန်ုပ်တို့ စာရေးသူ၏ ရည်ရွယ်ချက်သည် နှစ်ထပ်ကွမ်း ဖြစ်ခဲ့သည်။ တဖက်တွင် ရှင်ဘုရင်အုပ်စိုးမှုသို့ ဣသရေလ ကူးပြောင်းမှုသည် ဒါဝိဒ်သို့ ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်၌ မည်သို့ အထွတ်အထိပ် ရောက်လာသည် ဆိုသည့်အပေါ် သူစူးစိုက်ထားခဲ့သည်။ အခြားတဖက်တွင်မူ ဣသရေလတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင့် နိုင်ငံတော်အတွက် သူတို့၏ မျှော်လင့်ချက်ကို ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်း၌ ထားရှိနိုင်ကြောင်း သူရေးခဲ့သည်။ ကျွန်ုပ်တို့ စာရေးသူ ထားရှိသည့် ရည်ရွယ်ချက်၏ မျက်နှာစာ နှစ်ဖက်လုံးကို ဖွင့်ကြည့်ကြပါစို့။

စောစောက ကျွန်ုပ်တို့ ပြောခဲ့သလို ရှမွေလ ဓမ္မရာဇဝင်သည် "ထိုကမ္ဘာ" ဟု ကျွန်ုပ်တို့ခေါ်လေ့ရှိသော တရားသူကြီး ခေတ်ကာလထဲမှ ရှင်ဘုရင် အုပ်စိုးသော ခေတ်ကာလထဲသို့ ဘုရားသခင် ခေါ်သွင်းရာ ရာစုနှစ်ကို မီးမောင်းထိုးပြသည်။ ဝမ်းနည်းဖွယ်ရာပင် ဓမ္မဟောင်းကျမ်းတလျှောက် ဣသရေလတို့သည် ဘုရားသခင့် လမ်းတော်များမှ တိမ်းလွဲသွားခဲ့ကြသည်။ အကြောင်းမှာ အတိတ်က ဘုရားသခင် သူတို့အတွက် လုပ်ဆောင်ပေးခဲ့သမျှကို သူတို့မေ့သွားကြ၍ ဖြစ်သည်။ ထို့ကြောင့် ဤအရာကို သိပြီးနောက် ကျွန်ုပ်တို့ စာရေးသူသည် အပြည့်အဝ ကိုးစားနိုင်သည့် အတိတ် သမိုင်းမှတ်တမ်းစစ်ကို မူလ ပရိသတ်သို့ပေးရန် ဂရုစိုက်ခဲ့သည်။

ရှင်ဘုရင် အုပ်စိုးကာလသို့ ဣသရေလ ကူးပြောင်းသည့် ရာစုနှစ်အတွင်း ဖြစ်ပျက်ခဲ့သမျှ အရာရာကို အစီရင်ခံရန် ကျွန်ုပ်တို့ စာရေးသူအတွက် မဖြစ်နိုင်သည်မှာ ရှင်းပါသည်။ သို့ဖြစ်သောကြောင့် ဣသရေလ ၏ အဓိက ခေါင်းဆောင် သုံးဦး၏ ဘဝဖြစ်စဉ်များအပေါ် စူးစိုက်ရန်သာ သူရွေးချယ်ခဲ့သည်။ ၎င်းတို့မှာ ရှမွေလ၊ ရှောလု နှင့် ဒါဝိဒ် တို့ ဖြစ်ကြသည်။ ထို့နောက် ဣသရေလ တိုင်းပြည်အတွက် အရေးပါသော သမိုင်းကြောင်း မှန်ကန်ချက်ကို ထူထောင်ရန် အဆိုပါ ပုဂ္ဂိုလ်သုံးဦး၏ ဘဝဖြစ်စဉ်များကို သူကိုင်တွယ်ခဲ့သည်။

ကျွန်ုပ်တို့ အကျဉ်းချုပ်ထားသည့် ရည်ရွယ်ချက်က ရှင်းပြသည့်အတိုင်း ရှမွေလ၊ ရှောလုနှင့် ဒါဝိဒ်တို့၏ ဘဝ ဖြစ်စဉ်များထဲက အဖြစ်အပျက် ရှိသမျှသည် ဒါဝိဒ်နှင့် ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်၌ အထွတ်အထိပ် ရောက်ခဲ့သည်။ ဒါဝိဒ်နှင့် ဘုရားသခင် ပဋိညာဉ် မပြုသေးမီ အချိန်ထိ ရှင်ဘုရင် အုပ်စိုးမှုသို့ ကူးပြောင်းခြင်း ဖြစ်စဉ် မပြီးပြည့်စုံခဲ့သေးပါ။

အခြားသော စာစဉ်များအတွင်း ဘုရားသခင်သည် ပဋိညာဉ်များအားဖြင့် မြေကြီးပေါ်က သူ့နိုင်ငံတော်၏ အဆင့်တိုင်းကို စီမံအုပ်ချုပ်ခဲ့ကြောင်း ကျမ်းစာက မည်သို့ သွန်သင်ထားသည်ကို ကျွန်ုပ်တို့ ရှင်းပြပြီး ဖြစ်ပါသည်။ ဘုရားသခင်သည် အာဒံ၊ နောဧတို့၌ လူသားထု တရပ်လုံးနှင့် ပဋိညာဉ်ပြုတော်မူခဲ့သည်။ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်တို့၌ ဣသရေလ လူမျိုးတို့ဖြင့် ပဋိညာဉ်များ ပြုတော်မူခဲ့သည်။ ထို့ပြင် ဣသရေလတို့ ကျွန်ခံကာလ ပြီးဆုံးသည့်နောက်ပိုင်းတွင် ဘုရားသခင်သည် သူ့လူမျိုးတော်နှင့် ပဋိညာဉ်သစ် ပြုတော်မူမည့်အကြောင်း ဓမ္မဟောင်း ပရောဖက်များကလည်း ကြိုတင်ဟောပြောထားခဲ့ကြသည်။ ပဋိညာဉ် တစ်ခုစီတိုင်း၌ မတူခြားနားသော အလေးပေးမှုများ ရှိနေခဲ့ပြီး ၎င်းတို့သည် ပဋိညာဉ်ဖွဲ့စဉ် ကာလတို့နှင့် ဆီလျော် လိုက်ဖက်မှု ရှိထားကြသည်။ သို့ဖြစ်၍ ပဋိညာဉ် တစ်ခုစီသည် ရှေ့မှာ ပြုခဲ့သည့် ပဋိညာဉ်တို့၏ မူဝါဒများကို ရယူ ပေါင်းစပ်သည်နှင့်အမျှ အဆိုပါ အစောပိုင်း မူဝါဒများကိုလည်း ပုံစံသစ်ဖြင့် အသုံးချခဲ့သည်။

သို့သော် ဘုရားသခင့် ပဋိညာဉ် ရှိသမျှသည် ဘုရားသခင် ပြုတော်မူသော ကောင်းကျိုးစေတနာ၏ အစပြုပေးမှု၊ စောင့်မမှုတို့ အောက်၌ တနည်းမဟုတ်တနည်း ရှိနေခဲ့သည်။ ဘုရားသခင့် ကောင်းကျိုးစေတနာကို တုန့်ပြန်သောအားဖြင့် လူသားများဖက်မှ ကျေးဇူးတင်စွာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သစ္စာစောင့်သိမှုကိုလည်း ၎င်းတို့ အားလုံး တောင်းဆိုထားခဲ့သည်။ ထို့ပြင် အကျိုးဆက်အဖြစ် နာခံခြင်းအတွက် ကောင်းချီးမင်္ဂလာများ၊ မနာခံခြင်းအတွက် ကျိန်ခြင်း အမင်္ဂလာများကိုလည်း ၎င်းတို့အားလုံး ဖွင့်ပြထားခဲ့သည်။

ယေဘူယျဆိုရလျှင် ၂ ဓမ္မ ၇း၁-၁၇ အတွင်း ပါရှိသည့် နာသန်၏ ပရောဖက်ပြုချက်သည် ဒါဝိဒ်နှင့် ဘုရားသခင် ပဋိညာဉ် ပြုတော်မူသည့် အချိန်အခါဖြစ်ကြောင်း အနက်ဖွင့်သူ အများစုက သဘောတူကြသည်။ "ပဋိညာဉ်" ဟူသော ဝေါဟာရ (ဟေဗြဲလို *ဘဲရစ်သ်*) ကို ဤကျမ်းပိုဒ်ထဲ မတွေ့ရပါ။ သို့သော် ဒါဝိဒ် နန်းတက်စ ကောင်းချီးနှစ်ကာလများ အထွတ်အထိပ် ရောက်စဉ်က အဆိုပါစကားများကို ဒါဝိဒ်သို့ နာသန် ပြောကြားခဲ့ပြီး ဒါဝိဒ်နှင့် ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်ဆိုင်ရာ အခြေခံ မူဝါဒများကို တင်ဆက်ပေးထားသည်။ ထပ်၍ ဆိုရလျှင် ကျွန်ုပ်တို့ စာစောင် ဆုံးကာနီးတွင် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဒါဝိဒ်နှင့် ဘုရားသခင်ဖွဲ့သော ပဋိညာဉ်အကြောင်း အတိအလင်း ဖော်ပြခဲ့သည်။ ၂ ဓမ္မ ၂၃း၅ တွင် ဒါဝိဒ် ပြောခဲ့သော စကားများကို နားထောင်ကြည့်ပါ။

> ငါ့အမျိုးအနွယ်သည် ဘုရားသခင့် ရှေ့၌ မြဲမြံသည် မဟုတ်လော။ သေချာစွာ စီရင်၍ မပျက်နိုင်သော နိစ္စ ထာဝရ ပဋိညာဉ်ကို (ဘုရားသခင်သည်) ငါနှင့် ဖွဲ့တော်မူပြီ (၂ ဓမ္မ ၂၃း၅)။

ဤနေရာတွင် ဒါဝိဒ် ဆိုထားသလို ဘုရားသခင်သည် "နိစ္စ ထာဝရ ပဋိညာဉ်" (ဟေဗြဲလို *ဘဲရစ်သ် အိုလမ်)* ကို သူနှင့် ဖွဲ့တော်မူခဲ့သည်။ ဤ ပဋိညာဉ်သည် ဘယ်သောအခါမျှ ဆုံးရာသို့ ရောက်လိမ့်မည် မဟုတ်ပါ။ ၎င်းအား "သေချာစွာ စီရင်ထားသည်" ဖြစ်သောကြောင့် လုံးလုံး "နိစ္စ ထာဝရ တည်မြဲမည်" ဖြစ်သည်။ တနည်းဆိုရလျှင် သူ့မင်းမျိုးသည် ဣသရေလအပေါ် အစဉ်အမြဲ အုပ်စိုးမည့်အကြောင်း ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့သော ပဋိညာဉ်က အာမခံခဲ့သည်။ ဆာလံ ၈၉၊ ၁၃၂ တို့က ပြညွှန် နေကြသည့်အတိုင်း ဒါဝိဒ်၏ နန်းဆက်သည် ဤအချိန်မှ စ၍ရှေ့လျှောက် ဘုရားသခင့်နိုင်ငံတော်၏ တည်မြဲသော သွင်ပြင်လက္ခဏာဖြစ်ခဲ့သည်။

> ၂ဓမ္မ အခန်းကြီး ၇ ပါ ဒါဝိဒ်သို့ ဘုရားသခင်ထားတော်မူသော ကတိသည် ရွေးနှုတ်ကယ်တင်ခြင်း သမိုင်းအတွက် အလွန်ကြီးကျယ်သည့် လေးနက်အရေးပါချက်ပင် ဖြစ်သည်။ ယေဘူယျအားဖြင့် ရွေးနှုတ်ကယ်တင်ခြင်း သမိုင်းကို နားလည်ရာတွင် ဤအခန်းကြီးသည် အခရာကျသည်။ ဤ အခန်းကြီးထဲတွင် ဒါဝိဒ်နှင့် ဖွဲ့သော ပဋိညာဉ်ဟု ခေါ်ဆိုသည့် အရာကို ကျွန်ုပ်တို့ တွေ့ရသည်။ ၎င်းသည် အလွန်အရေးပါသော ပဋိညာဉ်ဖြစ်သည်။ ၎င်းအားဖြင့် ကယ်တင်ရှင်သည် ဒါဝိဒ်၏ သားတော် ဖြစ်လိမ့်မည် ဟူသော ကယ်တင်ရှင် ဆိုင်ရာ အမြင်သစ်တစ်ခုကို ကျွန်ုပ်တို့တွေ့ရသည်။ "ဒါဝိဒ်၏ သားတော်" ဟူသော ဝေါဟာရသည် ကျမ်းစာထဲ၌ သာမန် ဝေါဟာရ တစ်ခု မဟုတ်ပါပေ။ "ဒါဝိဒ်၏ သားတော်" ဆိုသည်ကို သင်တွေ့သည့်အခါတိုင်း "ရှင်ဘုရင်" ဟူသော

> စကားရပ်ကို သတိရဖို့ရန် လိုအပ်ပါသည်။ ဒါဝိဒ်သည် ရှင်ဘုရင်တစ်ပါး ဖြစ်ခဲ့ပြီး ဤအခန်းကြီးထဲတွင် ဒါဝိဒ်၏ သားသည် နိုင်ငံတော်၏ ပလ္လင်တည်းဟူသော ပလ္လင်ပေါ်တွင် ထာဝရ ထိုင်မည့်အကြောင်း ဘုရားသခင် ကတိထားခဲ့သည်။ ဒါဝိဒ်၏ သားမြေးထဲမှ တစ်ဦးသည် ဒါဝိဒ်နန်းဆက်၏ ပလ္လင်ပေါ်တွင် ရှင်ဘုရင်အဖြစ် အစဉ်အမြဲ စိုးစံလိမ့်မည် ဖြစ်သည်။

**Mr. Sherif Atef Fahim, Translation**

ဘုရားသခင်သည် ဒါဝိဒ်နှင့် သူ့အဆွေအမျိုးအား ဣသရေလ၏ ထာဝရ နန်းဆက်အဖြစ် ထူထောင်ပေးခြင်းဖြင့် သူတို့ကို ကောင်းကျိုးစေတနာ ပြသခဲ့သော်ငြား သူတို့ထံမှ သစ္စာရှိစွာ အလုပ်အကြွေးပြုမှုကိုလည်း တောင်းဆိုခဲ့သည်။ အကျိုးရလာဒ်အားဖြင့် သူတို့၏ နာခံခြင်းအတွက် ကောင်းချီးမင်္ဂလာနှင့် မနာခံခြင်းအတွက် အမင်္ဂလာ အကျိုးဆက်များကို ခံယူရသည့်ဘဝသို့ ရောက်ရှိခဲ့သည်။ ၂ ဓမ္မ ၇း၁၄-၁၅ နှင့်တကွ ဒါဝိဒ် ရာဇပလ္လင်၏ ပထမဆုံး အမွေခံ ဖြစ်သည့် ရှောလမုန်နှင့် စပ်လျဉ်း၍ ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့သည့် ပဋိညာဉ်၌ အရည်အချင်း သတ်မှတ် တောင်းဆိုထားပုံကို နားထောင်ကြည့်ပါ။

> ငါသည် သူ၏ အဘ ဖြစ်မည်။ သူသည်လည်း ငါ၏ သားဖြစ်လိမ့်မည်။ သူသည်ဒုစရိုက်ကို ပြုလျှင် လူသုံးတတ်သော ကြိမ်လုံးနှင့် ငါဆုံးမမည်။ လူသား ရိုက်တတ်သကဲ့သို့ ငါရိုက်မည်။ သို့ရာတွင် သင့်ရှေ့မှာ ငါပယ်ရှားသော ရှောလု၌ ငါ၏ ကရုဏာကို နှုတ်သကဲ့သို့ သင်၏ သား၌ ငါမနှုတ် (၂ ဓမ္မ ၇း၁၄-၁၅)။

ဆာလံ ၈၉၊ ၁၃၂ တို့တွင်လည်း ဒါဝိဒ် သားမြေးတို့ထံမှ သစ္စာစောင့်သိမှုကို ဘုရားသခင် တောင်းဆိုချက်အပေါ် အလားတူ အလေးပေး အာရုံစိုက်ချက်များ ပါဝင်သည်။ သို့သော် ဤကျမ်းချက်ထဲတွင်မူ ဒါဝိဒ်၏ အိမ်သားတို့ ဒုစရိုက်ပြုမိလျှင် ဘုရားသခင် ဆုံးမမည့်အကြောင်းကို ကျွန်ုပ်တို့ တွေ့ရသည်။ ကိုယ်တော်သည် ဒါဝိဒ်မင်းမျိုးအား လူသုံးတတ်သော ကြိမ်လုံးနှင့် ဆုံးမမည် ဖြစ်သည်။ တနည်းဆိုရလျှင် သူတို့၏ ရန်သူများက သူတို့ကို ဒုက္ခပြဿနာပေးကြမည် ဖြစ်သည်။

သို့သော် ဒါဝိဒ်နှင့် ဖွဲ့သောပဋိညာဉ်ကို ထူထောင်ထားပြီ ဖြစ်သောကြောင့် နေ့သစ် ရောက်လာခဲ့ပြီး ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်က "ရှောလု၌ (ငါ၏) ကရုဏာကို နှုတ်သကဲ့သို့" "ဒါဝိဒ်အိမ်ထောင်၌ မနှုတ်"ဟု မိန့်ဆိုထားခဲ့သည်။ ထို့ကြောင့် ရှောလုနှင့်သူ့သားမြေးတို့အား ဣသရေလ ရာဇပလ္လင်ထိုင်ခွင့်ကို ဘုရားသခင် လုံးလုံး ငြင်းပယ်ခဲ့သော်လည်း ဒါဝိဒ် မင်းမျိုးကိုမူ မည်သည့်အခါမျှ အလားတူ လုပ်ဆောင်မည် မဟုတ်ကြောင်း ကိုယ်တော်က ရှင်းရှင်း ပြဆိုထားခဲ့သည်။ ဣသရေလ အပေါ် ဒါဝိဒ်နှင့် သူ့သားမြေးတို့ကြောင့် ကျရောက်သည့် ဒုက္ခပြဿနာများ ရှိနေစေကာမူ ဒါဝိဒ်နန်းဆက်သည် ဘုရားသခင့်ရှေ့တော်၌ ဣသရေလလူတို့ကို အစဉ်အမြဲ ကိုယ်စားပြုလိမ့်မည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ လတ်တလော တွေ့ခဲ့ပြီး ဖြစ်သလို ရှင်ဘုရင် အုပ်စိုးခြင်း ခေတ်ကာလထဲသို့ ဣသရေလ ကူးပြောင်းမှု၏ အထွတ်အထိပ်သည် ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်ဖြစ်ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက တင်ပြခဲ့သည်။ ယခုတွင် သူတင်ပြသော လွှမ်းမိုးခြုံငုံသည့် ရည်ရွယ်ချက် ဒုတိယ အပိုင်းဆီ လှည့်ကြပါစို့။ သူ့စာစောင်ကို သူရေးရခြင်းမှာ ဘုရားသခင့်နိုင်ငံတော်အတွက် ထားရှိသော သူတို့၏ မျှော်လင့်ချက်ကို ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်း၌ ဣသရေလတို့ ချထားနိုင်စေဖို့ ဖြစ်သည်။

> ရှမွေလ ဓမ္မရာဇဝင်၏ စာပေစီကုံးဖွဲ့နွဲ့ပုံ ရည်ရွယ်ချက်သည် ဒါဝိဒ်မင်းမျိုး၏ သစ္စာမဲ့မှုကြောင့် ဣသရေလတို့ ဒုက္ခများ ကြုံနေရပြီး ဒါဝိဒ်နန်းဆက်တွင် ပြဿနာများ ရှိနေသည့်တိုင် ဣသရေလသည် ၎င်း၌ ယုံကြည်စိတ်ချမှု ထားနိုင်ကြောင်း ပြလိုရင်း ဖြစ်သည်။ အုပ်စိုးသူ နန်းဆက်အဖြစ် ဒါဝိဒ်နှင့် သူ့အိမ်သားတို့ ကို ဘုရားသခင် ရွေးချယ်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့နောက် ဒါဝိဒ်နန်းဆက်၏ ကျရှုံးများရှိနေလင့်ကစား ဒါဝိဒ် အမျိုးအနွယ် အပေါ် ဣသရေလတို့ စိတ်ချထားသင့်ကြောင်း သူ့စာစောင်အားဖြင့် စာရေးသူက ပြလိုခဲ့သည်။

**ဒေါက်တာ David Correa, translation**

ရှမွေလ ဓမ္မရာဇဝင်ရေးသူက သူ့မူလ ပရိသတ်တို့ "သူတို့၏ ကမ္ဘာ" အတွင်း ကြုံတွေ့နေရသည့် စိမ်ခေါ်ချက်များကို ဖြေရှင်းရန် အတိတ်က "ထို ကမ္ဘာ" အကြောင်းကို ရေးခဲ့ကြောင်း ဤသင်ခန်းစာအတွင်း အစောပိုင်းကပင် ကျွန်ုပ်တို့ သိကြသည်။ သူတို့ ရှင်သန်ခဲ့သည့်ကာလသည် နိုင်ငံတော် နှစ်ခြမ်းကွဲချိန်ဖြစ်စေ သို့မဟုတ် ဘာဗုလုန်ကျွန်ခံကာလ ဖြစ်စေ ပေါ်လွင်ထင်ရှားတာ တစ်ခုတော့ ရှိခဲ့သည်။ ဒါဝိဒ်မင်းမျိုး၏ ဒုစရိုက်များကြောင့် အဆိုပါ ရာစုနှစ်များ တလျှောက် ဘုရားသခင်သည် သူ့လူများအပေါ် ကျိန်ခြင်း အမင်္ဂလာ များစွာကို သွန်းလောင်းခဲ့သည်။ စိတ်ဝမ်းကွဲပြားမှု၊ စီးပွားရေး ခက်ခဲမှု၊ ရောဂါဖိစီးမှုနှင့် တိုက်ပွဲရှုံးနိမ့်မှုတို့ကို သူတို့ခံစားခဲ့ကြရသည်။ အဆုံးသတ်အားဖြင့် ဘုရားသခင့်လူများနှင့် ဒါဝိဒ်မင်းမျိုးသည် ကတိတော်နယ်မြေမှ နှင်ထုတ်ခံခဲ့ကြရသည်။

အဆိုပါ ဒုက္ခများသည် ဣသရေလ ခေါင်းဆောင်များအတွက် လေးနက်သော မေးခွန်းများ ပေါ်လာစေခဲ့သည်။ သူတို့ ဘာတွေ လုပ်ဖို့ ရှိခဲ့ပါသနည်း။ အကူအညီအတွက် ဘယ်ကို လှည့်ကြမည်နည်း။ တောက်ပသော အနာဂတ်အတွက် အများစု မျှော်လင့်ခဲ့သမျှ အလွယ်တကူပင် ပျောက်ဆုံးသွားခဲ့သည်။ အခြားသူများမှာမူ မိမိတို့ကိုယ်ကို မိမိတို့ အပေါ်မှာ၊ နတ်ဘုရားများ အပေါ်မှာ၊ မိတ်ဖွဲ့ထားသည့် အခြားနိုင်ငံများအပေါ်မှာ၊ အသစ်သော တော်ဝင် မိသားစုများအပေါ်မှာ စသည်ဖြင့် ကျရှုံးသော ဒါဝိဒ်မင်းမျိုးမှလွဲ၍ အခြား မည်သည့် အပေါ်မှာမဆို ကိုးစားခဲ့ကြသည်။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင် လက်ခံသော တုန့်ပြန်မှုသည် တစ်ခုတည်းသာ ရှိခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင်ရေးသူက မလျှော့တမ်း ပြောဆိုခဲ့သည်။

အစပြုရမည်ဆိုလျှင် ဘုရားသခင့်နိုင်ငံတော်အတွက် သူတို့ထားသော မျှော်လင့်ချက်များကို သူတို့ ဆုံးရှုံးသွားရန် မရှိခဲ့ပါ။ မူလ ပရိသတ်တို့ သည်းခံခဲ့ရသည့် ဒုက္ခဆင်းရဲတို့က ဣသရေလများစွာ အတွက် ထိုသို့ဖြစ်ဖို့ အလွန် ခက်ခဲစေခဲ့သော်လည်း ဘုရားသခင့်နိုင်ငံတော် ကျရှုံးလိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက အခိုင်အမာ ပြန်လည် အတည်ပြုထားခဲ့သည်။

သစ္စာရှိသော လူသားတို့၏ အလုပ်အကြွေးပြုမှုအားဖြင့် မြေကြီးတခွင်လုံး၌ ကိုယ်တော်၏ အုပ်စိုးမှုကို တည်ထောင်ချိန်တွင် သမိုင်းသည် ၎င်း၏ အဆုံးသတ် ပန်းတိုင်ဆီသို့ ရောက်ရှိမည့်အကြောင်း အစောဆုံး ကာလများကတည်းကပင် ဘုရားသခင် ဖွင့်ပြခဲ့ပြီးဖြစ်သည်။ အာဒံနှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်အကြောင်း၌ ဤ အခြေခံကျသော ယုံကြည်ခြင်းကို မောရှေ သွန်သင်ခဲ့သည်။ ဘုရားသခင့် ပုံသဏ္ဍာန်တော် အဖြစ် မြေကြီးကို ပြည့်စေပြီး နိုင်ရန်နှင့် အေဒင်ရှိ ဘုရားသခင့် ဥယျာဉ်တော်၏ အံ့ဖွယ်ရာကို ကမ္ဘာတလွှား တိုးချဲ့ရန် အာဒံနှင့် ဧဝတို့အား တာဝန် အပ်နှင်းထားခဲ့သည်။ နောနှင့် ပြုသော ပဋိညာဉ်တွင် ဤတာဝန်ကို ဘုရားသခင် ထပ်မံ အတည်ပြုခဲ့သည်။ ကမ္ဘာမြေကြီးကို နိုင်ရေးနှင့် ဘုရားသခင့် ပုံသဏ္ဍာန်တော်များဖြင့် ပြည့်စေရေးသည် ကျရှုံးသော လောကအတွင်း အသက်ရှင်နေကြသော ဘုရားသခင်အပေါ် သစ္စာစောင့်သူတို့၏ အခွင့်အရေးနှင့် တာဝန် ဝတ္တရားပင် ဖြစ်ခဲ့သည်။ လောကကမ္ဘာကို ဘုရားသခင့် နိုင်ငံတော်အဖြစ် ပြောင်းလဲရာတွင် ဣသရေလလူတို့သည် ကျန်လူသားထုကို ဦးဆောင်ရန် ကမ္ဘာမြေကြီးပေါ်က ရွေးကောက်ခံ မိသားစု တစ်စု ဖြစ်ခဲ့ကြောင်း အာဗြဟံနှင့် ဖွဲ့သော ပဋိညာဉ်အတွင်း ဘုရားသခင် ဖွင့်ပြခဲ့သည်။ မောရှေနှင့် ဖွဲ့တော်မူသော ပဋိညာဉ်အတွင်းတွင်မူ ဣသရေလ လူမျိုးနွယ် တဆယ့်နှစ်မျိုးကို နိုင်ငံတစ်ခုဖြစ်စေခဲ့ပြီး ၎င်းတို့အား ကတိတော်နယ်မြေထဲတွင် နေရာချထားပေးခဲ့သည်။ ဤမြေသည် ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် သူတို့ တိုးချဲ့မှုကို အစပြုရာ အမိမြေပင် ဖြစ်သည်။ ဒါဝိဒ်နှင့် ဖွဲ့တော်မူသော ပဋိညာဉ်အတွင်း ဣသရေလ နိုင်ငံတော်ကို ဤခမ်းနားထည်ဝါသည့် ပန်းတိုင်ဆီ ဦးဆောင်သွားမည့် သူ၏ တော်ဝင်မိသားစု အမျိုးအနွယ်အား ဘုရားသခင် ထူထောင်ခဲ့သည်။

သို့သော် သူ့စာစောင်ကို ရှမွေလ ဓမ္မရာဇဝင်ဆရာ ရေးချိန်သည် ဒါဝိဒ်သို့ ထားတော်မူသော ကတိတော်များကို ယုံကြည်ရန် ဣသရေလလူများစွာတို့ ရုန်းကန်နေရချိန် ဖြစ်သည်။ ဣသရေလ လူတို့သည် ဘုရားသခင့်အထံတော်မှ အလွန်ပင် ဝမ်းနည်း ကြေကွဲတုန်လှုပ်ဖွယ်ကောင်းလှသော အမင်္ဂလာများကို ရင်ဆိုင်ကြုံတွေ့နေခဲ့ကြရပြီး အဆိုပါ ဒုက္ခပြဿနာတို့သည်လည်း အခြားသူများကြောင့် မဟုတ်၊ ဒါဝိဒ်မင်းမျိုးကြောင့်သာ သူတို့အပေါ် ကျရောက်လာခဲ့သည်။ သို့ဖြစ်၍ သူ့စာစောင် အဖွင့်စာမျက်နှာများထဲတွင် ဘုရားသခင့် နိုင်ငံတော်၏ ရှေ့အနာဂတ်ကို ဟန္န စိတ်ချသည့်အကြောင်း ရှမွေလ ဓမ္မရာဇဝင် ဆရာက အစီရင်ခံထားသည်မှာ အံ့သြစရာ မဟုတ်ပါ။ ၁ ဓမ္မ ၂း၁၀ တွင်ပါသည့် ဟန္န၏ ချီးမွမ်းခြင်းကို တဖန် နားထောင်ကြည့်ပါ။

> ထာဝရ ဘုရားသည် ရန်သူတို့ကို ချိုးဖဲ့တော်မူမည်။ သူတို့ အပေါ်၌ မိုးကောင်းကင်မှ မိုးချုန်းစေတော်မူမည်။ ထာဝရ ဘုရားသည် မြေကြီးစွန်းတိုင်အောင် တရားစီရင်သဖြင့် ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိတ်ခံသောသူကို ချီးမြှောက်တော်မူမည်ဟု မြွက်ဆို၏ (၁ ဓမ္မ ၂:၁၀)။

ကမ္ဘာတခွင်လုံး ဘုရားသခင်အုပ်စိုးမည့် မျှော်လင့်ချက်သည် ဟန္န၌ ပျောက်ဆုံး မသွားခဲ့ပါ။ သူမ၏ အချိန်ကာလတွင် ဘုရားသခင် ပြုတော်မူနေသည့်အရာကို ကြည့်ပြီး "ထာဝရ ဘုရားသည် မြေကြီးစွန်းတိုင်အောင် တရားစီရင်မည်" ဆိုသည့်အပေါ် စိတ်ချမှု ရှိခဲ့သည်။ ထို့ပြင် ဤအရာကို သူမ ယုံကြည်ခဲ့ရသည့် အကြောင်းမှာ ဘုရားသခင်သည် "ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိတ်ခံသောသူကို" ကြီးကျယ်သော အောင်ပွဲများဖြင့် ချီးမြှောက်တော်မူမည့် အကြောင်း သူမ သိခဲ့သောကြောင့် ဖြစ်သည်။

ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဟန္န၏ ထုံးကို နှလုံးမူရန် သူ့မူလ ပရိသတ်အား သူ့စာစောင် တလျှောက်လုံး၌ တောင်းဆိုခဲ့သည်။ မျှော်လင့်ချက်ကို သူတို့ စွန့်လွှတ်ရန် မရှိခဲ့ကြပါ။ စုံစမ်းနှောက်ယှက်ခြင်းများ ကြုံရသော်လည်း ဘုရားသခင့် ရှင်ဘုရင်၊ အထံတော်၌ ဘိသိတ်ခံသူအားဖြင့် ဘုရားသခင့်နိုင်ငံတော် ကမ္ဘာတဝှမ်း ဖြန့်ကျက်မည့် အကြောင်း သူတို့၏ ယုံကြည်စိတ်ချထားမှုကိုသာ ဣသရေလတို့ ပြန်လည် အသစ်ပြုပြင်ရန် ရှိခဲ့သည်။

ယခုတွင် ဘုရားသခင့်နိုင်ငံတော်အတွက် ထားရှိသော ဤမျှော်လင့်ချက်အကြောင်း ရှမွေလ ဓမ္မရာဇဝင်က ဖွင့်လှစ်ဖော်ပြသည် ဆိုသည့် အချက်သည် အရေးပါသော အရည်အချင်း ပြည့်မီချက်တစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့၏ အကျဉ်းချုပ်က ဖော်ပြထားသည့်အတိုင်း ဣသရေလ၏ မျှော်လင့်ချက်ကို ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်း၌သာ ချထားရမည် ဖြစ်သည်။ ဘုရားသခင့်နိုင်ငံတော် ရှေ့အနာဂတ်သည် ဒါဝိဒ်မင်းမျိုးမှတပါး အခြားသူ၌ မရှိခဲ့ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက အခိုင်အမာ ဆိုထားခဲ့သည်။ သို့သော် ထို့ထက်ပို၍ ဆိုရလျှင် ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်း၌ ဤဘုန်းအသရေနှင့် ပြည့်ဝသော အနာဂတ် ရှိနေခဲ့ဖို့ ဘုရားသခင်က စီမံထားခဲ့ပြီးသား ဖြစ်သည်။

ကျွန်ုပ်တို့ မှတ်သားခဲ့ကြပြီးသည့်အတိုင်း ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ် ဆိုသည်မှာ ရှင်ဘုရင် အုပ်စိုးသည့် ကာလထဲ ဣသရေလကူးပြောင်းမှု အထွတ်အထိပ်သို့ ရောက်ရှိခြင်းကို ဆိုလိုကြောင်း ကျွန်ုပ်တို့ စာရေးသူက ရှင်းပြထားခဲ့သည်။ ထို့ပြင် ဒါဝိဒ်၏ သားများ ဘာပဲလုပ်ခဲ့ပါစေ၊ ဘုရားသခင့်အထံတော်မှ သူတို့မည်မျှ လမ်းလွဲခဲ့ပါစေ၊ ဘုရားသခင်သည် ဒါဝိဒ်၏ နန်းဆက်ကို နောက်တစ်ခုနှင့် အစားထိုးလိမ့်မည် မဟုတ်ကြောင်း ဤပဋိညာဉ်က အခိုင်အမာ သက်သေပြခဲ့သည်။ ဒါဝိဒ်သားတို့၏ တစ်ဦး နောက် တစ်ဦး ကျရှုံးမှုများက မူလစာဖတ်ပရိသတ်အတွက် ဒုက္ခမည်မျှ ဖြစ်စေခဲ့ကြောင်း စဉ်းစားသည့်အခါ အဆိုပါ ခံယူချက်အပေါ် ရှမွေလ ဓမ္မရာဇဝင်ဆရာက အဘယ်ကြောင့် အလေးပေးရန် ရှိခဲ့ကြောင်း ကျွန်ုပ်တို့ နားလည်နိုင်သည်။ ဤ တော်ဝင် မိသားစုက



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့အား ဘုရားသခင့် ဒဏ်စီရင်ချက်အောက်၌ သာ၍ ဆင်းရဲခံရသည့် ဘဝထက်ကောင်းသော အခြား မည်သည့်နေရာကို မဆို ခေါ်သွားလိမ့်မည် ဆိုသည်ကို ဣသရေလလူ မည်သူမဆို၊ သစ္စာအရှိဆုံးသော သူများပင်လျှင် မည်သို့ ယုံကြည်နိုင်ကြပါမည်နည်း။ သို့သော်လည်း ဣသရေလသည် အခြားနိုင်ငံ ရှင်ဘုရင်များထံ လှည့်ပြီး သူတို့၏ မှားယွင်းသော ဘုရားများကို အစေမခံသင့်ကြောင်း၊ ရှမွေလ ဓမ္မရာဇဝင်ဆရာက အခိုင်အမာ တောင်းဆိုခဲ့သည်။ ဣသရေလသည် မိမိနိုင်ငံ အတွင်းရှိ အခြားသော ရှင်ဘုရင်များထံသို့ပင်လျှင် မလှည့်ခဲ့သင့်ပါ။ ဒါဝိဒ်မင်းမျိုးမှ ဆင်းသက်လာသည့် ရှင်ဘုရင်များမှ လွဲ၍ ရှောလု၏ သားမြေးများထံ၊ မြောက်ပိုင်း နိုင်ငံတော်ကို အုပ်စိုးခဲ့သည့် ရှင်ဘုရင်များစွာထံ၊ အခြား မည်သူ့ ထံသို့ မဆို လှည့်မသွားသင့်ပါ။

ဟုတ်ပါပြီ။ ဒါဝိဒ် နန်းဆက်အပေါ် ယုံကြည်စိတ်ချခြင်းသည် မိမိလူတို့အပေါ် ဘုရားသခင့် ကောင်းချီးများကို သွန်းလောင်းမည့်အကြောင်းနှင့် နိုင်ငံတော်ကို ဒါဝိဒ်မင်းမျိုးမှ ဆင်းသက်သော မည်သည့် ရှင်ဘုရင်အားဖြင့်ဖြစ်စေ မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်လိမ့်မည် ဆိုသည့် အဓိပ္ပာယ်ကို ဆိုလိုခြင်းမဟုတ်ပါ။ ထိုသို့ လုံးဝ မဟုတ်ပါ။ ဘုရားသခင့် ပညတ်ကို ချိုးဖောက်သောအခါ ဒါဝိဒ် ကိုယ်တိုင်သည်ပင်လျှင် ဘုရားသခင့် ကျိန်ခြင်း အမင်္ဂလာအောက်သို့ ကျရောက်ခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင်ရေးသူက ရှင်းရှင်း ပြဆိုထားခဲ့သည်။ ထပ်၍ ဆိုရလျှင် နိုင်ငံတော် နှစ်ခြမ်းကွဲရခြင်းနှင့် ကျွန်ဘဝရောက်ရခြင်း ဒုက္ခများ သူတို့အပေါ် ကျရောက်လာရခြင်း အကြောင်းသည် ဒါဝိဒ်သားတို့၏ ကျရှုံးမှုများကြောင့် ဖြစ်ကြောင်း ကျွန်ုပ်တို့၏ စာရေးသူနှင့် သူ့မူလ ပရိသတ်တို့ သိထားခဲ့ကြသည်။ ထို့ကြောင့် ဘုရားသခင့် ပညတ်တော်များကို လိုက်နာခဲ့သည့် ဒါဝိဒ်၏ သားတစ်ဦး (ဝါ) ဖြောင့်မတ်ခြင်းတရားနှင့်အညီ အုပ်စိုးသော ဒါဝိဒ်၏ သားတစ်ဦးဦး ဣသရေလ၌ ရှိရမည် ဖြစ်ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက အခိုင်အမာ ပြောဆိုထားခဲ့သည်။ ၂ ဓမ္မ ၂၃း၃-၅ တွင် ဣသရေလတို့၏ မျှော်လင့်ချက်အကြောင်း ကျွန်ုပ်တို့၏ စာရေးသူ ဖွင့်ပြထားပုံကို နားထောင်ကြည့်ပါ။ “ဒါဝိဒ် မြွက်ဆိုသော နောက်ဆုံးသော စကားများ” ထဲ၌ ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ဣသရေလအမျိုး၏ ဘုရားသခင်၊ ဣသရေလ အမျိုး၏ ကျောက်သည် ငါ့အားဖြင့် မိန့်မြွက်တော်မူသည်ကား၊ လူတို့ကို အုပ်စိုးသောသူသည် တရားသဖြင့် စီရင်၍ ဘုရားသခင်ကို ကြောက်ရွံ့လျက် အုပ်စိုးရမည်။ မိုးမအုံ့ နေထွက်သော နံနက် အလင်း ကဲ့သို့၎င်း၊ မိုးရွာပြီးမှ နေပေါ်ထွန်းသဖြင့် မြေ၌ ပေါက်သော မြက်နုကဲ့သို့၎င်းဖြစ်ရလိမ့်မည်။ ငါ့အမျိုးအနွယ်သည် ဘုရားသခင့်ရှေ့တော်၌ မြဲမြံသည် မဟုတ်လော။ သေချာစွာ စီရင်၍ မပျက်နိုင်သော နိစ္စ ထာဝရ ပဋိညာဉ်ကို ငါနှင့် ဖွဲ့တော်မူပြီ (၂ ဓမ္မ ၂၃း၃-၅)။

ဤနေရာတွင် သူပြောမည့် အကြောင်းအရာ၏ သေချာရေရာပုံကို မိတ်ဆက်ရင်း ဒါဝိဒ် အစပြုခဲ့သည်။ အဆိုပါ စကားတို့သည် သူ့ အထင်အမြင်များ မဟုတ်ခဲ့ကြပါ။ အမှန်အားဖြင့် "ဣသရေလ၏ ဘုရားသခင်"၊ "ဣသရေလ၏ ကျောက်" မှ လာခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဘုရားသခင့် ကောင်းချီးများကို သူတို့ထံ ယူဆောင်လာမည့် ရှင်ဘုရင်တပါးအား ဣသရေလတို့ တောင့်တ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မျှော်လင့်သင့်ကြောင်း ဒါဝိဒ်က ဆက်လက်ကြေညာခဲ့သည်။ သူဖော်ပြသည့်အတိုင်း ထိုကဲ့သို့သော ရှင်ဘုရင်သည် ရှည်ကြာသော အမှောင်ည လွန်ပြီးနောက် ပေါ်လာသည့် "နံနက် အလင်း" ကဲ့သို့ ၎င်း၊ ကောင်းကင်ပြင်တွင် မိုးသားတိမ်တိုက်ကင်းချိန် "ပေါ်ထွန်းသော နေ" ကဲ့သို့၎င်း၊ မြက်နုကို ပေါက်စေသော "မိုး" ကဲ့သို့၎င်း ဖြစ်လာလိမ့်မည် ဖြစ်သည်။ ထိုသို့သော ရှင်ဘုရင်ကို ဘယ်မှာ ရှာတွေ့မည်နည်း။ ဒါဝိဒ် ဖြေဆိုသည်မှာ "*ငါ့အမျိုးအနွယ်* သည် ဘုရားသခင့်ရှေ့တော်၌ မြဲမြံသည် မဟုတ်လော။ သေချာစွာ စီရင်၍ မပျက်နိုင်သော နိစ္စ ထာဝရ ပဋိညာဉ်ကို ငါနှင့် ဖွဲ့တော်မူပြီ"။

ဒါဝိဒ်နှင့် နိစ္စ ထာဝရ ပဋိညာဉ်ကို ဘုရားသခင် ဖွဲ့တော်မူသောကြောင့် ဒါဝိဒ်မင်းမျိုးမပါဘဲ ဣသရေလအတွက် ဘုရားသခင့်ကောင်းချီးများ ဖြစ်ပေါ်လာနိုင်ခြေ မရှိပါ။ သို့သော် အဆိုပါ ကောင်းချီးမင်္ဂလာတို့သည် ဒါဝိဒ်မင်းမျိုး ကို ကိုယ်စားပြုရုံမျှလောက် ပုဂ္ဂိုလ်အားဖြင့် ရောက်လာလိမ့်မည် မဟုတ်။ ဣသရေလအား သူတို့၏ ဆင်းရဲထဲမှ ကယ်နှုတ်၍ ဘုရားသခင့် ကောင်းချီးမင်္ဂလာများထဲသို့ ခေါ်သွင်းနိုင်သည့် ဒါဝိဒ်မင်းမျိုး ရှင်ဘုရင်သည် တစ်မျိုးတည်းသာ ရှိခဲ့သည်။ ဒါဝိဒ် ဖော်ပြခဲ့သလိုပင် သူသည် "လူတို့ကို တရားသဖြင့် စီရင်၍ ဘုရားသခင်ကို ကြောက်ရွံ့လျက် အုပ်စိုးသောသူ ဖြစ်ရမည် ဖြစ်သည်။ ဖြောင့်မတ်သော ရှင်ဘုရင်ကသာလျှင် ဣသရေလအား ဘုရားသခင့် ကရုဏာတော်၏ အံ့ဖွယ်ရာများထဲသို့ တဖန် ဆောင်သွင်းနိုင်လိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင့် ကောင်းချီးမင်္ဂလာများ သွန်းလောင်းခံရရေးအတွက် ဣသရေလတို့ထားရှိသည့် တစ်ခုတည်းသော မျှော်လင့်ချက်မှာ ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော် အုပ်စိုးခြင်းသာလျှင် ဖြစ်ခဲ့သည်။

ဤနေရာအထိ ရှမွေလ ဓမ္မရာဇဝင် အကြောင်း မိတ်ဆက်ထဲက စာစောင်၏ နောက်ခံသမိုင်း၊ ပုံစံ ဒီဇိုင်းဆိုင်ရာ အရေးကြီးသော မျက်နှာစာတို့ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။ ယခု ရှမွေလ ဓမ္မရာဇဝင်ကို ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ဆိုသည့် ကျွန်ုပ်တို့ သင်ခန်းစာ ၏ တတိယမြောက် အဓိက ခေါင်းစဉ်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း

ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့် အတိုင်း နိုင်ငံတော် နှစ်ခြမ်းကွဲနေချိန်ဖြစ်စေ သို့မဟုတ် ဘာဗုလုန်ကျွန်ဘဝ ရောက်ချိန်မှာဖြစ်စေ ရှေးဣသရေလတို့ ဘုရားသခင့် ပြစ်ဒဏ်စီရင်ခြင်းအောက်၌ ဆင်းရဲခံနေကြရသည့် ကာလ တစ်ခု၌ ရှမွေလ ဓမ္မရာဇဝင်ဆရာက စာစောင်ကို ရေးခဲ့သည်။ အခြေခံအားဖြင့် ထိုသို့ ပုံစံဒီဇိုင်းချခဲ့သည့်အတွက် ဣသရေလ ခေါင်းဆောင်တို့သည်လည်း သူတို့၏ မျှော်လင့်ချက်များကို ဒါဝိဒ်၏ တော်ဝင် မိသားစုအပေါ် ထားရှိရေး သူတို့လူများအား ဦးဆောင်သွားလိမ့်မည် ဖြစ်သည်။ ဟုတ်ပါပြီ။ ကျွန်ုပ်တို့ စာရေးသူ၏ ရည်ရွယ်ချက်ကို သိမှတ်ခြင်းသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့စာအုပ်၏ ထူးခြားသော သွင်ပြင်လက္ခဏာများစွာကို ကျွန်ုပ်တို့အား နားလည်လွယ်စေပါသည်။ သို့သော် တခါတရံတွင် ရှမွေလ ဓမ္မရာဇဝင်၏ မူလအသားပေးချက်အပေါ် သမ္မာကျမ်းလေ့လာသူတို့က ဦးစွာ ပထမ အစပြုစူးစိုက်ကြသည့်အခါ သူတို့၏ ခရစ်ယာန် ယုံကြည်ခြင်းအတွက် လက်တွေ့ အသုံးပြုရန် အခက်အခဲ တွေ့ကြသည်။ ကျွန်ုပ်တို့ အသက်ရှင်နေသော ဘဝအခြေအနေသည် စာစောင်ကို ပထမဦးဆုံး လက်ခံရရှိသူများ၏ အခြေအနေနှင့် ကွဲလွဲနေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ ပဋိညာဉ်သစ်အားဖြင့် ဘုရားသခင်နှင့် ဆက်နွယ်လျက် ရှိကြသည်။ ထို့ပြင် ဘုရားသခင့်လူများသည်လည်း မြေကြီးပေါ်က လူမျိုးအသီးသီးကြား ပျံ့နှံ့ဖြန့်ကျက်နေကြသည်။ သို့ဖြစ်၍ ရှမွေလ ဓမ္မရာဇဝင်သည် ကျွန်ုပ်တို့နှင့် မည်သို့ ပတ်သက် စပ်ဆိုင်မှု ရှိပါသနည်း။ ဓမ္မသစ် ယုံကြည်သူများအနေဖြင့် ရှမွေလ ဓမ္မရာဇဝင်ကို ကျွန်ုပ်တို့ လက်တွေ့အသုံးပြုသည့်အခါ မည်သည့် လမ်းကြောင်းကို ကျွန်ုပ်တို့ လိုက်သင့်ကြပါသနည်း။

ရှမွေလ ဓမ္မရာဇဝင် ကို ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းနှင့် စပ်လျဉ်းသော အဆိုပါ မေးခွန်းများကို ဖြေဆိုရန် နည်းလမ်း များစွာ ရှိပါသည်။ သို့ရာတွင် စာစောင်၏ မူလ အဓိပ္ပာယ်နှင့် ကျွန်ုပ်တို့၏ ဓမ္မသစ်ယုံကြည်ခြင်းတို့ကို တွဲဖက်ချိတ်ဆက်ပေးသည့် သမ္မာကျမ်း သွန်သင်ချက် နှစ်ခုကို ဖော်ပြရန်သာ ကျွန်ုပ်တို့အတွက် အချိန်လုံလောက်ပါလိမ့်မည်။ ပထမအားဖြင့် ဘုရားသခင့် ပဋိညာဉ်များအကြောင်း သမ္မာကျမ်း အယူအဆကို ကျွန်ုပ်တို့ စဉ်းစားကြမည်ဖြစ်ပြီး ဒုတိယအားဖြင့် ဘုရားသခင့် နိုင်ငံတော် အယူအဆကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။

## ဘုရားသခင့် ပဋိညာဉ်များ

သမ္မာကျမ်း သမိုင်းကြောင်း၌ ဘုရားသခင် ထူထောင်ခဲ့နှင့်ပြီးသော အဓိက ပဋိညာဉ် ငါးပါးနှင့် ရှမွေလ ဓမ္မရာဇဝင်ရေးသူ အကျွမ်းတဝင် ရှိခဲ့ကြောင်း ဤသင်ခန်းစာ အစပိုင်းတွင် ကျွန်ုပ်တို့ ဖော်ပြခဲ့သည်။ ယင်းတို့သည် အာဒံနှင့် နောဧတို့၌ လူသားထုတရပ်လုံးနှင့် ဘုရားသခင် ဖွဲ့သော ပဋိညာဉ်များ၊ အာဗြဟံ၊ မောရှေနှင့် ဒါဝိဒ်တို့၌ ဣသရေလနှင့် ဘုရားသခင် ဖွဲ့သော ပဋိညာဉ်များ ဖြစ်ကြသည်။ နောက်ထပ် ပဋိညာဉ်တပါးအကြောင်း ဣသရေလ ပရောဖက်တို့ ကြိုတင်ဟောပြောခဲ့သည်ကိုလည်း စာရေးသူ သတိပြုမိခဲ့သည်။ ၎င်းသည် ဣသရေလတို့ ကျွန်ခံကာလပြီးသည့်နောက် သူ့လူများနှင့် ဘုရားသခင်ပြုမည့် အသစ်ပြုပြင်မှုဆိုင်ရာ ပဋိညာဉ် ဖြစ်သည်။ ဤပဋိညာဉ်အား "ပဋိညာဉ်တရားသစ်" အဖြစ် မကြာခဏ ကျွန်ုပ်တို့ ဖော်ပြကြသည်။ ဤအနာဂတ် ပဋိညာဉ်ကို နိုင်ငံတော် နှစ်ခြမ်းကွဲနေစဉ်ကာလ ဟောရှေ ၂း၁၈ ၌သာမက ဟေရှာ ၅၄း၁၀ နှင့် ယေဇကျေ ၃၄း၂၅၊ ၃၇း၂၆ တို့လို နောက်ပိုင်းကာလများတွင်ပါ ရှင်းလင်းပြတ်သားစွာ ဖော်ညွှန်းထားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ( ၁ဓမ္မ ၁-၇)

ယခု ရှမွေလ ဓမ္မရာဇဝင်၏ ပထမ အပိုင်းဖြစ်သော ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း မိတ်ဆက်နိဒါန်းတွင် "ပဋိညာဉ်" ဟူသော စကားရပ်ကို သုံးနှုန်းထားခြင်း မရှိပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ စာရေးသူသည် ဤအပိုင်းထဲတွင် သိနာတောင်၌ မောရှေနှင့် ဘုရားသခင် ပဋိညာဉ်ဖွဲ့ပုံအတိုင်း အဖြစ်အပျက် ရှိသမျှကို တင်ဆက်ထားခဲ့သည်။ အတိုချုပ်ဆိုရလျှင် မောရှေ၏ ပဋိညာဉ်သည် ကတိတော်နယ်မြေတွင် နေထိုင်သော တိုင်းပြည်အဖြစ် ဣသရေလသို့ ဘုရားသခင် ပြုတော်မူသော ကောင်းကျိုး စေတနာများ၏ လှုံ့ဆော်တိုက်တွန်းအားအပေါ် စူးစိုက်ထားခဲ့သည်။ မောရှေ၏ ပညတ်တရားနှင့် အညီ တိုင်းပြည်အတွက် လူ့ဖက်မှ သစ္စာစောင့်သိရန် လိုအပ်ချက်များကိုလည်း ၎င်းက တိကျစွာ ဖော်ပြထားခဲ့သည်။ ထို့ပြင် သူတို့၏ နာခံခြင်း၊ မနာခံခြင်းတို့အရ တိုင်းပြည်အပေါ် ကျရောက်လာမည့် ကောင်းချီးမင်္ဂလာများနှင့် ကျိန်ခြင်း အမင်္ဂလာများ၏ အကျိုးဆက်တို့အပေါ်တွင်လည်း ၎င်းက အာရုံစိုက်ခဲ့သည်။

နောက်ပိုင်း သင်ခန်းစာများအတွင်း ကျွန်ုပ်တို့ တွေ့ကြမည်ဖြစ်သလို ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းတွင် ဣသရေလ၏ ခေါင်းဆောင်သစ်အဖြစ် ရှမွေလအား ပေါ်ထွန်းစေရာ၌ ဘုရားသခင်ပြုတော်မူသော ကောင်းကျိုးစေတနာ အပေါ် ကျွန်ုပ်တို့ စာရေးသူက တိတိကျကျ စူးစိုက်ထားခဲ့သည်။ လူသားတို့ဖက်မှ သစ္စာစောင့်သိမှုအတွက် မောရှေ၏ ပညတ်စံနှုန်း အထူးသဖြင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ မောရှေပြဋ္ဌာန်းသည့် စည်းကမ်းဥပဒေများကို သူ အတည်ပြုခဲ့သည်။ ထို့ပြင် အဆိုပါ စံနှုန်းကို နာခံခြင်း၊ မနာခံခြင်းတို့အတွက် ကျိန်ခြင်းအမင်္ဂလာနှင့် ကောင်းချီးမင်္ဂလာတို့၏ အကျိုးဆက်များကိုလည်း တိကျရှင်းလင်းစွာ သူ ဖော်ပြထားခဲ့သည်။ မနာခံခြင်းကြောင့် ဧလိ၏ မိသားစုအပေါ် မည်သို့ ဘုရားသခင့် အကျိန်များ ကျရောက်လာခဲ့ကြောင်း၊ သူတို့၏ မနာခံခြင်းက ဣသရေလ တိုင်းပြည်အပေါ် မည်သို့ အမင်္ဂလာများ ဖြစ်စေခဲ့ကြောင်း သူ ရှင်းပြခဲ့သည်။ ထို့ပြင် မောရှေ၏ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ပညတ်ဥပဒေများကို လိုက်နာခြင်းကြောင့် ဟန္နနှင့် ရှမွေလတို့ ဘုရားသခင့်ကောင်းချီးများကို မည်သို့ ခံစားခဲ့ရကြောင်း၊ သူတို့၏ အသက်ရှင်မှုက ဣသရေလနိုင်ငံအတွက် မည်သို့ ကောင်းချီးဖြစ်စေကြောင်းတို့ကိုလည်း သူ ရှင်းလင်းစွာ ဖော်ပြထားခဲ့သည်။

## ရှောလု၏ ကျရှုံးသော ရှင်ဘုရင်အုပ်စိုးမှု (၁ ဓမ္မ ၈- ၂ ဓမ္မ ၁)

ထိုမှျမက သူ့စာစောင်၏ ဒုတိယအပိုင်း ဖြစ်သော ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုထဲတွင် မောရှေ၌ ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်ကို အကြောင်းပြု၍လည်း ကျွန်ုပ်တို့၏ စာရေးသူက တောင်းပန်ကြားလျှောက်ခဲ့သေးသည်။ နောက်ပိုင်း သင်ခန်းစာများထဲ ကျွန်ုပ်တို့ ပိုမို ဆွေးနွေးကြမည် ဖြစ်သည့်အတိုင်း စာစောင်၏ ယခုအပိုင်းထဲ၌ ဘုရားသခင်သည် သူတို့တောင်းသော ရှင်ဘုရင်တပါးကို ခွင့်ပြုသောအားဖြင့် ဣသရေလသို့ ကောင်းကျိုးစေတနာ ပြသခဲ့သည်။ ဝတ်ပြုကိုးကွယ်မှု အတွက် မောရှေ၏ စည်းမျဉ်းဥပဒေသများသာမက ဣသရေလနိုင်ငံတွင်း တော်ဝင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဏာကို အလွဲသုံးမှုကို ဆန့်ကျင်သည့် စည်းမျဉ်းဥပဒေသများကိုပါ ထည့်သွင်းရေးအတွက် လူ့ဖက်မှ သစ္စာစောင့်သိရန် လိုအပ်ချက်များအပေါ် သူစူးစိုက်မှုကို အကျယ်ချဲ့ခဲ့သည်။ ဤနေရာ၌ ရှောလု၏ ပြောင်ကျသော မနာခံမှုအတွက် သူ့အပေါ် ဘုရားသခင် ကျရောက်စေသော ကျိန်ခြင်း အမင်္ဂလာများအကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ဖွင့်ပြခဲ့ပြီး ရှောလု၏ အပြုအမူတို့က ဣသရေလအပေါ် မည်သို့ ကျိန်ခြင်းအမင်္ဂလာများ ကျရောက်စေခဲ့သည်ကို သူ သက်သေပြခဲ့သည်။ နှိမ့်ချစွာ နာခံမှုအတွက် ဒါဝိဒ်အပေါ် သက်ရောက်သည့် ဘုရားသခင့် ကောင်းချီးမင်္ဂလာများ အကြောင်းကို သူ မီးမောင်းထိုးပြပြီး ဒါဝိဒ်၏ အပြုအမူတို့သည် ဣသရေလအပေါ် မည်သို့ ကောင်းချီးမင်္ဂလာများ ရောက်စေခဲ့ကြောင်း သူ ဖော်ပြခဲ့သည်။

## ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု (၂ ဓမ္မ ၂-၂၄)

ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှု ဟူသော ရှမွေလ ဓမ္မရာဇဝင်၏ တတိယ အပိုင်းထဲတွင် ဒါဝိဒ်နှင့် ဘုရားသခင်ဖွဲ့သော ပဋိညာဉ်အပေါ် ကျွန်ုပ်တို့ စာရေးသူ မီးမောင်းထိုးပြခဲ့သည်။ ဤပဋိညာဉ်ထဲတွင် ဒါဝိဒ်နှင့် သူ့နန်းဆက်တို့၏ အသစ်သော အချက်အချာကျမှုကို ထင်ရှားပြသရန် မောရှေ၌ ဖွဲ့သော ပဋိညာဉ်၏ လှုပ်ရှားမောင်းနှင်အားကို ဘုရားသခင် ဦးတည်ချက် ပြောင်းပေးခဲ့သည်။ ကျွန်ုပ်တို့၏ နောက်သင်ခန်းစာအတွင်း ကျွန်ုပ်တို့ ပိုမိုရှင်းလင်းစွာ တွေ့ကြရမည် ဖြစ်သလို ဒါဝိဒ်မင်းမျိုးကို ဣသရေလ၏ ထာဝရ နန်းဆက်အဖြစ် ထူထောင်ခြင်းဖြင့် ကြီးစွာသော ကောင်းကျိုးစေတနာကို ဣသရေလသို့ ဘုရားသခင် ပြတော်မူခဲ့သည်ဆိုသည့်အချက်အပေါ် ကျွန်ုပ်တို့စာရေးသူက အာရုံစိုက်စေခဲ့သည်။ ဟုတ်ပါပြီ။ မောရှေပညတ်စံနှုန်းတို့သည် အထူးသဖြင့် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ရှင်ဘုရင် အုပ်စိုးမှုတို့အတွက် အကျုံးဝင် သက်ရောက်နေဆဲ ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ဝတ်ပြုကိုးကွယ်မှုအတွက် မောရှေ၏ ပြဋ္ဌာန်းချက်များနှင့် တော်ဝင် အာဏာကို အလွဲမသုံးရန် ကန့်သတ်ချက်များ၌ လူ့ဖက်မှ သစ္စာစောင့်သိရန် လိုအပ်ချက်အပေါ် ကျွန်ုပ်တို့၏ စာရေးသူက ဆက်လက် စူးစိုက်ခဲ့သည်။ သို့သော် ဒါဝိဒ်မင်းမျိုးအား ဣသရေလ၏ ထာဝရ တော်ဝင် မိသားစုအဖြစ် ဘုရားသခင် ထူထောင်ခြင်းသည် ကိုယ်တော်၏ ပဋိညာဉ် အကျိုးဆက်များကို ဘုရားသခင် မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်မည် ဆိုသည့်အပေါ် အကြီးအကျယ် သက်ရောက်မှု ရှိခဲ့သည်။ ထိုအချိန်မှ စ၍ ဒါဝိဒ်နှင့် သူ့မျိုးနွယ်သည် ဘုရားသခင့်ရှေ့တော်၌ ဣသရေလ မျိုးနွယ် တဆယ့်နှစ်မျိုးလုံးကို ကိုယ်စားပြုသူများ ဖြစ်ခဲ့သည်။ ထို့ပြင် အကျိုးရလာဒ်အားဖြင့် ဣသရေလ ခံယူရသည့် ကျိန်ခြင်းနှင့် ကောင်းချီးတို့သည်လည်း ဒါဝိဒ်မင်းမျိုးအပေါ် မနာခံခြင်းနှင့် နာခံခြင်းတို့အပေါ် အကြီးအကျယ် တည်မှီနေခဲ့သည်။

မောရှေနှင့် ဒါဝိဒ်တို့၌ ဘုရားသခင်ဖွဲ့တော်မူသော ပဋိညာဉ်တို့၏ လှုပ်ရှားမောင်းနှင်အား အပေါ် ကျွန်ုပ်တို့စာရေးသူ၏ အာရုံစိုက်မှုသည် ရှမွေလ ဓမ္မရာဇဝင်နှင့် ခရစ်ယာန် ယုံကြည်ခြင်းတို့အကြား အခြေခံကျသည့် ဆက်သွယ်မှုများကို ပေးသည်။ အခြားစာစဉ်များ၌ အဆိုပါ ဆက်သွယ်မှုများအကြောင်း ပိုအသေးစိတ်ကျစွာ ကျွန်ုပ်တို့ ရှင်းပြထားခဲ့ပြီး ဖြစ်သော်လည်း ယခု ၎င်းတို့ကို အကျဉ်းဖော်ပြခြင်းက အထောက်အကူ ရပါလိမ့်မည်။ ဓမ္မသစ် သွန်သင်ချက်အရ သမ္မာကျမ်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သမိုင်းကြောင်းအတွင်း ယေရှု ထမ်းဆောင်သော သီးသန့် အခန်းကဏ္ဍပေါ် စူးစိုက်ခြင်းဖြင့် ဘုရားသခင်၏ အစောပိုင်း ပဋိညာဉ် လှုပ်ရှားမောင်းနှင်အား၏ ဦးတည်ရာကို ပဋိညာဉ်တရားသစ်က ပြောင်းလဲပစ်ခဲ့သည်။ ဒါဝိဒ် ရာဇပလ္လင်၏ ဖြောင့်မတ်သော အဆုံးသတ် အမွေခံ အဖြစ် ယေရှုသည် ကြီးစွာသော ဒုက္ခဆင်းရဲကာလအတွင်းရှိ သူ၏ လူများသို့ ဘုရားသခင်၏ အကြီးမြတ်ဆုံး ကောင်းကျိုးကရုဏာ၏ ထင်ရှားဖော်ပြချက် ဖြစ်ခဲ့သည်။ ဆင်းရဲခံရာ သူ့ဘဝ တလျှောက်နှင့် ကားတိုင်ပေါ် အသေခံမှုတို့၌ လူသားဖက်မှ သစ္စာစောင့်သိရန် တောင်းဆိုချက် စံနှုန်း တစ်ခုချင်းစီတိုင်းကို ပြည့်မှီအောင် ယေရှု ဖြည့်ဆည်းခဲ့သည်။ ထို့ပြင် ယေရှုသည် သူ၏ ပြည့်ဝစုံလင်သော နာခံခြင်းအကြောင်းကြောင့် သူ၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်တက်ကြွခြင်းတို့၌ ဆုံးစမဲ့သော ကောင်းချီးများကို ခမည်းတော်ထံမှ ခံယူရရှိခဲ့သည်။

> ၂ ဓမ္မ ၇ ၌ အလွန်ပင် ထူးခြားအရေးပါပြီး ကြီးမြတ်ကာ အံ့ဖွယ်ကောင်းသော ကတိတစ်ခုကို ဒါဝိဒ်သို့ ဘုရားသခင် ပေးခဲ့သည်။ အကြောင်းမှာ နောက်ပိုင်း၌ ရွေးနှုတ်ခြင်း သမိုင်းကြောင်း ရှိသမျှကို ၎င်းက ပုံဖော်ခဲ့သောကြောင့် ဖြစ်သည်။ ဤကတိတော်သည် ဒါဝိဒ် မင်းမျိုးမှ ဆင်းသက်ပြီး သာ၍ ကြီးမြတ်သည့် ဗိမာန်တော် တနည်းအားဖြင့် ကျောက်ဖြင့် မလုပ်ဘဲ ဘုရားသခင့် လူတို့ဖြင့် ပြီးသော ဗိမာန်တော် တည်းဟူသော အသင်းတော်ကို တည်ဆောက်သည့် ယေရှု ခရစ်တော်အား ကြိုတင် မျှော်လင့်ထားခဲ့သည်။ ထို့ပြင် ဒါဝိဒ် မင်းမျိုးမှ ဆင်းသက်လာသော ဤ ယေရှု ခရစ်တော်သည်လည်း သေသောသူတို့အထဲမှ ထမြောက်တော်မူခဲ့ပြီး ဒါဝိဒ်၏ နိုင်ငံတော်အပေါ် အစဉ်အမြဲ စိုးစံလျက် ရှိနေသည်။ သို့ဖြစ်၍ ၂ ဓမ္မ ၇ ထဲက ကတိတော်သည် အဆုံးတိုင် နှံ့ပြား သက်ရောက်သည့် ကတိတော် ဖြစ်ပြီး ကျန်ရှိသမျှ ဓမ္မဟောင်းကိုသာမက ယေရှုခရစ်တော်အား ဒါဝိဒ်၏ အမြစ်အဖြစ် အရေးပါသည့် နေရာများတွင် တကြိမ်မက ဖော်ပြသည့် ဓမ္မသစ် အမြင်ကိုပါ ပုံဖော်ခဲ့သည်။
>
> **Rev. Dr. Emad A. Mikhail**

ထို့ကြောင့် ရှမွေလ၊ ရှောလု၊ ဒါဝိဒ် အစရှိသည့် ဣသရေလ ခေါင်းဆောင်တို့၏ အရေးပါသော ပဋိညာဉ်ဆိုင်ရာ အခန်းကဏ္ဍများအား ရှမွေလ ဓမ္မရာဇဝင်က အသိအမှတ်ပြု ထားသည့်နည်းတူ ကျွန်ုပ်တို့သည်လည်း ပဋိညာဉ် တရားသစ်၏ ပြည့်ဝစုံလင်သော အာမခံအဖြစ် ခရစ်တော်အား ဝန်ခံသိမှတ်ကြရမည် ဖြစ်သည်။ ရှမွေလ ဓမ္မရာဇဝင်သည် လူသားဖက်မှ သစ္စာစောင့်သိရန် ဘုရားသခင် တောင်းဆိုသည့်အပေါ် ဣသရေလ ခေါင်းဆောင်တို့၏ နာခံခြင်းသာမက နှင့် မနာခံခြင်း အတွက်ပါ ပုံသာဓက များစွာကို ပေးသည်။ သို့သော် ဒါဝိဒ်၏ ကြီးမြတ်သော သားတော်အနေဖြင့် ယေရှုသည် ရှမွေလ ဓမ္မရာဇဝင်ထဲက မနာခံခြင်း၏ သာဓက ရှိသမျှနှင့် လုံးလုံး ဆန့်ကျင်ခြားနားစွာ ရပ်တည်နေသည်။ ထပ်၍ ဆိုရပါလျှင် ယေရှု၏ တုနှိုင်းမမီသော ပြည့်ဝစုံလင်မှုသည် ရှမွေလ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မရာဇဝင်ထဲက နာခံခြင်း၏ သာဓက ရှိသမျှထက်လည်း မနိုင်းယှဉ်နိုင်အောင် ထူးမြတ်သာလွန်လျက် ရှိသည်။ ထိုအကြောင်းကြောင့်ပင် ကျွန်ုပ်တို့၏ မျှော်လင့်ချက် ရှိသမျှကို ယေရှု၌ ချထားဖို့ ဓမ္မသစ်က တောင်းဆိုခြင်း ဖြစ်သည်။ နောက်ဆုံးတရားစီရင်ချိန်တွင် စစ်မှန်သော ယုံကြည်သူတိုင်းအား ဘုရားသခင် သွန်းလောင်းမည့် ထာဝရ ကျိန်ခြင်း အမင်္ဂလာများထဲမှ ဧကန်အမှန် ယေရှု ကယ်နှုတ်ပါလိမ့်မည်။ ထို့ပြင် နောက်ဆုံး တရားစီရင်ချိန်တွင် စစ်မှန်သော ယုံကြည်သူတိုင်းသို့ ဘုရားသခင် ပေးကမ်းတော်မူမည့် ထာဝရ ကောင်းချီးများကိုလည်း ယေရှု ချပေးပါလိမ့်မည်။

ထပ်၍ ဆိုရလျှင် ရှမွေလ ဓမ္မရာဇဝင်သည် ရှေး ဣသရေလ တစ်ဦးချင်း၏ ဘဝအသက်တာများအတွင်း ဘုရားသခင့် ပဋိညာဉ်များ၏ လှုပ်ရှားမောင်းနှင်အားကိုလည်း ညွှန်ပြနေသည်။ အလားတူပုံစံဖြင့်ပင် ဓမ္မသစ်ကလည်း ပဋိညာဉ်သစ်၏ လှုပ်ရှားမောင်းနှင်အားသည် ခရစ်တော် နောက်လိုက်တို့၏ နေ့တဓူဝ ဘဝများ၌လည်း လက်တွေ့အသုံးကျကြောင်း ရှင်းပြသည်။ ဘုန်းတော်၌ ခရစ်တော် ပြန်ကြွမလာမီ ရှမွေလ ဓမ္မရာဇဝင်အတွင်း မိမိလူတို့ထံ ဘုရားသခင့် ကောင်းကျိုးစေတနာ ပြကွက်တိုင်းသည် အသင်းတော်သို့ ဘုရားသခင် ကောင်းကျိုး စေတနာပြပုံတို့ကို ကျွန်ုပ်တို့အား သတိပေးနေသည်။ ရှမွေလ ဓမ္မရာဇဝင်အတွင်း လူ့ဖက်မှ သစ္စာစောင့်ရန် တောင်းဆိုမှုတိုင်းသည် ခရစ်တော်၌ ကိုယ်တော် ပြုပေးခဲ့ပြီးသမျှအတွက် ဘုရားသခင့်အပေါ် ကျေးဇူးတုန့်ပြန်သောအားဖြင့် သစ္စာစောင့်မှု ပြသရန် ဓမ္မသစ်၏ တောင်းဆိုချက်ကို ကျွန်ုပ်တို့အား သတိပေးနေသည်။ ထို့ပြင် ဣသရေလအပေါ် ကျရောက်ခဲ့သည့် လောကီ ကောင်းချီးနှင့် ကျိန်ခြင်းများအကြောင်း ရှမွေလ ဓမ္မရာဇဝင်က အစီရင်ခံသည့် အခါတိုင်း ခရစ်တော်သည်လည်း ကိုယ်တော်၏ တုနှိုင်းမဲ့သော ဉာဏ်ပညာ၌ အသင်းတော်ကို ဆုံးမသွန်သင်ရန် လောကီဆင်းရဲဒုက္ခများကို သွန်းလောင်းလျက်၊ အသင်းတော်ကို ဆုလာဒ်ချီးမြှင့်သောအားဖြင့် လောကီ ကောင်းချီးများကို ချပေးလျက် ရှိနေကြောင်း ကျွန်ုပ်တို့ ဆင်ခြင် နှလုံးသွင်းနိုင်ကြသည်။ သို့ဖြစ်သောကြောင့် ရှမွေလ ဓမ္မရာဇဝင်ကို ဓမ္မသစ် သွန်သင်ချက်အမြင်အရ ကျွန်ုပ်တို့ လေ့လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ နေ့တဓူဝ အသက်တာတွင် လက်တွေ့အသုံးချစရာ အခွင့်အလမ်း အမြောက်အများ ရှိနေပါသည်။

ယေဘူယျအားဖြင့် ရှမွေလ ဓမ္မရာဇဝင်ကို ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုနိုင်ရခြင်း အကြောင်းသည် ဘုရားသခင်နှင့် ဖွဲ့တော်မူသော ပဋိညာဉ်များအပေါ် ၎င်းက အလေးအနက် ပြုထားသောကြောင့်ပင် ဖြစ်သည်။ သို့သော် အဆိုပါစာစောင်အား ကျွန်ုပ်တို့ဘဝ၌ လက်တွေ့အသုံးပြုရာတွင် ဘုရားသခင့် နိုင်ငံတော် ဟူသည့် သမ္မာကျမ်း အာဘော်ကလည်း မည်သို့ ထောက်ကူကြောင်း ကျွန်ုပ်တို့ လေ့လာကြရပါမည်။

## ဘုရားသခင်၏ နိုင်ငံတော်

ကျွန်ုပ်တို့ ဆိုခဲ့ပြီးသည့်အတိုင်း ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် လွှမ်းမိုးခြုံငုံနေသည့် ပန်းတိုင်တစ်ခုကို စဉ်းစားရင်း သူ့စာစောင်၏ မျက်နှာစာတိုင်းကို ပုံသွင်းခဲ့သည်။ ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာအုပ်စိုးမှုအားဖြင့် ဘုရားသခင့်နိုင်ငံတော် ဖြန့်ကျက်ရေးအတွက် မျှော်လင့်ချက်ထားရှိရန်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလကို တိုက်တွန်းခဲ့သည်။ ဝမ်းနည်းဖွယ်ပင် ခေတ်သစ် ခရစ်ယာန်များစွာက ဘုရားသခင့် နိုင်ငံတော် ဖြန့်ကျက်မှုသည် ခရစ်ယာန် ယုံကြည်ခြင်းတရား၌ အဘယ်မျှလောက် အရေးပါသည် ဆိုသည်ကို မျက်ခြည်ပြတ်နေကြသည်။ သို့ဖြစ်၍ ရှမွေလ ဓမ္မရာဇဝင်ထဲက ဤမျှ ထင်ရှားပေါ်လွင်နေသည့် အာဘော်ကို ကျွန်ုပ်တို့ ဘဝတွင် လက်တွေ့အသုံးပြုရန် အခက်တွေ့နေကြသည်။ သို့သော် အမှန်တွင်မူ ခရစ်တော်နှင့်တကွ သူ၏ ပထမရာစုနှစ် တမန်တော်များ၊ ပရောဖက်များသည် ဘုရားသခင့် နိုင်ငံတော်အတွက် မျှော်လင့်ချက်အား ဓမ္မသစ်ယုံကြည်ခြင်းက ဘယ်သောအခါမျှ လျှော့ပေါ့ခြင်း မရှိ ဆိုသည့်အချက်ကို လုံးလုံး ပြည့်စုံရှင်းလင်းစွာ ပြဆိုထားခဲ့ကြသည်။ ၎င်းနှင့် တခြားစီပင် သူ၏ မူလပရိသတ်ရှေ့၌ ရှမွေလ ဓမ္မရာဇဝင် ဆရာ တောင့်ခံထားသည့် မျှော်လင့်ချက်သည် ခရစ်တော်၏ နိုင်ငံတော်အားဖြင့် ပြည့်စုံခြင်းသို့ ရောက်ရှိသည် ဆိုသည့်အချက်မှာ ဓမ္မသစ်၌ အတော်ပင် ထင်ရှားပေါ်လွင်နေသည်။

မည်သို့ မည်ပုံ မှန်ကန်သည်ကို သိမြင်ရန် ရှမွေလ ဓမ္မရာဇဝင် အချိန်ကာလ နှင့် ဓမ္မသစ်ကာလ အကြား ဘာဖြစ်ခဲ့သည်ကို စဉ်းစားကြရပါမည်။ ရာဇဝင်ချုပ်စာစောင်များ၊ ဧဇရ၊ ဟဂ္ဂဲ နှင့် ဇာခရိ စာစောင်တို့က ၅၃၈ ဘီစီခန့်တွင် ဣသရေလ မျိုးနွယ်အားလုံး၏ ကိုယ်စားလှယ်များ ဘာဗုလုန်မှ ယေရုရှလင်သို့ ပြန်ရောက်လာခဲ့ကြောင်း ကျွန်ုပ်တို့အား ပြောပြသည်။ ဒါဝိဒ်၏ သားမြေး ဇေရုဗဗေလသည် ဘုရားသခင့်နိုင်ငံတော်ကို ပြန်တည်ဆောက်ရန်နှင့် ချဲ့ထွင်ရန် သူတို့အား ဦးဆောင်လိမ့်မည် ဆိုသည့် ကြီးမားသော မျှော်လင့်ချက်ဖြင့် သူတို့ ပြန်လာခဲ့ကြသည်။ သို့သော် အဆိုပါ အလားတူ စာစောင်များကပဲ ဖြောင့်မတ်စွာ အုပ်စိုးရန် ဇေရုဗဗေလ ပျက်ကွက်ခဲ့ကြောင်း ရှင်းရှင်း ပြဆိုကြသည်။ သူ၏ ဦးဆောင်မှုအောက်၌ ကနဦး အောင်မြင်ပြီးမြောက်မှု အချို့ရရှိခဲ့ပြီးနောက်ပိုင်း သူ့အကြောင်း ဘာကိုမျှ ကျွန်ုပ်တို့ မသိရတော့ပေ။ ဣသရေလတို့ ဘုရားသခင့် အထံတော်မှ ဆက်လက် လမ်းလွဲခဲ့ကြပြီးနောက် အကျိုးရလာဒ်အားဖြင့် သူတို့အပေါ် သာ၍ များသော အမင်္ဂလာတို့ကို ဘုရားသခင် သွန်းလောင်းခဲ့သည်။ ဘုရားသခင့်လူ အများစုသည် ကတိတော်နယ်မြေ ပြင်ပတွင်သာ ဆက်ရှိနေခဲ့ကြသည်။ ပြန်လာသူ အနည်းငယ်သည်လည်း တပါးအမျိုး တိုင်းနိုင်ငံတို့နှင့် ၎င်းတို့ ၏ မှားယွင်းသော ဘုရားများ လက်အောက်တွင် ဆင်းရဲခံခဲ့ကြရသည်။ ဘာဗုလုန်၊ မေဒိနှင့် ပေရသိ၊ ဟေလသနှင့် ရောမတို့က ဘုရားသခင့်လူတို့အပေါ် ရာစုနှစ် ငါးခုကျော် အုပ်စိုးခဲ့ကြသည်။ ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော် အဖြစ် ပေါ်လာသူ နတ္တိ၊ ဘုရားသခင့် နိုင်ငံတော်ပင်လျှင် မြေကြီးပေါ်မှ ပျောက်ကွယ်သွားလုဆဲဆဲ ဖြစ်ခဲ့သည်။

သို့တိုင်အောင် အဆိုပါ ရာစုနှစ်များ တလျှောက် ဆက်လက် ယုံကြည်နေသည့် ဣသရေလ အကြွင်းအကျန်များ အမြဲတစေ ရှိခဲ့သည်။ နောက်ပိုင်းကာလ၊ သမိုင်းကြောင်း၏ နောက်ဆုံးအဆင့် ရောက်လာသည့်အခါ ဘုရားသခင်သည် ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော် တပါးကို သူတို့ထံ စေလွှတ်မည့်အကြောင်း ပရောဖက်များအားဖြင့် ဘုရားသခင် ကတိပြုထားချက်ကို သူတို့ သိထားခဲ့သည်။ ဤ ဖြောင့်မတ်သော သားတော်သည် အပြစ်အတွက် ပူဇော်မှုကို အပြီးသတ် လုပ်ဆောင်မည် ဖြစ်ပြီး ဘုရားသခင်သည်လည်း သူ့ခမည်းတော် ဒါဝိဒ်၏ ထီးနန်းကို ဆက်ခံရန် သူ့ကို ပြန်ရှင်စေလိမ့်မည် ဖြစ်သည်။ ဒါဝိဒ်၏ ရာဇပလ္လင်မှနေ၍ ဘုရားသခင့် နိုင်ငံတော်ကို ကမ္ဘာအနှံ့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူဖြန့်ကျက်လိမ့်မည် ဖြစ်ပြီး ထာဝရ ကောင်းချီးနှင့် ထာဝရ ဒဏ်စီရင်ခြင်းတို့ကိုလည်း ယူဆောင်လာပေလိမ့်မည်။

ဟုတ်ပါသည်။ ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော်၏ သတင်းကောင်း ဖြစ်သော ဧဝံဂေလိတ္တ ကျမ်းများ ... ဤကတိတော်သည် ခရစ်ယာန် ဝမ်းမြောက်ဖွယ် သတင်း၏ နှလုံးသည်းပွတ်နေရာတွင် ရှိနေပါသည်။ နှစ်ပေါင်း ငါးရာကျော် စောင့်ဆိုင်းခဲ့ရပြီးနောက် ဒါဝိဒ်၏ စုံလင်ဖြောင့်မတ်သော သားတော် ယေရှု ဖွားမြင်ခြင်းကို ခံတော်မူခဲ့သည်။ သူသည် ဣသရေလ၏ ဖြောင့်မတ်သော ရှင်ဘုရင်ဖြစ်ပြီး မြေကြီးစွန်းတိုင်အောင် ဘုရားသခင့်နိုင်ငံတော်ကို ဖြန့်ကြက်သူ ဖြစ်သည်။

ခရစ်တော်၌ ဘုရားသခင့်နိုင်ငံတော် အကြောင်း အဓိကကျသည့် ဤသွန်သင်ချက်သည် အထူးသဖြင့် ဓမ္မသစ်ကျမ်းရေးသူတို့၏ စိတ်နှလုံးထဲ ပေါ်လွင် ထင်ရှားခဲ့သည်။ ရှမွေလ ဓမ္မရာဇဝင်က ဒါဝိဒ် မင်းမျိုး၌ ထားရှိခဲ့သော မျှော်လင့်ချက်တိုင်း၏ ပြည့်စုံရာအဖြစ် ယေရှုအား အဆိုပါ စာရေးသူတို့က ရှင်းလင်းစွာ ရှုမြင်ခဲ့ကြသည်။ ဉပမာအားဖြင့် ရှင်လုကာ ခရစ်ဝင်နှင့် တမန်တော် ဝထ္ထုကို ရေးသော လုကာသည် ရှမွေလ ဓမ္မရာဇဝင်မှ အဖြစ်အပျက်တို့ကို ခရစ်တော်က ပြည့်စုံစေခဲ့ကြောင်း အကြိမ် ကြိမ် ရှင်းလင်းစွာ ရည်ညွှန်းခဲ့သည်။ ရှမွေလ ဓမ္မရာဇဝင်၏ ပထမ အပိုင်း ဖြစ်သော ရှင်ဘုရင်စနစ် မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို သူအခြေခံ ရေးသားခဲ့သည့် အချိန်အခါ နှစ်ခု ရှိခဲ့သည်။ လုကာ ၁း၄၆-၅၅ တွင် ယေရှု၏ ဖွားတော်မူခြင်းကို ကြိုတင်မျှော်မှန်းပြီး ဘုရားသခင့် ကျေးဇူးတော်အား မာရိ ချီးမွမ်းသီချင်း ဆိုသည်ကို ကျွန်ုပ်တို့ ဖတ်ရသည်။ အောက်ပါ စကားလုံးများကို မာရိဆိုခဲ့ရာ အခန်းငယ် ၅၁-၅၃ကို နားထောင်ကြည့်ပါ။

> လက်ရုံးတော်အားဖြင့် တန်ခိုးတော်ကို ပြတော်မူပြီ။ မာနထောင်လွှားသောသူတို့ကို ကွဲလွင့်စေတော်မူပြီ။ ဘုရင်တို့ကို ရာဇပလ္လင် ပေါ်မှ ချ၍ နှိမ့်ချသောသူတို့ကို ချီးမြှောက်တော်မူပြီ။ငတ်မွတ်သောသူတို့ကို ကောင်းမွန်စွာကျွေး၍ ရတတ်သောသူတို့ကို လက်ချည်း လွှတ်လိုက်တော်မူပြီ (လုကာ ၁း၅၁-၅၃)။

အနက်ဖွင့်သူ အများစုက မာရိ ၏ ချီးမွမ်းသီချင်း ဤအပိုင်းနှင့် အခြား အပိုင်းများသည် ၁ ဓမ္မ ၂း၁-၁၀ တွင်တွေ့ရသည့် ရှမွေလ ဖွားမြင်ခြင်းအတွက် ဟန္န၏ ချီးမွမ်း သီချင်းနှင့် တူညီနေကြောင်း တွေ့ရသည်။ ဘုရားသခင်သည် သူ၏ ရန်သူတို့အပေါ် ကျိန်ခြင်းအမင်္ဂလာများ ကျရောက်စေခြင်း၊ သစ္စာစောင့်သောသူတို့ အပေါ်မှာ ကောင်းချီးများချပေးခြင်းဖြင့် ဘုရားသခင်သည် နေ့သစ်ကို မည်သို့ အစပြုခဲ့ပြီးဖြစ်သည်ဆိုသည့်အပေါ် ဟန္နက အောင်ပွဲခံခဲ့သည်။ ထို့ပြင် မာရိကလည်း သူမ၏ သား ယေရှု ဖွားမြင်လာခြင်းအားဖြင့် ဘုရားသခင်သည် အလားတူ လုပ်ဆောင်နေကြောင်း အောင်ပွဲခံခဲ့သည်။ အလားတူ ပုံစံအားဖြင့် ရှင်လုကာ ခရစ်ဝင်ကျမ်းသည်လည်း ယေရှု၏ သူငယ်တော် ဘဝကို ဖော်ပြရင်း ရှင်ဘုရင်စနစ် မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို ကိုးကားထားသည်။ ရှင်လုကာ ၂း၅၂ တွင် လုကာက ယေရှု၏ သူငယ်တော် ဘဝအကြောင်း ဤသို့ရေးထားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယေရှုသည်လည်း အစဉ်အတိုင်း ကြီး၍ ပညာတိုးပွားလျက် ဘုရားသခင့်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏ (လုကာ ၂း၅၂)။

ယခုတွင် အောက်ပါစကားများကို တွေ့ရှိရာ ၁ ဓမ္မ ၂း၂၆ ကို နားထောင်ကြည့်ကြပါစို့။

> သူငယ် ရှမွေလသည် ကြီးပွား၍ ထာဝရ ဘုရားရှေ့၊ လူတို့ရှေ့၌ မျက်နှာရလေ၏ (၁ ဓမ္မ ၂း၂၆)။

ဤ ကျမ်းချက်က ရှမွေလအား ဣသရေလ ခေါင်းဆောင်အဖြစ် ဘုရားသခင်ပေါ်ထွန်းစေခဲ့ပြီး ဧလိနှင့် သူ့သားများအပေါ် ကျိန်ခြင်းအမင်္ဂလာများ ကျရောက်စေသူအဖြစ် ဖော်ပြထားခဲ့သည်။ တဖန်များစွာ အလားတူပင် ရှင်လုကာကလည်း ယေရှုအား သူ့ခေတ်ကာလက လမ်းလွဲနေကြသည့် ဣသရေလ ခေါင်းဆောင်များနှင့် ဆန့်ကျင်ကွဲလွဲသည့် ဣသရေလ ခေါင်းဆောင်အဖြစ် ဘုရားသခင် ပေါ်ထွန်းစေသည့်အနေဖြင့် ဖော်ပြခဲ့သည်။

ရှင်လုကာသည်လည်း ယေရှုသည် ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော်ဖြစ်သည် ဆိုသည့် အပေါ် အာရုံစိုက်နိုင်စေရန်အတွက် ရှမွေလ ဓမ္မရာဇဝင်၏ ဒုတိယအပိုင်းဖြစ်သော ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုအပေါ် အခြေတည်ခဲ့သည်။ ယေရှုနောက်သို့ ဖာရိရှဲတို့ မည်သို့ ထပ်ချပ်လိုက်၍ ကိုယ်တော်နှင့် သူ့တပည့်တော်များအား ဥပုဒ်နေ့ လွှန်ကျူးခြင်း ပုဒ်မတပ် စွပ်စွဲခဲ့ကြကြောင်းကို ရှင်လုကာ က ရှင်လုကာ ၆း၁-၅ တွင် မှတ်တမ်းတင်ထားခဲ့သည်။ အခန်းငယ် ၃ တွင် ယေရှုက မိမိကိုယ်ကို ဒါဝိဒ်နှင့် နှိုင်းယှဉ်ပြီး ဒါဝိဒ်နှင့် သူ့လူများ ရှောလု၏ လိုက်လံခြင်းကို ခံရချိန် သန့်ရှင်းသော ရှေ့တော်မုန့်ကို စားခဲ့ကြောင်း ဖြင့် မိမိကိုယ်မိမိ ခုခံ ကာကွယ်ခဲ့သည်။ ဤဇာတ်လမ်းကို ၁ ဓမ္မ ၂၁း၁-၆ တွင် ကျွန်ုပ်တို့တွေ့ရသည်။ ကျွန်ုပ်တို့သိကြသည့်အတိုင်း ဘုရားသခင်သည် ဒါဝိဒ်အသက်ကို ရန်ရှာသော ရှောလုအပေါ် ကျိန်ခြင်းများ ကျရောက်စေခဲ့သော်လည်း အပြစ်ကင်းသော ဒါဝိဒ်ကိုမူ ကောင်းချီးပေးခဲ့သည်။ ထို့ကြောင့် ရှမွေလ ဓမ္မရာဇဝင်ကို ယေရှုကိုးကားခဲ့ကြောင်း မှတ်သားခြင်းဖြင့် ယေရှုသည် ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော်ဖြစ်ကြောင်း ရှင်လုကာ က ဖွင့်ပြခဲ့သည်။

အဆုံးသတ်အားဖြင့် ရှင်လုကာသည် ရှမွေလ ဓမ္မရာဇဝင်၏ နောက်ဆုံးအပိုင်း ဖြစ်သော ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင်အုပ်စိုးမှုကို အခြေခံပြီး တမန်တော် ၂း၁၄-၄၁ကို ရေးခဲ့သည်။ ဤနေရာတွင် ပင်တေကုတ္တေနေ့၌ ရှင်ပေတရုဟောသော ဒေသနာ အကြောင်း သူ့မှတ်တမ်းကို ပေးခဲ့သည်။ အခန်းငယ် ၃၀ နှင့် ၃၁ တို့တွင် အဘယ်ကြောင့် ဘုရားသခင်က ယေရှုကို သေသောသူတို့ အထဲမှ ထမြောက်စေခဲ့ကြောင်း ရှင်ပေတရုက ရှင်းပြရာ၌ ဤသို့ သူဆိုခဲ့သည်။

> ထိုသူသည် မိမိအမျိုးအနွယ်ထဲက လူ့ဇာတိအားဖြင့် ခရစ်တော်ကို ဘုရားသခင်ထမြောက်စေ၍ မိမိပလ္လင်ပေါ်မှာ တင်တော်မူမည် အကြောင်း မိဌာန်ကျိန်ဆိုတော်မူသည်ကို ပရောဖက် ဉာဏ်တော်အားဖြင့် သိ၍ ခရစ်တော်၏ ထမြောက်ခြင်းအကြောင်းကို ရည်မှတ်လျက် … အနာဂတံသ ဉာဏ်နှင့် ဟောလေ၏ (တမန် ၂း၃၀-၃၁)။

ဤနေရာ၌ ရှင်ပေတရု၏ စကားများသည် ၂ ဓမ္မ ၇း၁၂-၁၃ ပါ ဒါဝိဒ်နှင့် ဘုရားသခင်ဖွဲ့တော်မူသော ပဋိဉာဉ်ကို ရည်ညွှန်းခဲ့ပြီး ဘုရားသခင်သည်လည်း ဤကတိတော်ကို ပေးခဲ့သည်။

> သင်၏ ရင်သွေး၊ သင်မှ ဆင်းသက်သောသားကို ငါချီးမြှောက်၍ သူ၏ နိုင်ငံကို ငါတည်ထောင်မည်။ ထိုသားသည် ငါ၏ နာမအဖို့ အိမ်ကို ဆောက်လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲ ငါတည်စေမည် (၂ ဓမ္မ ၇း၁၂-၁၃)။

ရှင်လုကာ ညွှန်ပြသည့်အတိုင်း ကောင်းကင်ပလ္လင်သို့ ယေရှု တက်ကြွခြင်းက ယေရှုသည် ကမ္ဘာတခွင်လုံး၌ ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်ရန် ကြိုတင်ခွဲခန့်ထားသော ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော်ဖြစ်ကြောင်း သက်သေပြချက် ဖြစ်ခဲ့သည်။ အခြားသော ဓမ္မသစ် စာရေးသူများနည်းတူ ရှမွေလ ဓမ္မရာဇဝင်ကို ရှင်လုကာ ကိုးကားချက်မှန်သမျှသည် တစ်နေ့သောအခါ ဘုရားသခင့် နိုင်ငံတော် မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်မည့်အကြောင်း ဣသရေလ၏ မျှော်လင့်ချက်ကို ပြည့်စုံစေမည့် ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော်ဟူသည် ယေရှုပင် ဖြစ်သည် ဆိုသည့် အာဘော် အပေါ်တွင် အလေးပေးထားခဲ့သည်။

> ဒါဝိဒ်သည် ယုဒလူမျိုးနွယ်မှ ဆင်းသက်လာခဲ့သဖြင့် ပေါ်ထွန်းလာမည့် ကယ်တင်ရှင်သည် ဒါဝိဒ် အမျိုးအနွယ် ဖြစ်ရပါလိမ့်မည်။ ယာကုပ် အနိစ္စ မရောက်မီ "ရာဇလှံတံသည် ယုဒထံမှ မရွေ့ရ" ဟူသော ကောင်းချီးစကားပြောခဲ့ရာတွင် ယုဒ လူမျိုးနွယ်ကို တိတိကျကျ ဖော်ပြခဲ့သည်။ ယာကုပ်ပြောသော "ရာဇလှံတံ" သည် ရှင်ဘုရင်တို့၏ သင်္ကေတ ဖြစ်သည်။ ဤ ပရောဖက်ပြုချက်သည်လည်း ပြည့်စုံခြင်းသို့ ရောက်ရမည် ဖြစ်သည်။ ယုဒအမျိုးအနွယ်ထဲမှ ယေရှု ခရစ်တော် တပါးတည်းသာလျှင် ဘုရားသခင့် နှလုံးတော်နှင့် ညီညွတ်သော ရှင်ဘုရင် ဖြစ်သည်။ ယေရှု ဖွားမြင်ခြင်းကို ခံချိန်တွင် ကိုယ်တော်သည် ကတိတော်၊ သစ္စာစောင့်သိမှု၊ ကျေးဇူးတော်နှင့် ဘုရားသခင့် ကယ်တင်ခြင်း အားလုံးတို့ကို အတူတကွ ပြီးပြည့်စုံစေခဲ့သည်။ ဘုရားသခင်သည် ဓမ္မဟောင်းကျမ်းတွင် ကိုယ်တော် ကတိ ထားတော်မူခဲ့သည့်အတိုင်း ပညတ်အားဖြင့် လူသားတို့ ရယူရန် မတတ်နိုင်သည့်၊ လူသားထုကို ကယ်တင်ရန် သူ၏ အလိုတော်ကို ခရစ်တော်အားဖြင့် ကျေးဇူးတော်၌ ပြီးပြည့်စုံစေသည်။

**— Rev. Dr. Stephen Tong, translation**

သို့တစေ အခြားသော စာစဉ်များထဲ ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသလို ရှင်လုကာနှင့် အခြား ဓမ္မသစ်စာရေးသူ အားလုံးတို့သည်လည်း ဤမျှော်လင့်ချက်အား ယေရှုက ရုတ်ခြည်း သို့မဟုတ်

တကြိမ်တည်းနှင့် အလုံးစုံ ပြည့်စုံအောင် မလုပ်ခဲ့ကြောင်း ရှင်းရှင်း ပြဆိုထားကြသည်။ ထိုအစား ယေရှုသည် ဘုရားသခင့်နိုင်ငံတော်ကို အဆင့်သုံးဆင့် ဖြင့် မြေကြီးပေါ်သို့ ဆောင်ယူလာမည် ဖြစ်ကြောင်း ဓမ္မသစ်စာရေးသူတို့က ရှင်းပြခဲ့ကြသည်။

သူ၏ ပထမ ကြွလာခြင်းဖြင့် သူ၏ နိုင်ငံတော် အစပြုသည့် အတောအတွင်း ရှမွေလ ဓမ္မရာဇဝင် က ပေးနေသည့် မျှော်လင့်ချက်များကို သူ စတင်ဖြည့်ဆည်းခဲ့သည်။ အသင်းတော် သမိုင်းတလျှောက် သူ၏ နိုင်ငံတော်ကို ဆက်လက် ဖြစ်ပေါ်နေစေသည့် အတောအတွင်း သူ၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်းကို ဆက်လက် ဖြန့်ကျက်နေသည်။ နိုင်ငံတော်ပြည့်စုံထင်ရှားသည့်ကာလ ဘုန်းတော်၌ သူ ပြန်ကြွလာသည့်အခါ ဘုရားသခင် နိုင်ငံတော်ကို ၎င်း၏ ပြည့်ဝစုံလင်မှု၌ ဆောင်ကြဉ်းလာပေလိမ့်မည်။ အဆိုပါ ဒါဝိဒ်၏ သားတော် ခရစ်တော်၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်းအပေါ် သုံးထပ်ကွမ်း ရှုမြင်ချက်သည် ခရစ်ယာန် ယုံကြည်ခြင်းတရားအတွက် အလွန်ပင် အရေးပါရကား ရှမွေလ ဓမ္မရာဇဝင်ကို ခရစ်တော်၏ နိုင်ငံတော် အဆင့် သုံးဆင့် စလုံး၏ အမြင်အရ ကျွန်ုပ်တို့ အမြဲတစေ လက်တွေ့ အသုံးချကြရပါမည်။

## နိုင်ငံတော်စတင်ခြင်း

ပထမအားဖြင့် ခရစ်တော်၏ နောက်လိုက်များအနေဖြင့် ခရစ်တော်၏ နိုင်ငံတော် အစပြုခြင်းကို နောက်ပြန်လှည့်ကြည့်ခြင်းဖြင့် ရှမွေလ ဓမ္မရာဇဝင် စာစောင်ကို ကျွန်ုပ်တို့ ဘဝတွင် လက်တွေ့ အသုံးပြုပါသည်။ ကိုယ်တော်၏ လောကအမှုတော်အတွင်း လူသားများဖက်မှ သစ္စာစောင့်သိရန် လိုအပ်ချက် ရှိသမျှကို ယေရှုစောင့်ထိန်းပေးခဲ့ပြီး ကိုယ်တော်ကို ယုံကြည်သူအားလုံးအတွက် ထာဝရ ကယ်တင်ခြင်းကို လုံခြုံစေခဲ့သည်။ ယေရှု၏ နာခံခြင်းရလာဒ်ကြောင့် ဘုရားသခင့် ဝိညာဉ်တော်သည် ကိုယ်တော်ကို သေသောသူတို့အထဲမှ ပြန်ရှင်စေခဲ့ပြီး ကိုယ်တော်သည်လည်း သူ၏ ကောင်းကင် ရာဇပလ္လင်သို့ တက်ကြွသွားခဲ့သည်။

နိုင်ငံတော် အစပြုခြင်း၌ ယေရှုသည် စာတန်၏ တန်ခိုးကို ဖျက်ဆီးစပြုခဲ့ပြီး ကမ္ဘာတလွှား လူတို့အား စာတန်၏ ထိန်းချုပ်မှုထဲမှ လွတ်မြောက်ရေးလမ်းကို ဖွင့်ပေးခဲ့သည်။ ထို့ပြင် နောင်လာမည့် ကပ်ကမ္ဘာ၏ ကောင်းချီးများ၏ စရံအဖြစ် သူ၏ အသင်းတော်အပေါ် သူ၏ ဝိညာဉ်တော်ကို ကောင်းကင် ရာဇပလ္လင်မှ နေ၍ ယေရှု သွန်းလောင်းခဲ့သည်။ ထို့ကြောင့် ဘုရားသခင့်နိုင်ငံတော်အတွက် သူတို့ထားရှိသော မျှော်လင့်ချက်တို့ကို အသစ်ပြန် အသက်သွင်းရန် ဣသရေလတို့အား ရှမွေလ ဓမ္မရာဇဝင်စာစောင်က တောင်းဆိုသည်ကို ကျွန်ုပ်တို့ ဖတ်ရသည့်အခါတိုင်း သူ၏ နိုင်ငံတော်ကို ခရစ်တော် အစပြုရာတွင် ဒါဝိဒ်၏ ကြီးမြတ်သော သားတော်အဖြစ် လုပ်ဆောင်ပြီးစီးခဲ့သမျှတို့၌ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို ချထားကြရမည် ဖြစ်သည်။

## ဆက်လက်လုပ်ဆောင်ခြင်း

ဒုတိယအားဖြင့် အသင်းတော် သမိုင်းတလျှောက် ခရစ်တော်၏ နိုင်ငံတော် ဆက်လက် ဖြစ်ပေါ်မှု၌ ရှမွေလ၏ ဓမ္မရာဇဝင်စာစောင်ကို လက်တွေ့ အသုံးပြုရန်အတွက်လည်း ကျွန်ုပ်တို့

အဆင်သင့် ရှိကြရပါမည်။ ယေရှုသည် ကောင်းကင်ရှိ သူ၏ ရာဇပလ္လင်ထက်မှ နေ၍ ကိုယ်တော်၏ ဖြောင့်မတ်သောအုပ်စိုးမှုကို နှစ်ပေါင်း ၂၀၀၀ ကျော်တိုင်အောင် နေ့စဉ်နှင့်အမျှ ဖြန့်ကျက်ခဲ့ပြီး ဖြစ်သည်။ အချိန်နှင့်အမျှ ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာအုပ်စိုးမှု၌ ရှမွေလ ဓမ္မရာဇဝင် ရေးသူ ထားရှိခဲ့သည့် မျှော်လင့်ချက်များအား ကိုယ်တော်သည် တိုး၍ တိုး၍ ပြီးပြည့်စုံစေခဲ့ပြီး ဖြစ်သည်။ သတင်းကောင်း ဟောပြောခြင်းအားဖြင့် ခရစ်တော်သည် ဘုရားသခင့် ရန်သူတို့အပေါ် ဆက်လက် အနိုင်ယူလျက် ရှိသည်။ ကမ္ဘာတလွှားရှိ ယောက်ျား၊ မိန်းမ၊ ကလေးသူငယ် အမြောက်အများကို မှောင်မိုက်နိုင်ငံတော်၏ ချုပ်ကိုင်မှုထဲမှ ကိုယ်တော် ကယ်တင်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အသင်းတော် သမိုင်းတလျှောက် ကိုယ်တော်သည် အလားတူ ဆက်လက်လုပ်ဆောင်မည်ကို ကျွန်ုပ်တို့ စိတ်ချသေချာနိုင်ကြသည်။

ရှမွေလ ဓမ္မရာဇဝင်ဆရာသည် စိတ်ဓာတ်ကျဖွယ် အခက်အခဲများကို သူတို့ကြုံရသည့်အခါ ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးမှု၌ မျှော်လင့်ချက်ထားရှိရန် သူ့မူလ ပရိသတ်အား တောင်းဆိုခဲ့သည်။ အလားတူစွာပင် ကိုယ်တော်၏ နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်နေစဉ်အတွင်း ရှင်ဘုရင်ကဲ့သို့သော ခရစ်တော်၏ အောင်မြင်မှု ဆီသို့ ကျွန်ုပ်တို့၏ စိတ်နှလုံးတို့ကို ညွှတ်သင့်ကြသည်။

## ပြီးပြည့်စုံခြင်း

အဆုံးသတ်အားဖြင့် ဘုန်းတော်၌ ကိုယ်တော် ပြန်ကြွလာချိန် ခရစ်တော်၏ နိုင်ငံတော် အဆုံးသတ်ပြီးပြည့်စုံမှုဆီသို့ ကျွန်ုပ်တို့၏ စိတ်နှလုံးတို့ကို ညွှတ်ခြင်းဖြင့် ရှမွေလ ဓမ္မရာဇဝင်ကို လက်တွေ့အသုံးချရန်အတွက်လည်း ဓမ္မသစ်က ကျွန်ုပ်တို့အား သွန်သင်သည်။ ကျွန်ုပ်တို့သည် အတိတ်ကို ပြန်လှည့်ကြည့်ပြီး ပစ္စုပ္ပန်ကို တည့်တည့် ရှုကြရန်သာမက ခရစ်တော်၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်း ပြီးပြည့်စုံမှုသို့ရောက်ရှိရာ အနာဂတ်သို့လည်း မျှော်ကြည့်ကြရသည်။ ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာသည့်အခါ ဘုရားသခင့် ရန်မာန်အားလုံးသည် ကိုယ်တော်၏ ထာဝရ ကျိန်ခြင်းအမင်္ဂလာများ အောက်သို့ ကျရောက်ကြလိမ့်မည် ဖြစ်ပြီး ကိုယ်တော်၏ ရွေးနှုတ်ခံ လူတို့မူကား ဖန်ဆင်းခြင်းသစ်အတွင်း ဘုရားသခင့်ကောင်းချီးများ၏ ပြည့်ဝစုံလင်မှု၌ ရှင်သန်ကြပါလိမ့်မည်။

ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးမှုအားဖြင့် မြေကမ္ဘာ အသစ်ပြုပြင်မှုဆိုင်ရာ သူတို့၏ မျှော်လင့်ချက်များ ပြန်လည် တည်မြဲစေရေးအတွက် ဣသရေလတို့အား တနည်း မဟုတ် တနည်း တောင်းဆိုတိုက်တွန်းရန် ရှမွေလ ဓမ္မရာဇဝင်၏ အစိတ်အပိုင်း ရှိသမျှကို ပုံစံဒီဇိုင်းချခဲ့သည်။ ထိုအကြောင်းကြောင့်ပင် ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာသည့်အခါ ဖန်ဆင်းခြင်းရှိသမျှအပေါ် ကိုယ်တော် ထူထောင်မည့် ဖြောင့်မတ်စွာ အုပ်စိုးမှု၌ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို အသစ်ပြုပြင်ရန် ရှမွေလ ဓမ္မရာဇဝင်၏ အပိုင်းကဏ္ဍတိုင်းက ကျွန်ုပ်တို့အား တိုက်တွန်းအားပေးလျက် ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤ ရှမွေလ ဓမ္မရာဇဝင် မိတ်ဆက်ထဲတွင် စာရေးသူ၊ ရေးချိန်၊ ရေးသားစဉ် အခြေအနေများ စသည့် နောက်ခံသမိုင်း အချက်အလက်များကို ကျွန်ုပ်တို့ လေ့လာသင်ယူခဲ့ကြပြီး ဖြစ်သသည်။ ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်စွာ အုပ်စိုးခြင်း၌ သူတို့၏ မျှော်လင့်ချက်များကို အသစ်ပြုပြင်ရေး ဣသရေလလူတို့ကို တိုက်တွန်းအားပေးရန် ရှမွေလ ဓမ္မရာဇဝင်ကို မည်သို့ ပုံစံဒီဇိုင်း ချထားခဲ့သည် ဆိုသည်ကိုလည်း ကျွန်ုပ်တို့ မှတ်သားခဲ့ကြပြီး ဖြစ်ပါသည်။ ထို့နောက် အဆုံးသတ်အားဖြင့် ဘုရားသခင်နှင့် ဖွဲ့ထားသည့် ပဋိညာဉ်များ နှင့် ဘုရားသခင့် နိုင်ငံတော်တို့အပေါ် ကျွန်ုပ်တို့ စာစောင်၏ အလေးပေးမှုတို့ကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့ အသုံးပြုချက်သည် ကောင်းကင်ဘုံတွင် ဖြစ်နေသည့်အတိုင်း ဘုရားသခင့်နိုင်ငံတော်ကို မြေကြီးပေါ်သို့ ဆောင်ကြဉ်းပေးမည့် ပဋိညာဉ်တရားသစ်၏ ပြည့်ဝစုံလင်သော အာမခံအဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို မည်သို့ ခိုင်မာစေသင့်ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။

ဘုရားသခင်သည် ပထမအားဖြင့် ဣသရေလလူအများ မျှော်လင့်ချက် ပျောက်ဆုံးနေချိန်တွင် ရှမွေလ ဓမ္မရာဇဝင်ကို ပေးခဲ့သည်။ ကျွန်ုပ်တို့၏ ဘဝ အခက်အခဲများသည်လည်း ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို မကြာခဏ ပျောက်ဆုံးစေသည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် စာရေးသူက သူတို့ကို လမ်းလွဲစေမည့် ဝန်ထုပ်ဝန်ပိုး မှန်သမျှကို စွန့်ပစ်ပြီး ဘုရားသခင့် နိုင်ငံတော်သည် ၎င်း၏ အန္တိမ ပန်းတိုင်သို့ ရောက်ရှိမည် ဆိုသည့်အပေါ် စိတ်ချမှု ရရှိရန် ဣသရေလတို့ကို အားပေးခဲ့သည်။ ရှမွေလ ဓမ္မရာဇဝင်ဆရာသည် ဤလမ်းညွှန်ချက်အတိုင်း ဣသရေလတို့ကို မည်သို့ ဦးဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့ လေ့လာမိသည်နှင့် အမျှ ကျွန်ုပ်တို့၏ ဘဝများတွင်လည်း ဝန်ထုပ်ဝန်ပိုး မှန်သမျှကို ပစ်ချထားခဲ့ရန် အခွင့်အရေးများစွာကို ရှာတွေ့ကြပါလိမ့်မည်။ ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော် ယေရှုသည် ကြွလာခဲ့ပြီး ဖြစ်သည်။ ဘုရားသခင်သည်လည်း ကိုယ်တော်အား သူ၏ ရာဇပလ္လင်ထက် နေရာပေးပြီး ဖြစ်ပါသည်။ နေ့ရက်အစဉ်အတိုင်း ယေရှုသည် ဘုရားသခင့် အုပ်စိုးမှုကို ပို၍ ပို၍ တိုးချဲ့လျက် ရှိပါသည်။ ဘုရားသခင့်နိုင်ငံတော် ကျရှုံးလိမ့်မည် မဟုတ်ကြောင်း ရှမွေလ၊ ရှောလုနှင့် ဒါဝိဒ်တို့၏ အသက်တာများ၌ ဘုရားသခင် ပြုတော်မူခဲ့သမျှအားဖြင့် ရှမွေလ ဓမ္မရာဇဝင်က ကျွန်ုပ်တို့ကို အာမခံချက် ပေးထားပါသည်။ မြေကြီးစွန်းတိုင်အောင် တရားစီရင်ရန် ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာမည် ဖြစ်ပါသည်။ ကိုယ်တော်ကို ယုံကြည်ထားပြီးသူ အားလုံးတို့မူကား ရောက်ရှိလာမည့် ဘုရားသခင့် နိုင်ငံတော်၏ အံ့ဖွယ်ရာများ၌ ကိုယ်တော်နှင့်အတူ စိုးစံကြပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။